# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၃၈)


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**

# ခေါင်လန်ဖူးမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီ ရာသီမရွေး သွားလာနိုင်သော လမ်းနှင့် တံတားများအဖြစ် ပြုပြင်တည်ဆောက်ပေးမည်



နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ လမ်း၊ တံတားဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **ခေါင်လန်ဖူးမြို့ အတွင်းရှိ ပြည်သူလူထု အမှန်တကယ်လိုအပ်သော လမ်းနှင့်တံတားများ ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ပြည်သူလူထု အမှန်တကယ်လိုအပ်သော လမ်းနှင့် တံတားများအနက် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) တွင် ပါဝင်သော လမ်းနှင့်တံတားများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီ ရာသီမရွေးသွားလာနိုင်သောလမ်းနှင့် တံတားများအဖြစ် ပြုပြင်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး၏ **မြစ်ကြီးနား-နမ္မတီး-တနိုင်း-ရှင်ဗွေယန်-တဒက်ခ-ပန်းဆောင်လမ်းကို ကတ္တရာလမ်းခင်းနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်**

*စာမျက်နှာ ၆ ကော်လံ ၁* ❄

## မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆို မူဝါဒချမှတ်ရေးလုပ်ငန်းစဉ်တွင် တစ်ဖက်သတ်ဆန်သော မီဒီယာများနှင့် လှုပ်ရှားသူများ၏ ဓားစာခံမဖြစ်သင့်

### မြန်မာအစိုးရ၏ ရခိုင်ပြည်နယ်အရေးကိစ္စ ကြိုးပမ်းဆောင်ရွက်မှုများကို လုံခြုံရေးကောင်စီ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်က ရှင်းလင်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်သည့် ရှင်းလင်းပြောကြားပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၁၃ ရက်တွင် နယူးယောက်မြို့ရှိ ယင်း၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**


**အဆိုပါရှင်းလင်းပွဲ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး၊ မောင်တောဒေသတွင် နေရပ်မှစွန့်ခွာခဲ့သူများအား ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ထားရှိမှုများနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့သည်။**

**အမြဲတမ်းကိုယ်စားလှယ်၏ မိန့်ခွန်းပါ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

- မြန်မာနိုင်ငံအနေဖြင့် လက်ရှိကြုံတွေ့နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာများကို လျော့ပါးစေရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ရေရှည်တည်တံ့သည့် အဖြေရရှိရေး ရည်မှန်းချက်သို့ ရောက်ရှိရန် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊
- မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အနေဖြင့် နေရပ်စွန့်ခွာသူများ နေရပ်သို့ ပြန်နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် တိုးတက်မှုများ သိသာထင်ရှားစွာရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် UNHCR ၏ ပံ့ပိုးဆောင်ရွက်မှုအား လိုအပ်လာသည့်အချိန်တွင် ရယူသွားမည်ဖြစ်ကြောင်း၊
- မြန်မာဘက်အနေဖြင့် ပြန်လည်ဝင်ရောက်မည့် စိစစ်အတည်ပြုပြီးသူများအတွက် ပြန်လည်နေရာချထားရေးအစီအစဉ်၊ အသက်မွေးဝမ်းကျောင်းမှု အကူအညီပံ့ပိုးပေးခြင်း၊ အခြေခံဝန်ဆောင်မှုများရရှိနိုင်မှုနှင့် လုံခြုံရေးအတွက် အစီအမံတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ပေးခဲ့ပြီးဖြစ်ကြောင်း၊
- မြန်မာဘက်အနေဖြင့် ပထမအသုတ် နေရပ်ပြန်လာသူများအား လက်ခံရန် အဆင်သင့် ဖြစ်နေပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ နေရပ်စွန့်ခွာသူများ ဆန္ဒအလျောက်၊ ဘေးကင်းသိက္ခာရှိစွာ ပြန်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်ဘက်နှင့် နီးကပ်စွာ ညှိနှိုင်းပူးပေါင်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- မကြာသေးမီကာလများတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့အပါအဝင် သံတမန်အဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ပြန်လည်လက်ခံရေး ဆောင်ရွက်နေမှုများနှင့် မြေပြင်အခြေအနေကို လေ့လာနိုင်ရန် မောင်တောဒေသသို့ သွားရောက်ခွင့်ပြုခဲ့ကြောင်း၊ အစိုးရအနေဖြင့်လည်း ယခုဖေဖော်ဝါရီလအတွင်းမှာ မြန်မာနိုင်ငံအခြေစိုက် သံတမန်အဖွဲ့နှင့် ကုလသမဂ္ဂအေဂျင်စီများကို အဖွဲ့သုံးဖွဲ့ခွဲလျက် ရခိုင်ပြည်နယ်သို့ နေ့ချင်းပြန် ခရီးစဉ်များ စီစဉ်ပေးခဲ့ကြောင်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## “သတင်းအချက်အလက်များအပေါ် အသေအချာ ဆန်းစစ်ပြီးမှသာ အရေးကြီးသော စီရင်ဆုံးဖြတ်မှုနှင့် မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများကို ဆောင်ရွက်သင့်”

မြန်မာ့အလင်း

# ယမ်းငွေ့ပြယ်၍ မြက်ခင်းစိမ်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်ဆီသို့

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး၏ အုတ်မြစ်ကို ချမှတ်နိုင်ရေးအတွက် စိတ်ပိုင်းဖြတ်မှုဖြင့် ရဲရဲကြီးတက်လှမ်းလိုက်သော မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ကို ဂုဏ်ပြုကြိုဆိုလိုက်သည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းသည် နိုင်ငံရေးအင်အားစုတိုင်း အလေးအနက်နှလုံးသွင်း ဆင်ခြင်စရာ နိုင်ငံရေးသဘောထားတို့ပြည့်လျှံနေသည်ဟု ဆိုချင်ပါသည်။ မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခြင်းဖြင့် ဤသို့သော ပိုင်းဖြတ်ရဲရင့်သည့်ခြေလှမ်းကို လှမ်းလိုက်ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) သည် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အစ၊ နိုင်ငံရေးဆွေးနွေးပွဲတို့၏အစ၊ လက်နက်ကိုင်ပဋိပက္ခလျှော့ချခြင်း၏အစ၊ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံရေးပြဿနာများအား ညှိနှိုင်းအဖြေရှာမည့် နိုင်ငံရေးဖြစ်စဉ်၏အစ ဖြစ်သည်တို့ကို ထောက်ပြခဲ့ပါသည်။ ဤသို့သော အစဖြစ်ရပ်တို့၏ သမိုင်းအရ လေးနက်မှုကို ပေါ်လွင်စေရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ညီလာခံသည် သမိုင်းစဉ်တစ်လျှောက် ပထမဦးဆုံးစတင်ခဲ့သော နိုင်ငံရေးဆွေးနွေးပွဲဖြစ်သကဲ့သို့ မည်ကဲ့သို့ဆွေးနွေးရမည်ဆိုသော မူဘောင်များ စနစ်တကျရေးဆွဲပြီးမှ နိုင်ငံရေးသဘောတူညီချက်များ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်သော နိုင်ငံရေးအခင်းအကျင်းသစ်ဟု ဖွင့်ဆိုရှင်းလင်းခဲ့ပါသည်။ ဤနိုင်ငံရေး အခင်းအကျင်းသစ်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခင်အစိုးရ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကို ကျေးဇူးတင် စကားမိန့်ကြားခဲ့ခြင်းသည် မင်္ဂလာတရားနှင့်ညီသောစကားကို ဆိုလိုက်ခြင်း ဖြစ်ပါသည်။

စက္ကန့်နှင့်အမျှ ပြောင်းလဲနေသော ကမ္ဘာကြီး၌ မတူကွဲပြားမှုများကို ပေါင်းစည်း၍ အင်အားအဖြစ်ပြောင်းလဲနိုင်မှသာ အနာဂတ်မျိုးဆက်သစ်တို့အတွက် ကမ္ဘာက လေးစားရသည့် စည်းလုံးညီညွတ်ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်ကို အမွေအဖြစ် ထားရစ်နိုင်မည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြောကြားချက်သည် နိုင်ငံရေးအင်အားစုအားလုံးက အလေးအနက် နှလုံးသွင်းရမည့် အခြေခံနိုင်ငံရေးသဘောထား ဖြစ်ပါသည်။ “ကျွန်မတို့လက်ထက်မှာလည်း စစ်မီးမငြိမ်း၊ မြက်ခင်းမစိမ်းနိုင်သေးဘဲ ယမ်းငွေ့တွေဝေနေဦးမှာလား၊ ဆက်ပြီးတော့လည်း ယမ်းငွေ့တွေ ဝေနေစေချင်သေးတာလားဆိုတာကို ကိုယ့်ကိုယ်ကိုယ်မေးကြရမှာပါ” ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမေးစကားသည် တာဝန်သိသော နိုင်ငံရေးအင်အားစုတိုင်းက မိမိကိုယ်ကိုယ် မေးရမည့် မေးခွန်းဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ ငြိမ်းချမ်းရေးခရီးဟာ တာဝေးခရီးဖြစ်တဲ့အတွက် စိတ်ဓာတ်နဲ့ယုံကြည်မှုက အရင်းခံ ဖြစ်ပါတယ်။ အခုထိလည်း နိမ့်လိုက်မြင့်လိုက်၊ လျှောက်လိုက်ရပ်လိုက်နဲ့ အကွေ့အကောက်တွေကလည်း များလှပါတယ်။ ဒါပေမယ့် ကျွန်မတို့ စိတ်မပျက်ပါဘူး။ ကျွန်မတို့လက်လျှော့မှာမဟုတ်ပါဘူး။ ဆက်ပြီးလျှောက်မယ်။ ဆက်လက်ပြီး ကြိုးပမ်းသွားမယ်”ဟု ပြောကြားခဲ့ခြင်းသည် ငြိမ်းချမ်းရေးခရီး၌ ဆုပ်ကိုင်ရမည့် နိုင်ငံရေးသန္နိဋ္ဌာန်ကို ညွှန်ပြလိုက်ခြင်း ဖြစ်ပါသည်။ ပျော့ပျောင်းခြင်းသည် ပျော့ညံ့ခြင်းမဟုတ်၊ ညှိနှိုင်းခြင်းသည် အရှုံးပေးခြင်းမဟုတ်၊ တွေ့ဆုံဆွေးနွေးရန် စိုးရွံ့မနေရဟူသော သဘောတရားတို့ကို ခြုံငုံလျက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ ရှေ့ကိုခြေတစ်လှမ်းတက်ဖို့ စိုးရွံ့မနေကြပါနဲ့။ ကျွန်မတို့ ကြောက်ရွံ့ရမှာက ကျွန်မတို့စိတ်ထဲမှာ ရှိနေတဲ့ကြောက်ရွံ့စိတ်တွေပဲဖြစ်ပါတယ်” ဟု ပြောကြားခဲ့ခြင်းသည် တိုင်းပြည်ရေးရာကိစ္စရပ်တို့၌ ပြည်သူတိုင်း နှလုံးသွင်းရမည့် နိုင်ငံရေးခံယူချက်ကို လှစ်ဟလိုက်ခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မန္တလေး-မိုးကုတ် မဟာဗျူဟာလမ်းမကြီးအား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**စဥ့်ကူး ဖေဖော်ဝါရီ ၁၄**

မန္တလေး- မိုးကုတ်(လက်ပန်လှ-ဖော့တော) လမ်းပိုင်းရှိမဟာဗျူဟာလမ်းမကြီး အရှည် ၄၄ မိုင် ၄ ဖာလုံတွင် စီမံချက်အရ ၃၅ မိုင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ စဥ့်ကူးမြို့နယ် ရွာတော်လေးကျေးရွာ ၄၅ မိုင် ၃ ဖာလုံမှ နတ်တောင်ကျေးရွာ ၅၁ မိုင် ၃ ဖာလုံအထိ နိုင်လွန်ကတ္တရာ ခင်းခြင်းလုပ်ငန်းများ ခင်းကျင်းနိုင်ရန် အတွက်အကျယ် ၁၈ ပေမှ ၂၄ ပေတိုးချဲ့ကာ ကတ္တရာထပ်ပိုး လွှာတင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ မဟာဗျူဟာလမ်းမကြီးကို ငွေကျပ်သိန်းပေါင်း ၇၃၅၀၀ အကုန်ကျခံကာ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ယူဆောင်ရွက်နေသည့် ဆုထူးပန်ကုမ္ပဏီစီမံကိန်း မန်နေးဂျင်းဒါရိုက်တာ ဦးအောင်ဝင်းထံမှ သိရသည်။



“လမ်းပိုင်းအားလုံးကို ဘဏ္ဍာနှစ်သုံးနှစ်နဲ့အပြီး ဆောင်ရွက်သွားမှာပါ၊ ၅ မိုင် ၄ ဖာလုံရှိ လက်ပံလှ- စဥ့်ကူးလမ်းပိုင်းကိုလည်း ဒီဘဏ္ဍာနှစ်အကုန်မှာ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအပြီး ဆောင်ရွက်သွားမှာပါ၊ နိုင်ငံတော်နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဆောက်လုပ်ရေးကုမ္ပဏီတို့က လမ်းတံတားတွေကို ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသလို ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ၊ ပြည်သူတွေကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုပါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

**ဝင်းမောင် (စဥ့်ကူး)**

# ဖျာပုံ-ဘိုကလေးကားလမ်းဘေးရှိ အလုံပိတ်တဲများ ဖျက်သိမ်းပေးပြီးဖြစ်

**ဖျာပုံ ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံကူကျေးရွာမှ ငါးဖာလုံခန့်အကွာ ညောင်တပင်သုသာန်ရှေ့ ဖျာပုံ-ဘိုကလေးအဝေးပြေးကားလမ်းမကြီးဘေးရှိ ခြံဝင်း တစ်ခုအတွင်း အလုံပိတ် အလုံပိတ်တဲများတည်ဆောက်ထားပြီး အခကြေးငွေယူ၍ စီးပွားဖြစ်ငှားရမ်း အသုံးပြုနေသဖြင့် အဆိုပါ အလုံပိတ်တဲများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးပါရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သတင်းကို မြန်မာ့အလင်းသတင်းစာတွင် ဖေဖော်ဝါရီ ၆ ရက်က ဖော်ပြပါရှိလာခဲ့သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး၊ နယ်ထိန်းအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းသည့်အဖွဲ့က ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အတွင်း သွားရောက်စစ်ဆေးပြီး အလုံပိတ်တဲများကို အပြီးတိုင် ဖျက်သိမ်းအရေးယူဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

“ကျွန်တော်တို့ ကျုံကူကျေးရွာအနီးမှာရှိတဲ့ ဒီအလုံပိတ်တဲလေးတွေမှာ လူငယ်လူရွယ်တွေ မဖွယ်မရာပြုလုပ်နေတဲ့ သတင်းကို နေ့စဉ်ထုတ်သတင်းစာမှာပါလာပြီး မကြာခင်မှာဘဲ သက်ဆိုင်ရာ တာဝန်ရှိသူတွေက လာရောက်စစ်ဆေးပြီး ဖျက်သိမ်းပေးသွားပါတယ်၊ အခုလို အရေးယူဆောင်ရွက်ပေးလို့ လူငယ်၊ လူရွယ်တွေရဲ့နောင်ရေးအတွက် ရင်အေးရပါပြီ”ဟု ကျုံကူကျေးရွာအနီးနေ မိဘပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ အလုံပိတ်တဲများကို ဖျက်သိမ်းပေးခြင်းဖြင့် လူငယ်လူရွယ်များ မသင့်တော်သည့်နေရာတွင် မဖွယ်မရာလုပ်ရပ်များ လုပ်ဆောင်နိုင်ခြင်းမရှိတော့သဖြင့် ဆောင်ရွက်ပေးသော သက်ဆိုင်ရာ တာဝန်ရှိသူများကို မြို့နယ်အတွင်းရှိ မိဘပြည်သူများက အထူးကျေးဇူးတင်နေကြကြောင်း ဒေသခံများထံမှ သိရသည်။

**ချမ်းသာ (ဖျာပုံ)**

# နောင်ချိုမြို့နယ်၌ ဘောလုံး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုများချီးမြှင့်

**နောင်ချို ဖေဖော်ဝါရီ ၁၄-** နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့၌ ဖေဖော်ဝါရီလဒုတိယပတ်က ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန်း အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ တာဝန်ရှိသူတို့က ဆုရကျောင်းသားကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ ဆုပေးပွဲတွင် ပထမဆုငွေကျပ် ငါးသောင်း၊ ဒုတိယဆုငွေကျပ် သုံးသောင်း၊ တတိယဆုငွေကျပ် နှစ်သောင်း၊ နှစ်သိမ့်ဆုငွေကျပ် တစ်သောင်းနှုန်းဖြင့် ခုနစ်ဆု စုစုပေါင်းဆု ၁၀ ဆု ချီးမြှင့်နိုင်ခဲ့ပြီး မြို့နယ်သွေးလှူရှင်အသင်း၊ နောင်ချိုလူငယ်အဖွဲ့နှင့် အလှူရှင်များက ဝိုင်းဝန်းချီးမြှင့်လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း - နောင်ချို**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၄-၂-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၂၀/၈၄၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၀/၈၆၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၆ . ၅ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၃၃ . ၉ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၆ |
| တရုတ် | တစ်ယွမ် | ၂၀၉ . ၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၈ . ၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားထောက်ပံ့ပို့ဆောင်ရေးပင်မစီမံကိန်း အပြီးသတ်ရေးဆွဲရေးဆိုင်ရာ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**


အမျိုးသားထောက်ပံ့ပို့ဆောင်ရေးပင်မစီမံကိန်း အပြီးသတ်အစီရင်ခံစာ ရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က နေပြည်တော် Horizon Lake View Hotel ၌ ကျင်းပသည်။ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပို့ဆောင်ရေးကဏ္ဍအား တာဝန်ယူရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ ဌာန/အဖွဲ့အစည်းအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ ဂျပန်နိုင်ငံသံရုံးမှ Minister Counselor Mr. Ichiro Maruyama၊ JICA Myanmar Office မှ ကိုယ်စားလှယ်များနှင့် Logistics Master Plan ရေးဆွဲရာတွင် ပါဝင်သည့် JICA ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းကျင်းပသော အရေးပါသည့် ဆွေးနွေးပွဲတစ်ရပ် ဖြစ်ပါကြောင်း၊ ယခင် ၂၀၁၄ ခုနှစ်က အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) ၏ အကူအညီဖြင့် ရေးဆွဲခဲ့ပါကြောင်း၊ ယခုအခါ ပို့ဆောင်ရေးအခြေခံအဆောက်အအုံများသာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် Logistics ကဏ္ဍဖွံ့ဖြိုးရေးအတွက် National Transport Master Plan ကို ပြန်လည်သုံးသပ်ပြီး National Logistics Master Plan ကို ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

National Logistics Master Plan ရေးဆွဲရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် JICA ကျွမ်းကျင်သူများ ပါဝင်သည့် ပူးတွဲညှိနှိုင်းမှုကော်မတီကို ဖွဲ့စည်း၍ ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းကို အမျိုးသားဘက်စုံဖွံ့ဖြိုးရေးမူဘောင်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ ဖွံ့ဖြိုးရေးမူဘောင်၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒများ၊ မြန်မာစက်မှု ဖွံ့ဖြိုးမှုမျှော်မှန်းချက်၊ အမျိုးသားပို့ကုန် မဟာဗျူဟာနှင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ၊ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းစသော နိုင်ငံတော်၏ အဓိကဖွံ့ဖြိုးရေးမူဘောင်များဖြင့် နှိုင်းယှဉ်သုံးသပ်၍ တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိစေရန် ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။

ယခု ရေးဆွဲထားသည့် National Logistics Master Plan အပြီးသတ် အစီရင်ခံစာမူကြမ်း (Draft Final Report)တွင် ထောက်ပံ့ပို့ဆောင်ရေးစကြံ့ ခြောက်ခု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်း ၁၆၇ ခု၊ နည်းပညာနှင့် လူ့အရင်းအမြစ်ဆိုင်ရာ စီမံကိန်း ၂၂ ခုတို့ ပါဝင်ပါကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး စွမ်းဆောင်မှုညွှန်းကိန်းမှာ ၂၀၁၆ ခုနှစ် ကမ္ဘာ့ဘဏ်၏ အဆင့်သတ်မှတ်ချက်အရ အဆင့် ၁၁၃ ဖြစ်ပါကြောင်း၊ ထောက်ပံ့ပို့ဆောင်ရေး စွမ်းဆောင်မှုညွှန်းကိန်းကို စွမ်းရည်ပြည့်သော အကောက်ခွန်နှင့် ဆက်စပ်လုပ်ငန်းစဉ်များ၊ အရည်အသွေးပြည့်မီသော အခြေခံအဆောက်အအုံများ၊ လွယ်ကူချောမွေ့စွာ သင်္ဘောတင်၊ ချနိုင်မှုများ၊ ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူများ၏ စွမ်းဆောင်ရည်များ၊ ICT နည်းပညာအသုံးချနိုင်မှုများ၊ အချိန်ကိုက်ပေးပို့နိုင်မှုများ စသော ကဏ္ဍခြောက်ရပ်ကို အခြေခံ၍ တိုင်းတာခြင်းဖြစ်ရာ Logistics ကဏ္ဍဖွံ့ဖြိုးရေးအတွက် သက်ဆိုင်သည့် ဥပဒေများပြဋ္ဌာန်းရေး၊ ပုဂ္ဂလိက ကဏ္ဍ၏ စွမ်းဆောင်မှုတိုးတက်စေရေးအတွက် အတူတကွ ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

National Logistics Master Plan သည် တစ်နိုင်ငံလုံး လွှမ်းခြုံ၍ ရေးဆွဲထားခြင်းဖြစ်ရာ ပိုမိုပြည့်စုံကောင်းမွန်သည့် Master Plan တစ်ခု ဖြစ်ပေါ်လာစေရေး၊ ၎င်းတွင် ပါဝင်သည့် စီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ ယခုဆွေးနွေးပွဲမှ အကြံပြုချက်များဖြင့် National Logistics Master Plan ကို မကြာမီကာလအတွင်း အပြီးသတ်ရေးဆွဲ၍ အတည်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြန်မာ-ဘရူနိုင်း နှစ်နိုင်ငံအကြား သံတမန်မြေ လဲလှယ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာ-ဘရူနိုင်းနှစ်နိုင်ငံ သံတမန်မြေ အပြန်အလှန်လဲလှယ်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကျင်းပသည်။

အဆိုပါသဘောတူစာချုပ်ကို မြန်မာနိုင်ငံကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘရူနိုင်းနိုင်ငံကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းသံအမတ်ကြီး H.E.Mr.Pehin Orang Kaya Seri Pahlawan Colonel (R) Dato Paduka Haji Abdu'r Rahmani bin Dato Padula Haji Basir တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

မြန်မာ-ဘရူနိုင်းနှစ်နိုင်ငံ သံတမန်မြေလဲလှယ်ရေး လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အသိသက်သေအဖြစ် တက်ရောက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊ သံတမန်ရေးရာဦးစီးဌာနနှင့် နိုင်ငံရေးရာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်များနှင့် ဘရူနိုင်းသံရုံးမှ တာဝန်ရှိသူများကလည်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းသည် နေပြည်တော်သံတမန်ဇုန်သို့ ရန်ကုန်မြို့ရှိ ဘရူနိုင်းသံရုံး ပြောင်းရွှေ့လာရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပြီး မြန်မာနိုင်ငံအစိုးရအဖွဲ့အစည်းများနှင့် ဘရူနိုင်းသံရုံးတို့အကြား လုပ်ငန်းများ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်စေရေးကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **သတင်းစဉ်**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ToR၊ SOP များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ToR၊ SOP များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ဆွေးနွေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးက နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့် စပ်လျဉ်း၍ Structure၊ နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များ၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် အကြောင်းအရာများကို လည်းကောင်း၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်း လမ်းညွှန် (ToR) နှင့်စပ်လျဉ်း၍ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲ၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (CSO Forum) ဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း - SOP နှင့်စပ်လျဉ်း၍ နိုင်ငံရေးဆွေးနွေးပွဲများကို ဦးဆောင်ကျင်းပမည့်သူများနှင့် ကြီးကြပ်မှုကော်မတီ၏ အခန်းကဏ္ဍဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက စုပေါင်းဆွေးနွေးခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊ ပြန်လည်ရှင်းလင်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲသို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီဝင်များဖြစ်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# နှစ်သစ်ကူးပွဲတော် တရုတ်-မြန်မာ ပေါက်ဖော်ချစ်ကြည်ရေး အနုပညာ ပဒေသာကပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

၂၀၁၈ ခုနှစ် နှစ်သစ်ကူးပွဲတော် တရုတ်-မြန်မာ ပေါက်ဖော်ချစ်ကြည်ရေး အနုပညာပဒေသာကပွဲကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ပဒေသာကပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက အမှတ်တရစကား ပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှုအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအဖွဲ့တို့မှ ဖိတ်ကြားမှု၊ တရုတ်နိုင်ငံ ယဉ်ကျေးမှုဌာနမှ စေလွှတ်ချက်အရ ရောက်ရှိလာသော ယူနန်ပြည်နယ် ယဉ်ကျေးမှု အနုပညာအဖွဲ့က တရုတ်ရိုးရာယဉ်ကျေးမှုအကများဖြစ်ကြသော ပျော်ရွှင်ဖွယ်ရာ မိသားစုအက၊ ညီမငယ်ရဲ့တေးသီချင်းလေးနှင့် အတူအက၊ ပိုင်လူမျိုး ဆင္ဒဂံ ပုံအက၊ ကျွမ့်လူမျိုး စက္ကူ မြင်းအက၊ တိုင်လူမျိုးအက၊ ရီလူမျိုးအက၊ မြောင်လူမျိုးအကတို့ အပါအဝင် ကျွမ်းဘား ကစားမှု အကများကို လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) မှ ကျောင်းသားကျောင်းသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ အကများဖြစ်ကြသော ပခန်းယိမ်း အက၊ ရုပ်သေးအက၊ ပုသိမ်ထီးအကနှင့်တို့ပြည်ထောင်စုအကတို့ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကပြကြသည်။

**သတင်းစဉ်**



❖ *ရှေ့ဖုံးမှ*

- ပြန်လည်လက်ခံရေးလုပ်ငန်းမှာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်နိမိတ်ရှိ Zero Line ပေါ်တွင် ရောက်ရှိနေကြသူများ အရေးကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်သွားရေးတို့အတွက် ဘင်္ဂလားဒေ့ရှ်ပြည်ထဲရေးဝန်ကြီးနှင့် ဆွေးနွေးညှိနှိုင်းရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်သို့ ၁၅-၂-၂၀၁၈ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း၊

**ကျယ်ကျယ်ပြန့်ပြန့်တာဝန်ယူထား**

- အစိုးရအနေဖြင့် မိမိ၏ပြည်သူများကို အကာအကွယ်ပေးရန်မှာ အဓိကတာဝန်ဖြစ်ပါကြောင်း၊ ထိခိုက်ခံရသည့် ဒေသများတွင် အခြေအနေများ ပုံမှန်ပြန်လည် ရောက်ရှိလာပြီဖြစ်ရာတွင် မောင်တောခရိုင်အတွင်း နယ်မြေအားလုံးနီးပါးတွင် ရဲတပ်ဖွဲ့မှ လုံခြုံရေးတာဝန်ကို ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူထားပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့်(၆)လအတွင်း အကြမ်းဖက်သမားများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ကြီးကြီးမားမားဖြစ်ပွားခြင်းမရှိခဲ့သော်လည်း အပြစ်မဲ့ ပြည်သူများအကြား ဝင်ရောက်ခိုလှုံနေသည့် ARSA အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုမှာ အမြဲရှိနေကြောင်း၊ ARSA အကြမ်းဖက်အဖွဲ့သည် ဥပဒေစိုးမိုးရေးနှင့် ပြည်သူ့လုံခြုံရေးကို လျော့ပါးစေရန် အခွင့်အရေးရလျှင် ရသကဲ့သို့ လုပ်ဆောင်နေမည်ဖြစ်ကြောင်း၊ ရခိုင်ဒေသတွင်း အခြားသော အသိုက်အဝန်းများနှင့် ငြိမ်းချမ်းစွာ သဟဇာတဖြစ်ဖြစ် နေထိုင်လိုသည့် အပြစ်မဲ့ပြည်သူများကို ခြိမ်းခြောက်သတ်ဖြတ်ရန် လူမဆန်သော နည်းလမ်းများကို အသုံးပြုရန်အတွက် ၎င်းတို့အနေဖြင့် နှောင့်နှေးမည်မဟုတ်ကြောင်း၊ မကြာသေးမီက ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းမှ စခန်းခေါင်းဆောင်(၂)ဦး အသတ်ခံရမှုသတင်းသည် မိမိနေထိုင်ရာရွာများသို့ ပြန်လိုသည့်သူများအား အသိပေးခြိမ်းခြောက်မှု တစ်ရပ်ပင်ဖြစ်ကြောင်း၊

**လိုအပ်ချက်များ ပံ့ပိုးပေးလျက်ရှိ**

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် စပ်လျဉ်းပြီး၊ အစိုးရနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) တို့မှ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် စီးပွားရေးလုပ်ငန်းများ ဖန်တီးတည်ဆောက်ပေးခြင်းသာမက၊ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံးအတွက် အစားအစာနှင့် အိမ်ထောင်စုလိုအပ်ချက်များကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊
- ကြက်ခြေနီလှုပ်ရှားမှုနှင့် အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာနတို့မှလည်း ထိခိုက်ခံဒေသများတွင် အရေးပေါ် လိုအပ်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် ဝန်ဆောင်မှုများ ပံ့ပိုးပေးရာ၌ အစိုးရဦးဆောင်သည့် ယန္တရားတွင် တက်ကြွစွာ ပါဝင်လျက်ရှိကြောင်း၊
- ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီသို့ ပြင်ပအမြင်များနှင့် အကြံပြုချက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Surakiart Sathirathai ဦးဆောင်သည့် အကြံပေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊
- လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များနှင့် ပတ်သက်ပြီး၊ မြန်မာအစိုးရအနေဖြင့် အကြမ်းဖက်သော လုပ်ရပ်မှန်သမျှကို ခွင့်လွှတ်မည်မဟုတ်ဟု အတိအလင်းပြောကြားပြီးဖြစ်ကြောင်း၊ ခိုင်လုံသော အထောက်အထားရှိပါက ပြစ်မှုကျူးလွန်သည့် မည်သူကိုမဆို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

## “ရခိုင်ပြည်နယ်အတွင်း တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ သဟဇာတရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးမှာ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအောင်မြင်မှုတို့အပေါ် မူတည်”

**အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်**

- ရိုက်တာသတင်းဌာနက ပြီးခဲ့သည့်နှစ်၊ ဒီဇင်ဘာလတွင် ဖော်ပြခဲ့သည့် မောင်တောခရိုင်၊ အင်းဒင်ကျေးရွာရှိ သင်္ချိုင်းတစ်ခုတွင် အလောင်း(၁၀)လောင်းတွေ့ရှိခဲ့သည်ဆိုသော သတင်းအချက်နှင့်ပတ်သက်၍၊ တပ်မတော်က အဆင့်မြင့်စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ရာတွင် အဆိုပါဖြစ်စဉ်အား စုံစမ်းစစ်ဆေးခဲ့ပါကြောင်း၊ ဩဂုတ်လ ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် ARSA အကြမ်းဖက်တိုက်ခိုက်သူ (၁၀) ဦးကို လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့အား ရဲလက်သို့မအပ်ဘဲ စက်တင်ဘာလ ၂ ရက်တွင် သတ်ဖြတ်ခဲ့ပြီး ကျေးရွာရှိ သင်္ချိုင်းတွင် မြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို ဖောက်ဖျက်ခဲ့သည့် တပ်မတော်သား၊ ရဲအရာရှိနှင့် ရွာသား စုစုပေါင်း (၁၆) ဦးကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်၏ ယင်းလုပ်ဆောင်ချက်မှာ တာဝန်ယူမှုရှိသည့် အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး၊ ထောက်ခံအားပေးထိုက်ကြောင်း၊
- ရခိုင်ပြည်နယ်အတွင်း တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ သဟဇာတရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေးမှာ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအောင်မြင်မှုတို့အပေါ် မူတည်ကြောင်း၊ ယခုကာလတွင် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးသော အမျိုးသားရေး ကြိုးပမ်းအားထုတ်မှုမှာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်သွားရေးပင်ဖြစ်ကြောင်း၊
- ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုတို့မရှိပါက လူသားတိုင်းအတွက် လုံခြုံမှု၊ လွတ်လပ်မှုနှင့် တိုးတက်မှုကို ပေးစွမ်းနိုင်သည့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးကို ဖော်ဆောင်နိုင်မည်မဟုတ်ကြောင်း၊
- ဖေဖော်ဝါရီလ ၁၃ ရက်တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့မှ နေပြည်တော်၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ပါဝင်လက်မှတ်ရေးထိုးလာကြပြီဖြစ်ရာ၊ ယခုအခါ၊ NCA လက်မှတ်ရေးထိုးပြီးသည့် လက်နက်ကိုင်အဖွဲ့(၁၀)ဖွဲ့ ရှိလာပြီဖြစ်ကြောင်း၊

**သမိုင်းတစ်လျှောက်နေထိုင်ခဲ့**

- လက်ရှိ လူသားချင်းစာနာမှုဆိုင်ရာ အခက်အခဲဖြစ်ပွားမှုမှာ လုံခြုံရေးစခန်းများကို အကြမ်းဖက်အဖွဲ့မှ တိုက်ခိုက်ခဲ့ခြင်း၏ နောက်ဆက်တွဲပြဿနာဖြစ်ကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ၏ လုံခြုံရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့အတွက် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်သည်ကို ရှင်းလင်းစွာတွေ့မြင်နိုင်ကြောင်း၊ လူအချို့မှ ပုံဖော်ပြောကြားနေသော ဘာသာရေး ပြဿနာတစ်ရပ်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း အခြားသော ဒေသများတွင် နေထိုင်ကြသည့် မူဆလင်အများစုမှာ မတူကွဲပြားသော ဘာသာဝင်များနှင့်အတူ ငြိမ်းချမ်းစွာနှင့် သဟဇာတရှိစွာ သမိုင်းတစ်လျှောက် နေထိုင်ခဲ့ကြကြောင်း၊
- ရခိုင်ပြည်နယ်တွင် ရင်ဆိုင်လျက်ရှိသည့် စိန်ခေါ်မှုများအတွက် လွယ်ကူလျင်မြန်စွာ ဖြေရှင်းနိုင်မည့် နည်းလမ်းမရှိကြောင်း၊ ပြဿနာကို ဖြေရှင်းရန်မှာ မြန်မာပြည်သူများအနေဖြင့် ငြိမ်းချမ်းပြီး သာယာဝပြောသော ရခိုင်ပြည်နယ်ကို မည်ကဲ့သို့ ဖော်ဆောင်မည်ဆိုသည့် ခံယူချက်အပေါ်သာ မူတည်ကြောင်း၊
- မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်း၊ မူဝါဒချမှတ်ရေးလုပ်ငန်းစဉ်တွင် တစ်ဖက်သတ်ဆန်သော မီဒီယာများနှင့် လှုပ်ရှားသူများ၏ ဓားစာခံမဖြစ်သင့်ကြောင်း၊ သတင်းအချက်အလက်များအပေါ် အသေအချာဆန်းစစ်ပြီးမှသာ အရေးကြီးသော စီရင်ဆုံးဖြတ်မှုနှင့် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်ချမှတ်မှုများကို ဆောင်ရွက်သင့်ကြောင်း။

**သတင်းစဉ်**

# ကမ္ဘာ့အကြီးဆုံး နိုင်ငံမြေပုံအဖြစ် ဂင်းနက်စ်စံချိန်သစ်ဝင်နိုင်ခဲ့ပြီ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုနေ့က မကွေးမြို့ ခရိုင်အားကစားကွင်း၌ ကမ္ဘာ့စံချိန်သစ်အတွက် လူဖြင့်ပုံဖော်ထားသည့် ကမ္ဘာ့အကြီးဆုံး နိုင်ငံမြေပုံအဖြစ် မြန်မာနိုင်ငံမြေပုံအား လူပေါင်း ၃၄၆၆ ဦးဖြင့် ကြိုးပမ်းခဲ့ရာ လွန်ခဲ့သည့် နှစ်နှစ်က ယူကေ၌ လူပေါင်း ၈၁၁ ဦးဖြင့် ပြုလုပ်ခဲ့သည့် ကမ္ဘာ့စံချိန်ကို ပါဝင်သူအရေအတွက် လေးဆခန့် ပိုမိုများပြားစွာဖြင့် အောင်မြင်စွာ ကျော်ဖြတ်ကာ စံချိန်သစ် ဝင်သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

လူဖြင့်ပုံဖော်ထားသည့် ကမ္ဘာ့အကြီးဆုံးနိုင်ငံမြေပုံအဖြစ် မြန်မာနိုင်ငံမြေပုံကို ပုံဖော်ပြီး ကမ္ဘာ့စံချိန်သစ်တင်နိုင်ရေး ကြိုးပမ်းမှုကို ဂင်းနက်စ်ကမ္ဘာ့စံချိန် မှတ်တမ်းအဖွဲ့အစည်းက အတည်ပြုပေးလိုက်ပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဂင်းနက်စ်ကမ္ဘာ့စံချိန်သစ်တစ်ခု တင်နိုင်ခဲ့ပြီဖြစ်သည်။ ယင်းကြိုးပမ်းမှုတွင် ပါဝင်ခဲ့သော မြန်မာနိုင်ငံသူ နိုင်ငံသားပေါင်း ၃၄၀၀ ကျော်သည်လည်း ဂင်းနက်စ်ကမ္ဘာ့စံချိန်ချိုးနိုင်သူများ ဖြစ်လာခဲ့ပြီဖြစ်သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် တယ်လီနောမြန်မာက ဦးဆောင်ကာ ဖေဖော်ဝါရီ ၁၂ ရက်က မကွေးမြို့ ခရိုင်အားကစားကွင်း၌ ပြုလုပ်ခဲ့သော ကမ္ဘာ့စံချိန်သစ်တင်နိုင်ရေး ကြိုးပမ်းမှုတွင် တက္ကသိုလ်နှင့်ကောလိပ်ကျောင်းသား ကျောင်းသူများ၊ ဌာနေပြည်သူ ပြည်သားများနှင့် တယ်လီနောဝန်ထမ်းများ စုစုပေါင်း ၃၄၆၆ ဦး က စတုရန်းပေ ၂၄၈၀၄ အကျယ်အဝန်းရှိ မြန်မာနိုင်ငံမြေပုံကြီးကို စုပေါင်းပုံဖော်ခဲ့ကြခြင်းဖြစ်သည်။ ယင်းကြိုးပမ်းမှုအခမ်းအနားကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တယ်လီနောမှ တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ပြီး စံချိန်ချိုးရန် ကြိုးပမ်းမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနေပြည်သူ ပြည်သားများနှင့်အတူ ဆက်လက်အားပေးခဲ့သည်။

ဂင်းနက်စ်ကမ္ဘာ့စံချိန်အဖွဲ့အစည်း၏ အတည်ပြုချက်အရ ၂၀၁၆ ခုနှစ်က ယူကေနိုင်ငံ၌ Belron International က ဦးဆောင်ကာ လူပေါင်း ၈၁၁ ဦးဖြင့် အာဖရိကတိုက် ပုံဖော်ခဲ့သည့်စံချိန်ကိုချိုးရန် မြန်မာနိုင်ငံက ကြိုးပမ်းရာတွင် အတိအကျလိုက်နာရန်လိုအပ်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီပြီး တရားဝင် စံချိန်သစ်တင်နိုင်ခဲ့ခြင်း ဖြစ်သည်။

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်သူများနှင့် ပူးပေါင်းလျက် မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာ သမိုင်းစာမျက်နှာသစ်တစ်ခု ဖွင့်လှစ်ရန် ရည်ရွယ်ချက်ဖြင့် ယင်းကဲ့သို့ လူပေါင်းများစွာဖြင့် ကမ္ဘာ့အကြီးဆုံး မြေပုံ ပုံဖော်၍ ကမ္ဘာ့စံချိန်သစ်တစ်ခုတင်နိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ဒီနေ့မှာ ပြည်သူလူထုရဲ့တစ်ခဲနက်ပါဝင်မှုနဲ့ မြန်မာနိုင်ငံရဲ့သမိုင်းစာမျက်နှာသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါပြီ၊ ဒီကြိုးပမ်းမှုကို ဦးဆောင်ခွင့်ရခဲ့တဲ့အတွက် တယ်လီနောမြန်မာအနေနဲ့ တကယ်ကို ဝမ်းမြောက်ဂုဏ်ယူပါတယ်၊ ဒီလို စံချိန်သစ်တင်နိုင်တဲ့ ကြိုးပမ်းမှုက ပြည်ထောင်စုနေ့ကို အထူးဂုဏ်ပြုတဲ့ပွဲလည်း ဖြစ်သလို ပြည်သူအများရဲ့ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့တဲ့ပွဲလည်း ဖြစ်ပါတယ်”ဟု တယ်လီနောမြန်မာ၏ ဒေသဆိုင်ရာ စီးပွားရေးတာဝန်ခံ ဦးရေချမ်းက ပြောသည်။

အဆိုပါ ဂင်းနက်စ်ကမ္ဘာ့စံချိန်သစ်သည် မြန်မာနိုင်ငံအတွက် လူအများစု၏ ပါဝင်မှုဖြင့် ကြိုးပမ်းခဲ့သော ပထမဆုံးစံချိန်လည်း ဖြစ်သည်။ ယခင်က ရယူခဲ့ဖူးသည့် ကမ္ဘာ့စံချိန်များမှာ တစ်သီးပုဂ္ဂလနှင့်သာ သက်ဆိုင်သော စံချိန်များဖြစ်ပြီး အထင်ရှားဆုံးမှာ မှတ်ဉာဏ်အကောင်းဆုံးလူပုဂ္ဂိုလ်အဖြစ် ၁၉၈၅ ခုနှစ်က စံချိန်တင်ခဲ့သော မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရ ဖြစ်သည်။

**ခင်ရတနာ**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆။)**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်**

**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေတွင် ပါရှိသော "ကျန်းမာရေးဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) **ထုတ်လုပ်ခြင်း** ဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးအဖြစ်သို့ ရောက်ရှိစေရန် အဆင့်ဆင့်ထုတ်လုပ်ခြင်း၊ ယင်းသို့ထုတ်လုပ်သော အရာဝတ္ထုကို ဓာတုပစ္စည်း သို့မဟုတ် အခြားပစ္စည်းတစ်မျိုးမျိုးနှင့် ရောစပ်၍ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်း သို့မဟုတ် ပြင်ဆင်ပြုလုပ်ခြင်းကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) နှင့် (ဇ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဇ) **လူမှုအကျိုးပြုလုပ်ငန်း ဆောင်ရွက်စေခြင်း** ဆိုသည်မှာ သတ်မှတ်ဝတ်စုံဖြင့် ကြီးကြပ်သူရှေ့မှောက်၌ အများပြည်သူဆိုင်ရာ နေရာများတွင် အများပြည်သူအကျိုးရှိစေသော လုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်းတံတားများ ပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စေခြင်း စသည့်လုပ်ငန်းများကို တရားရုံးအမိန့်ပါ ပြစ်ဒဏ်အတိုင်း ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကို ဆိုသည်။"

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (ခ) နှင့် (င) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) မြန်မာနိုင်ငံက သဘောတူလက်မှတ် ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(င) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ပြည်တွင်းမူဘောင်များ ချမှတ်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကို တားဆီးကာကွယ်ရန် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊"

(ခ) ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ)နှင့် (ဆ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို အသုံးပြု၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတိုက်ဖျက်နှိမ်နင်းရေးနှင့် တားဆီးကာကွယ်ရေးကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ပေးရန်၊

(ဆ) ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်မှုဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ရေတို၊ ရေရှည်စီမံကိန်းများနှင့် ရည်မှန်းချက်ပန်းတိုင်များ ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် တရားမဝင်စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် ဆက်စပ်လျက်ရှိသည့် လူမှုစီးပွားရေးပြဿနာရပ်များအား ဖြေရှင်းရန်။"

၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာနနှင့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေရမည်။"

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၆ တွင်-

(က) ပုဒ်မခွဲ (က)၊ (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) ဆေးဝါးသုံးစွဲသူများအား စာရင်းကောက်ယူ၍ ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေးလှုံ့ဆော်ရေးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်လျှော့ချပေးရေး တို့နှင့်စပ်လျဉ်း၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စ) ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့် စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သော ကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန်သော လူနေမှုဘဝသို့ ပြန်လည်ရောက်ရှိစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးခြင်း၊"

(ခ) ပုဒ်မခွဲ (ဈ) နှင့် (ည)တို့ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ဏ) ၏ နောက်တွင် ပုဒ်မခွဲ (တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န) နှင့် (ပ)တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(တ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းဆိုင်ရာ ပြစ်မှုကျူးလွန်သူများနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများ တရားခံလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များ ပေါ်ပေါက်လျှင် တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ထ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ပြည်သူများသိရှိနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဒ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ ကျန်းမာဖွံ့ဖြိုးသည့် လူမှုဘဝများဖြစ်လာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးကူညီခြင်းဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဓ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးများအား လူမှုရေးမီဒီယာများနှင့် အခြားသော သတင်းမီဒီယာများမှတစ်ဆင့် ကျောင်းအတွင်း၊ကျောင်းပြင်ပနှင့် လုပ်ငန်းခွင်နေရာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(န) ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ဥပဒေအရ အကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(ပ) တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသို့ အသိပေးရှင်းလင်းတင်ပြခြင်း။"

၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဈ)နှင့် (ဠ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊

(ခ) အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၊

(ဈ) ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့၊

(ဠ) လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ရေးအဖွဲ့။"

၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က)တွင်ပါရှိသော "ပြည်နယ်/တိုင်း" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အခန်း(၅)ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"ဆေးဝါးသုံးစွဲသူကိုဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း"**

၁၀။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ (က) နှင့် (ခ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်သည့် ဌာန၊ ဂေဟာ သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရအသိအမှတ်ပြု ဆေးကုသဌာန၊ ဂေဟာတွင် ဆေးကုသမှုခံယူရမည်။

(ခ) ဆေးဝါးသုံးစွဲသူအား ဆေးကုသပေးရေးနှင့် ဆေးကုသမှုပြီးဆုံးပါက သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်းသို့ လွှဲပြောင်းပေးပို့ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။"

(ခ) ပုဒ်မခွဲ (ဂ)တွင် ပါရှိသော **"မှတ်ပုံတင်၍"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) နှင့် (ဈ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ရဲတပ်ဖွဲ့ဝင်သည် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူအား ပဏာမဆေးစစ်ချက်ခံယူရန်နှင့် ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသမှုခံယူနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဌာန၊ ဂေဟာ သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသည့် အနီးဆုံးဆေးကုသဌာန၊ ဂေဟာသို့ ဆောလျင်စွာ ပို့အပ်ရမည်။

(င) သက်ဆိုင်ရာ ရဲအရာရှိသည်ပဏာမဆေးစစ်ချက်ခံယူရန်နှင့် ဆေးကုသမှုခံယူရန် ပျက်ကွက်သူအား စိစစ်ပြီး လိုအပ်ပါက ခံဝန်ချုပ် ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်ရန် သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားရမည်။

(စ) တရားရုံးသည် ပုဒ်မခွဲ(င)အရ လျှောက်ထားခြင်းခံရသူအား ဆေးစစ်ချက်ခံယူနိုင်ရေးနှင် ဆေးကုသမှုခံယူနိုင်စေရေး အတွက် သတ်မှတ်ချက်များနှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုစေသည့် အမိန့်ချမှတ်နိုင်သည်။

(ဆ) တရားရုံးသည် ဆေးဝါးသုံးစွဲသူက ပုဒ်မခွဲ (စ)အရ ချမှတ်သော အမိန့်နှင့်အညီ ခံဝန်ချုပ် ချုပ်ဆိုခြင်း မပြုလျှင်ဖြစ်စေ၊ ချမှတ်သော ခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ ဆေးကုသမှုခံယူရေးနှင့် ပြုစုပျိုးထောင်ရေးတို့အတွက် ဤကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ခြောက်လပို့အပ်သည့် အမိန့်ချမှတ်ရမည်။

(ဇ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း သို့မဟုတ် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ရောက်ရှိသော ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးကာလအတွင်း လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ယူကုသပေးရမည်။

(ဈ) မည်သူမဆို ဆေးဝါးသုံးစွဲသူ သို့မဟုတ် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ သတင်းပေးပို့ အကြောင်းကြားနိုင်သည်။"

၁၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၀ကို ပယ်ဖျက်ရမည်။

၁၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁ ၏ ခြေဆင်းတွင်ပါရှိသော "ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ရေး၊ ဆက်လက်စောင့်ရှောက်ရေး"ဆိုသည့် စကားရပ်ကို "ဆေးဝါးသုံးစွဲသူများအား ပြုစုပျိုးထောင်ရေး၊ ပြန်လည်ထူထောင်ရေး"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)တွင် ပါရှိသော "လိုအပ်သလို"ဆိုသည့် စကားရပ်ကို "တတ်စွမ်းသမျှ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁ ၏နောက်တွင် ပုဒ်မ ၁၁-ကကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနများသည် ကာကွယ်ရေး၊ ကုသရေး၊ စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆန့်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့် မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင်ပါဝင်သည့် ရည်ရွယ်ချက်များ၊ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေရေးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။"

*(ဆက်လက်ဖော်ပြပါမည်)*



ဒုတိယဝန်ကြီး ဦးကျော်လင်း

# "တင်ဒါခေါ်ယူရာတွင် Drawing & Estimate ပြည့်စုံအောင် ရေးဆွဲပြီး ပွင့်လင်းမြင်သာမှုရှိအောင်ချပြပြီးမှ ယှဉ်ပြိုင်စေခြင်းသည် လက်တွေ့တွင်လည်း အမှန်တကယ် လိုအပ်ပါကြောင်း၊ တင်ဒါခေါ်ယူရန်မလိုသည့် ငွေကျပ် ၁၀ သန်းအောက်ကိစ္စများကို ဆောင်ရွက်ရာတွင် ကိုယ်ကျိုးရှာခြင်း၊ အလွဲသုံးစားပြုခြင်း စသည့်ကိစ္စများရှိပါက တိတိကျကျ တိုင်ကြားမည်ဆိုလျှင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရသော် လည်းကောင်း၊ တည်ဆဲဥပဒေအရသော်လည်းကောင်း ပြတ်ပြတ်သားသား အရေးယူရမည်"



ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ

❄ *ရှေ့ဖုံးမှ*

**နေသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မြစ်ကြီးနား-နမ္မတီး-တနိုင်း-ရှင်ဗွေယန်-တဒက်ခ- ပန်းဆောင်လမ်းသည် လုံခြုံရေးမကောင်းသော်လည်း ပြည်သူလူထု သွားလာနေရသောကြောင့် B.O.T ကုမ္ပဏီထံမှ လမ်းပိုင်းများကို ပြန်လည်သိမ်းသွင်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများဖြင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ **ယာဉ်မတော်တဆဖြစ်စဉ်များ လျော့နည်းပပျောက်စေရန် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးအား ခေတ်မီလေးလမ်းသွား အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်းနှင့် အဆင့်မီလုံခြုံရေး အထောက်အကူပြုပစ္စည်းများ တပ်ဆင်ထိန်းကျောင်းပေးခြင်း၊ မော်တော်ယာဉ်နှင့် ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အထူးစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **လာဘို့ရွာ-မင်းကင်းလမ်းကြောင်းပေါ်ရှိ ညောင်ကုန်းတံတားကို ခံနိုင်ဝန်အတိုင်းသာ ဖြတ်သန်းခွင့်ပြုရန်၊ ကွန်ကရစ်မခင်းရသေးသောလမ်းပိုင်း ခြောက်မိုင်ကို အမြန်ခင်းပေးရန်နှင့် ပျက်စီးသွားသော ကွန်ကရစ်လမ်းပိုင်းများ အမြန်ပြုပြင်ပေးရန်** မေးခွန်း၊ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်၏ **ဆောမြို့နယ်အတွင်းရှိ တပြင်းကျေးရွာမှ ကျောက်လိပ်ကျေးရွာအထိ ၁၈ မိုင်အရှည် ကျောက်ချောလမ်းအား ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **ကနီ-ကင်းလမ်းအူကြောင်းပိုင်းအား ကျေးရွာအများအပြား လက်လှမ်းမီအသုံးပြုနိုင်သော လမ်းအူကြောင်းတစ်ခုဖြစ်စေရန် ပြောင်းလဲဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တင်သွင်းသည့် **မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ထပ်မံဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး တင်သွင်းထားသည့် **ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများ၏ သယ်ယူပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန်မလိုသော လုပ်ငန်းတစ်ခုလုံး အပြီးဆောင်ရွက်ရသည့် လုပ်ငန်းများကို တင်ဒါမခေါ်ဘဲ ကန်ထရိုက်ရတင်ဒါ အောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေခြင်းတို့ကို ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံသည့်လုပ်ငန်းပုံစံ (Drawing)များနှင့် တွက်ချက်မှု (Estimate) များကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာ တာဝန်ယူဆောင်ရွက်ပေးပြီး ဈေးနှုန်း (Rate)များကို တင်ဒါဆွဲမည့် ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန်** အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်** က Design နှင့် Estimate ကို လုပ်ငန်းအပ်နှံသည့်ဌာနက တာဝန်ယူခြင်းသည် တင်ဒါစနစ်ကို သွက်လက်မြန်ဆန်စေမည် ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆည်မြောင်းလုပ်ငန်းများ၊ စာသင်ကျောင်း၊ ဆေးရုံဆောက်လုပ်ခြင်းလုပ်ငန်းများတွင် အရည်အသွေးမမီပါက သက်ဆိုင်ရာ အင်ဂျင်နီယာများ၊ ပညာရေးမှူးများ၊ ဆရာဝန်များက သက်ဆိုင်ရာ ကုမ္ပဏီကို တရားစွဲဆိုရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်** က တင်ဒါစိစစ်ရွေးချယ်ခြင်းနှင့် တင်ဒါအောင်ကုမ္ပဏီများ စာချုပ်ချုပ်ဆိုခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အဆင့်များတွင်သာ ပြုလုပ်ကြသည့်အတွက် စီမံကိန်းတည်ရှိရာ မြို့နယ်မှ ဌာနဆိုင်ရာများအနေဖြင့် Estimate, Drawing နှင့် စာချုပ်ပါစည်းကမ်းချက်များကို ကြိုတင်သိရှိနိုင်ခြင်းမရှိသည့်အတွက် တည်ဆောက်မှုကြီးကြပ်ရေးအပိုင်း၊ အရည်အသွေးစစ်ဆေးခြင်းအပိုင်းများတွင် အခက်အခဲများဖြစ်နေကြပါကြောင်း၊ ထို့ကြောင့် တင်ဒါပွဲများကို သက်ဆိုင်ရာ မြို့နယ်များတွင် ကျင်းပပေးနိုင်မည်ဆိုပါက အခက်အခဲများမရှိတော့သည့်အတွက် ပြည်သူ့ဘဏ္ဍာ အလေအလွင့်မဖြစ်အောင် တည့်မတ်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်နှင့် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်တို့ကလည်း အကြံပြုဆွေး နွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက တင်ဒါခေါ်ယူရာတွင် Drawing & Estimate ပြည့်စုံအောင်ရေးဆွဲပြီး ပွင့်လင်းမြင်သာမှုရှိအောင်ချပြပြီးမှ ယှဉ်ပြိုင်စေခြင်းသည် လက်တွေ့တွင်လည်း အမှန်တကယ်လိုအပ်ပါကြောင်း၊ တင်ဒါခေါ်ယူရန်မလိုသည့် ငွေကျပ် ၁၀ သန်းအောက်ကိစ္စများကို ဆောင်ရွက်ရာတွင် ကိုယ်ကျိုးရှာခြင်း၊ အလွဲသုံးစားပြုခြင်း စသည့်ကိစ္စများရှိပါက တိတိကျကျတိုင်ကြားမည်ဆိုလျှင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရသော် လည်းကောင်း၊ တည်ဆဲဥပဒေအရသော်လည်းကောင်း ပြတ်ပြတ်သားသားအရေးယူရမည် ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား အထိုင်ဈေးခေါ်ယူပြီး သယ်ယူပို့ဆောင်ခကို သက်ဆိုင်ရာဌာနမှ ပေးချေခြင်းအပိုင်းကို မှတ်တမ်းတင်သင့်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကို ဝန်ထမ်းများမှ လုံးဝမဆောင်ရွက်တော့ဘဲ တင်ဒါသာ ခေါ်ယူဆောင်ရွက်စေခြင်းဆိုသည့်ကိစ္စသည် လတ်တလောဆောင်ရွက်၍ မရနိုင်သေးပါသဖြင့် မှတ်တမ်းတင်ထားသင့်ကြောင်း ပြန်လည်ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

**ကျော်သူထက်၊ မီမီဖြိုး(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၇-၂၀၂၀) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E. Ms. Vanessa Chan Yuen Ying အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ (၁) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



ယင်းသို့တွေ့ဆုံစဉ်တွင် ပြည်သူလူထုပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်းနှင့် ပြည်သူလူထု၏ ယုံကြည်မှုကို ပိုမိုအားကောင်းစေမည့် ကျင့်ဝတ်သိက္ခာနှင့်ညီသော အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုကို အခြေခံသော နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပေါ်ထွန်းလာစေရန်မျှော်မှန်း၍ မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်(၂၀၁၇-၂၀၂၀) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးနှင့် ပူးပေါင်း၍ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်တွင် လုပ်ငန်းစွမ်းဆောင်ရည် စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ကာ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများ ဖွင့်လှစ်ပေးမှုအခြေအနေများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများတွင် သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိမှုအခြေအနေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပြင်ဆင်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကျေးရွာ ၄၀ မှ ဥက္ကဋ္ဌများနှင့် ရန်ပုံငွေသုံးစွဲရေး ညှိနှိုင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် မြို့နယ်လေးမြို့နယ်၌ ကိုရီးယားနိုင်ငံ KOICA အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော မြန်မာကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်း ကျေးရွာ ၄၀ မှ ဥက္ကဋ္ဌများနှင့် ရန်ပုံငွေသုံးစွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းက တိုင်းစိုက်ပျိုးရေးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဦးကြိုင်က စီမံကိန်းတတိယနှစ်အတွက် လုပ်ငန်းလမ်းညွှန်ချက်များ၊ ရန်ပုံငွေသုံးစွဲရမည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါတတိယနှစ်စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပွင့်လင်းရာသီတွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် KOICA မှ ကူညီသည့် ရန်ပုံငွေများကို ကျေးရွာများရှိ ဘဏ်စာရင်းအမှတ်များသို့ အမြန်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



## မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**ပြည် ဖေဖော်ဝါရီ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ပြည်မြို့ ပြည်မူလတန်းကြိုကျောင်းမှ ကြီးမှူးကျင်းပသော မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ပြိုင်ပွဲများနှင့် ရင်သွေးငယ်ကလေးများအား အာဟာရ ကျွေးမွေးခြင်းအခမ်းအနားကို အဆိုပါကျောင်းအတွင်း၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀နာရီက ကျင်းပခဲ့ရာ ပြည်မူလတန်းကြိုကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဝင်းမော်နှင့် ဝန်ထမ်းများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အထိမ်းအမှတ်အခမ်းအနားတွင် ကလေးများပျော်ရွှင်စေရန်အတွက် သီချင်းဆိုပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဂိမ်းကစားခြင်းများ ကျင်းပပေးခဲ့ပြီး ပြိုင်ပွဲများတွင် အဆိုပါကျောင်းမှ ရင်သွေးငယ်ကလေးများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကာ တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကလေးများကို ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးခဲ့ပြီး အာဟာရများကျွေးမွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# “အေးခဲအသားများအား လိုင်စင်ခွင့်ပြုချက် လျှောက်ထား ရရှိပြီးနောက် တင်သွင်းလာမည်ဆိုပါက ကုန်သွယ်ရေးဇုန် (OSS)တွင်ရှိသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက နမူနာထုတ်ယူ၍ အင်းစိန်၊ ဇော်ဘွားကြီးကုန်း(ရန်ကုန်) ရှိ ဌာနဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးပြီး အများပြည်သူ စားသုံးရန်သင့်ကြောင်း အဖြေရရှိမှသာ ဖြန့်ဖြူး ရောင်းချခွင့် ရရှိမည်ဖြစ်”

❒ *ကျောဖုံးမှ*

**တားဆီးအရေးယူ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မြဝတီနယ်စပ်တွင် တင်သွင်းလာသည့် အေးခဲအသားများကို စားသုံးရန်သင့်၊ မသင့် စစ်ဆေးရန် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း ဆောက်လုပ်ထားသည့်အပြင် မြဝတီတန်ပိုဂိတ်တွင်လည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်း နှစ်ဦး တာဝန်ပေးအပ်ထားပါကြောင်း၊ သက်ဆိုင်ရာ ဌာနပေါင်းစုံဖြင့် ပူးပေါင်း၍ တရားမဝင် တင်သွင်းလာသော အေးခဲအသား ပါ၊ မပါ စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မြဝတီခရိုင် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနရှိ ဓာတ်ခွဲခန်းအား အဆင့်မီ ဓာတ်ခွဲခန်းအဖြစ် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည်ဟု သိရှိရပါကြောင်း၊ တရားမဝင် တင်သွင်းလာသော အသား၊ ငါး၊ ပုစွန်များကို ပြည်နယ်အစိုးရ၊ သက်ဆိုင်သည့် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းပြီး တားဆီးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က ရှင်းလင်းဖြေကြားကြသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီဝင် ဦးစိုင်းထွန်းအောင်က ဖတ်ကြားတင်ပြသည်။

**အဆုံးအဖြတ်ရယူ**

ယင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

**နိုင်ငံတကာနှင့်ချိတ်ဆက်**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်းက မိမိတို့နိုင်ငံ၏ ဖွဲ့စည်းတည်ဆောက်ပုံအနေအထား သဘာဝက ကောင်းမွန်ပါကြောင်း၊ ရေချိုမြစ်ဆိုလျှင် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းဟူ၍ မြစ်လေးစင်းရှိပါကြောင်း၊ ကုန်းကြောင်း၊ ပင်လယ်ရေကြောင်း၊ လေကြောင်း နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အနေအထားဖြစ်ပါကြောင်း၊ နွေ၊ မိုး၊ ဆောင်း ဥတုသုံးမျိုး ဖြစ်တည်သည့် နိုင်ငံဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးအောင်ထူး ဖြေကြားစဉ်။

**စီမံဆောင်ရွက်မှုအားနည်းခဲ့**

သဘာဝသယံဇာတများက သူ့နေရာနှင့်သူ ရှိပြီး ဖြစ်ပါကြောင်း၊ ဥပမာ သစ်တောကဏ္ဍဆိုလျှင် အလယ်ရိုးမ၊ ပဲခူးရိုးမ၊ အနောက်ရိုးမ၊ အရှေ့ရိုးမ၊ မေယုတောင်တန်း၊ ဒေါနတောင်တန်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် တောင်တန်းများရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ နေရာအနှံ့အပြားတွင်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများလည်း ရှိပါကြောင်း၊ ရေသယံဇာတအဖြစ် မြိတ်ကျွန်းစု၊ တနင်္သာရီကမ်းရိုးတန်း၊ ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ရေချို ရေငန် ရပ်ဝန်းနှစ်မျိုး၊ မိုးကုတ်တွင် ပတ္တမြား၊ ဖားကန့်တွင် ကျောက်စိမ်း၊ ရွှေအများဆုံး ထွက်သည့် မိုးထိ၊ မိုးမိ၊ ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်း၊ တနိုင်းဒေသနေရာအစုံနှင့် ဥရုချောင်းဖျားမှ ဟုမ္မလင်းဒေသအနှံ့တွင်လည်း ရှိပါကြောင်း။

ရေနံနှင့် သဘာဝဓာတ်ငွေ့ကို မကွေး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မုတ္တမကမ်းလွန်ပင်လယ်ပြင်တို့တွင် တွေ့ရှိပါကြောင်း၊ သို့ရာတွင် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရန် စီမံဆောင်ရွက်မှုအားနည်းခဲ့၍ ကမ္ဘာ့နိုင်ငံများအကြား အဆင်းရဲဆုံးအဆင့်သို့ ရောက်ရှိခဲ့ရပါကြောင်း၊ အရေးကြီးဆုံး လူဆိုသည့် သယံဇာတများပါ သူတစ်ပါးနိုင်ငံ၌ အလုပ်လုပ်နေကြသည်မှာ ဝမ်းနည်းစရာဖြစ်ပါကြောင်း။

**တာဝန်ယူစောင့်ရှောက်ပေး**

ထို့ကြောင့် ကျေးလက်နေပြည်သူများ စုပေါင်းပြီး အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ၊ သီးနှံစိုက်ခင်းများ စိုက်ပျိုးနိုင်ကြောင်းကို အသိပေးရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများမှလည်း သီးပင်ပျိုးပင်မျိုးစေ့များ အခမဲ့ဖြန့်ဝေရန်၊ ဝန်ထမ်းများ တိုးချဲ့ခန့်ထားစေရန်၊ ဘတ်ဂျက်အသုံးစရိတ်များ ရရှိရန်တို့ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့အားလုံး သစ်တောသစ်ပင်၊ ရေသယံဇာတ၊ ကျောက်သံပတ္တမြား၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သက်ရှိသက်မဲ့ သယံဇာတအားလုံးကို ကာယအားဖြင့် ထိန်းသိမ်းသင့်ပါကြောင်း၊ ဉာဏအားဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းသိမ်းနိုင်အောင်လည်း ကြိုးစားရမည်ဖြစ်ကြောင်း၊ သဘာဝကို အလေးမမူလျှင် တစ်နည်းအားဖြင့် သဘာဝသယံဇာတများကို စည်းမဲ့ကမ်းမဲ့ ထုတ်ယူအသုံးပြုလျှင် သဘာဝဒဏ်ခတ်သည်ကို မိမိတို့ ခံရမည်ဖြစ်ကြောင်း၊ ယခုအဆိုသည် ကျယ်ပြန့်သော်လည်း တိုင်းရင်းသားများအားလုံးပါဝင်သည့် နိုင်ငံသူ နိုင်ငံသားများနှင့် တာဝန်ယူ တာဝန်ခံအုပ်ချုပ်နေသော ပြည်ထောင်စုအစိုးရတို့ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း သဘာဝသယံဇာတ အရင်းအမြစ်များကို ထုတ်လုပ်ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ရန် ထိန်းသိမ်းနိုင်သမျှ ထိန်းသိမ်းကြပြီး စွမ်းဆောင်နိုင်သမျှ စွမ်းဆောင်တာဝန်ယူ စောင့်ရှောက်ပေးကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

**ဆက်လက်ဆွေးနွေး**

အလားတူ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လုလုစိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေတို့က ဆက်လက်ဆွေးနွေးကြသည်။

**ဘက်ပေါင်းစုံမှထိန်းသိမ်းကာကွယ်**

ယင်းအဆိုနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို ဒုတိယသမ္မတ ဦးမြင့်ဆွေက နာယကအဖြစ် ဦးဆောင်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီ (၆)ရပ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ် ဇွန် ၂ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်တောသယံဇာတများ အဓွန့်ရှည်ကြာစွာ တည်တံ့စေရန်နှင့် နောင်သားစဉ်မြေးဆက် သစ်တောသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ သတ္တုကဏ္ဍအနေဖြင့် ဓာတ်သတ္တုသယံဇာတများကို သားစဉ်မြေးဆက် တူးဖော်ထုတ်လုပ်နိုင်ရေးအတွက် National Reserve ဧရိယာများ ထားရှိခြင်း၊ ဓာတ်သတ္တုသယံဇာတများကို ခေတ်မီနည်းပညာဖြင့် လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် ကုန်ချောအဆင့်အထိ အရည်အသွေး ပြည့်မီစွာထုတ်လုပ်နိုင်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်၊ တာဝန်ယူ၊ တာဝန်ခံမှု အပြည့်အဝရှိသော သယံဇာတ တူးဖော်ထုတ်လုပ်သုံးစွဲမှုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်များ ချမှတ်၍ ကျောက်မျက်ရတနာများနှင့် တွင်းထွက်သယံဇာတများကို အကန့်အသတ် ဖြင့် ရေရှည် စနစ်တကျ တူးဖော်ထုတ်လုပ်မည်ဖြစ်ကြောင်း။



ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ စောယှားဖောင်အွှာ မေးမြန်းစဉ်။

**အဆိုအား မှတ်တမ်းတင်သင့်**

သဘာဝသယံဇာတကဏ္ဍသည် ကျယ်ပြန့်လှသည့်အပြင် ဘက်ပေါင်းစုံပါဝင်နေသည့်အတွက် ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ အားလုံး၊ ဒေသခံပြည်သူများအားလုံး ကျရာ အခန်းကဏ္ဍမှ အမျိုးသားရေး အသိစိတ်ဓာတ်ရှိရှိနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုထိရောက်သည့် အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းသည့် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ယင်းအဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၉၂ မဲ၊ ကန့်ကွက်မဲ ၈၂ မဲနှင့် ကြားနေမဲ လေးမဲဖြင့် ထောက်ခံမဲများသဖြင့် အဆိုအား အတည်ပြုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ မြေသိမ်းဥပဒေတို့နှင့်ပတ်သက်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်းသည် Green Peasant Institute (GPI) အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-10) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ မြေသိမ်းဥပဒေတို့နှင့် ပတ်သက်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်း Green Peasant Institute (GPI) အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

❍ *ကျောဖုံးမှ*

ကာဂျစ္စတန်အသင်းတို့၏ ခြေစစ်ပွဲ ဒုတိယအကျော့တွင် နှစ်ဂိုးစီ သရေကျခဲ့သည်။ ယခုယှဉ်ပြိုင်ရမည့် ပြန်ကန်ပွဲမှာ နှစ်သင်းစလုံးအတွက် အာရှဖလားခြေစစ်ပွဲ အောင်မြင်ရန် အရေးပါလျက်ရှိပြီး လေးပွဲစီကစားအပြီးတွင် ကာဂျစ္စတန်အသင်းက ခုနစ်မှတ်၊ မြန်မာအသင်းက ငါးမှတ်ရထားသည်။ မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲ အုပ်စု(က)၌ အိန္ဒိယ၊ ကာဂျစ္စတန်၊ မကာအိုတို့နှင့် ကျရောက်ခဲ့ပြီး အိန္ဒိယအသင်းမှာ ငါးပွဲကစား ၁၃ မှတ်ဖြင့် ခြေစစ်ပွဲ အောင်မြင်ထားပြီးဖြစ်သည်။ မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းမှာ နှစ်ပွဲစီကစားရန် ကျန်သေးသော်လည်း ခြေစစ်ပွဲအောင်မြင်ရန် ထိပ်တိုက်တွေ့ဆုံမည့်ပွဲမှာ အရေးပါလျက်ရှိသည်။ မြန်မာအသင်းအနေဖြင့် မဖြစ်မနေ အနိုင်ရမှသာ ခြေစစ်ပွဲအောင်မြင်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ပြီး ရှုံးနိမ့်ခဲ့ပါက ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်အဆုံးသတ်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မတ် ၂၇ ရက်တွင် မကာအိုအသင်းနှင့် အိမ်ကွင်းပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲတွင် ၁၉၆၈ ခုနှစ် တစ်ကြိမ်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ဒုတိယဆုရရှိခဲ့သည်။ ထို့ကြောင့် ယခုအကြိမ်တွင် ဒုတိယအကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၄ မိနစ် ၀၂ စက္ကန့်က အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ ငလျင်ငယ်တစ်ခု လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ မြေငလျင်သည် နေပြည်တော် မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၉၀ ခန့်အကွာ၊ မြန်မာနိုင်ငံ ပြည်တွင်း ပြည်မြို့၏ အရှေ့တောင်ဘက် ကိုးမိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၁၈ ဒသမ ၇၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၂၉ ဒီဂရီ၊ မြေအောက်အနက် ၈၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ သိရသည်။

**မောင်မွှေး**

# ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို တံခါးပိတ်မထားပါဘူး၊ နောက်ထပ်လက်မှတ်ရေးထိုးမယ့် အဖွဲ့တွေလည်း ရှိပါတယ်

ဦးခင်ဇော်ဦး (ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး)



ဗိုလ်မှူးကြီး ဝဏ္ဏအောင်



ဦးယောသပ်



ဦးခင်ဇော်ဦး



နိုင်အောင်မငေး



ဒေါက်တာ တူးဂျာ



နာဗစ်ဘွန်

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် တွေ့ဆုံမေးမြန်းထားပါသည် -**

**ဗိုလ်မှူးကြီး ဝဏ္ဏအောင်**
**အတွင်းရေးမှူး-၁**
**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ**
**ပူးတွဲစောင့်ကြည့်ရေးကော်မတီ**

လက်ရှိမှာ JMC - U နဲ့ ရှေ့ဆက်လုပ်ဆောင်မယ့် လုပ်ငန်းလမ်းညွှန်၊ စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ၊ NCA ပါ အချက်အလက်တွေကို လိုက်နာဆောင်ရွက်ဖို့အတွက် စောင့်ကြည့်ပြီးတော့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ကန့်ကွက်ခြင်း၊ ဖြေရှင်းခြင်းတွေကို ဆောင်ရွက်နေပါတယ်။ လိုအပ်မယ်ဆိုရင်တော့ စိစစ်ရေးအဖွဲ့တွေကို စေလွှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ JMC-U အနေနဲ့တော့ ခက်ခဲမှုတွေ လျှော့ချရပ်စဲဖို့အတွက် အဓိကထား ဆောင်ရွက်နေပါတယ်။

**ဦးယောသပ်**
**လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

ကျွန်တော်တို့ ဒေသမှာ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ အင်မတန်မှ အားနည်းပါသေးတယ်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုရဲ့အရွေ့တစ်ခုမှာ ကျွန်တော်တို့ အခုလိုလက်တွဲဆောင်ရွက်ခွင့်ရမယ်ဆိုရင် ဒီထက်မက တိုင်းရင်းသားတွေအတွက် တန်ဖိုးရှိမယ့်အရာတွေ လုပ်ကိုင်ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဆက်ပြီးမှလည်း လုပ်ဖို့အတွက် ကျွန်တော်တို့ ခွန်အားတွေ စုစည်းထားပါတယ်။

ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အရေးအကြီးဆုံးက ငြိမ်းချမ်းရေး ဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေးရမှ ဖွံ့ဖြိုးရေးကို လုပ်လို့ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်တဲ့ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိဖို့ရာ နံပါတ် ၁ အရေးကြီးပါတယ်။ နံပါတ် ၂ အနေနဲ့ တိုင်းရင်းသားပေါင်းစုံကလည်း လူမျိုးတစ်မျိုးနဲ့တစ်မျိုး လေးလေးစားစား ဆက်ဆံပြီးမှ လက်တွဲဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ တိုင်းရင်းသားတွေ ဒီလိုစည်းလုံးညီညွတ်ပြီး လက်တွဲဆောင်ရွက်နိုင်မယ်ဆိုရင် မိမိရဲ့ဒေသ၊ မိမိရဲ့ပြည်နယ်၊ မိမိရဲ့ နိုင်ငံတော်ကြီးအတွက် ဒီထက်မက ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်မယ်လို့ မြင်တဲ့အတွက် တိုင်းရင်းသားပြည်သူများအနေနဲ့ စည်းလုံးညီညွတ်မှု ရှိစေချင်ပါတယ်။

**ဦးခင်ဇော်ဦး**
**ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ရှစ်ဖွဲ့ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ လက်မှတ်ရေးထိုးဖို့ ကျန်ခဲ့ကြပါတယ်။ ကျန်ခဲ့ကြတဲ့အဖွဲ့တွေကို အဆက်မပြတ် တွေ့ဆုံညှိနှိုင်းပြီးတော့ လက်မှတ်ရေးထိုးနိုင်အောင် ဆောင်ရွက်တဲ့အခါမှာ ဒီနေ့ဆိုရင် မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က NCA ထဲမှာ ပါဝင်ပူးပေါင်းဆောင်ရွက်လာတာ ဖြစ်ပါတယ်။

ဒီလို လက်မှတ်ရေးထိုးဖို့ ကျန်တဲ့အဖွဲ့တွေထဲကနေ နှစ်ဖွဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်လာတဲ့အတွက်ကြောင့် ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ကဏ္ဍတစ်ခုကို ရှေ့ကို တစ်လှမ်းတိုးလာတယ်လို့ ပြောရမှာပါ။ မြန်မာနိုင်ငံမြေပုံကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံတောင်ပိုင်းဖြစ်တဲ့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဆိုပြီးတော့ တွေ့ရပါလိမ့်မယ်။ ကရင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက NCA မှာ လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ တနင်္သာရီတိုင်းမှာဆိုရင်လည်း အချို့နယ်မြေမှာရှိတဲ့သူတွေက လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။ လက်မှတ်ရေးထိုးပြီးတဲ့အခါမှာ ငြိမ်းချမ်းရေး လုပ်ငန်းတွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အားသွန်ခွန်စိုက် ဆောင်ရွက်နေတဲ့အခါမျိုးမှာ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းကြားထဲမှာရှိတဲ့ မွန်ပြည်နယ်က ကျန်နေတာပါ။

အခုဆိုရင် NMSP အဖွဲ့က ဒီလုပ်ငန်းစဉ်ထဲမှာ ပါဝင်လာပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအောက်ပိုင်းဟာ ငြိမ်းချမ်းရေးခရီးစဉ်ကို ဖြောင့်ဖြောင့်ဖြူးဖြူးသွားနိုင်မယ့် အနေအထားမျိုးကို ရောက်လာပြီလို့ ပြောရမှာဖြစ်ပါတယ်။ ကျန်တဲ့ဒေသ ကျန်တဲ့ အဖွဲ့အစည်းတွေအတွက်လည်း ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။

မကြာခင်အချိန်တွေမှာတော့ ကျွန်တော်တို့ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာပါလိမ့်မယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ကျွန်တော်တို့ တံခါးပိတ်မထားပါဘူး။ အဖွဲ့တိုင်းနဲ့ ကျွန်တော်တို့ ဆွေးနွေးနေပါတယ်။ အချို့အဖွဲ့တွေကတော့ တရားဝင်ဆွေးနွေးတာတွေရှိသလို၊ တချို့အဖွဲ့ဝင်တွေကတော့ အလွတ်သဘောဆွေးနွေးနေတာတွေ မပြတ်လုပ်နေပါတယ်။ အလွတ်သဘောဆွေးနွေးတာကနေ အဖြေမရသေးတဲ့အခါ ထုတ်ပြန်ကြေညာလို့ မဖြစ်သေးပါဘူး။ တွေ့ဆုံဆွေးနွေးမှုကနေ ယုံကြည်မှုတွေ ကြိုးစားတည်ဆောက်နေပါတယ်။ နောက်ထပ် လက်မှတ်ရေးထိုးမယ့်အဖွဲ့တွေလည်း ရှိပါတယ်။

**နိုင်အောင်မငေး**
**မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင်**

NCA ထိုးပြီးရင် NCA ရဲ့ နောက်ဆက်တွဲအနေနဲ့ လုပ်ငန်းအကောင်အထည်ဖော်တဲ့အခါ အမျိုးသားအဆင့်ဆွေးနွေးပွဲကို ထဲထဲဝင်ဝင်လုပ်မယ်။ သေသေချာချာလုပ်မယ်။ ပြီးရင် နိုင်ငံရေးဆွေးနွေးပွဲကို သေသေချာချာ တက်ရောက်ပါမယ်။ အားနည်းချက်၊ အားသာချက်ဆိုတာ ရှိပါတယ်။ ဥပမာ အားနည်းချက်က တိုင်းရင်းသားလက်နက်ကိုင်တစ်ဖွဲ့လုံး မပါသေးတာ တော်တော်စိတ်မကောင်းစရာပါ။ အားသာချက်ကတော့ NCA လက်မှတ်ထိုးပြီးရင် နိုင်ငံရေးဆွေးနွေးပွဲကို ထဲထဲဝင်ဝင် ပါဝင်လာနိုင်ပြီး ဆွေးနွေးနိုင်မှာပါ။ ငြိမ်းချမ်းရေးလမ်းစဉ်ကောင်းအောင် မွန်ပြည်သစ်ပါတီတစ်ခုတည်းနဲ့ မလုံလောက်ဘူး။ ကျန်တဲ့ ပြည်သူတွေနဲ့ နိုင်ငံရေးပါတီတွေ၊ အတတ်ပညာရှင်၊ အသိပညာရှင်တွေ စုစည်းလုပ်မှသာလျှင် ကောင်းမွန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုကို တည်ဆောက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါ့ကြောင့် အားလုံး ပူးပေါင်းဆောင်ရွက်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဒေါက်တာ တူးဂျာ**
**ကချင်ပြည်နယ် ဒီမိုကရေစီပါတီ - KSDP**

ပြည်တွင်းစစ်ပြဿနာက နိုင်ငံရေးပြဿနာပဲ။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအတိုင်းဖြေရှင်းမှ ပြေလည်မယ်ဆိုတဲ့ ခံယူချက် လူတိုင်းရင်မှာ ရှိနေပါပြီ၊ အထူးသဖြင့် ၂၀၁၀ ရွေးကောက်ပွဲပြီးနောက်ပိုင်း တက်လာတဲ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဒါကိုလက်ခံပြီးတော့မှ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်လာတာပါ။ အရင်ကတော့ ဒါကို လက်မခံကြဘူး။ စစ်ရေးနဲ့ပဲ ဖြေရှင်းဖို့ ကြိုးစားခဲ့တာပါ။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်ကစပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအတိုင်း ဖြေရှင်းကြမယ်ဆိုပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ကြတာပါ။

ဒါကြောင့် တစ်ဆင့်ပြီးတစ်ဆင့် လုပ်လာတဲ့အပေါ်မှာ နောက်ဆုံး NCA ဆိုတာ ပေါ်လာတာပါ။ NCA စာချုပ်က ဘာလဲဆိုရင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးစားပွဲဝိုင်းမှာ ဆွေးနွေးရမယ်။ အပစ်အခတ်ရပ်ထားရမယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်ထားပြီးမှ နိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးတဲ့အခါ စိတ်ဖြောင့်ဖြူးမယ်၊ ပိုပြီးတော့ပြေလည်နိုင်မယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဒါက ပထမခြေလှမ်း ဖြစ်ပါတယ်။

ဒါကို ကျော်ဖြတ်နိုင်တဲ့ အဖွဲ့အစည်းတွေလည်း ရှိနေပါပြီ။ အရင်ကလည်း ရှစ်ဖွဲ့ ထိုးပြီးပါပြီ။ အခု နှစ်ဖွဲ့ဆိုတော့ အားလုံး ၁၀ ဖွဲ့ရှိပါတယ်။ လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေ ရှိပါသေးတယ်။ ဒီဟာရဲ့ ပြဿနာတစ်ခုက NCA မှာ အချက်အလက်တွေရှိတယ်။ အဲ့ဒီ အချက်အလက်တချို့ကို လက်မှတ်မရေးထိုးသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ပြုပြင်ချင်တယ်။ ပြုပြင်ပြီးတော့မှ နှစ်ဖက်သဘောတူညီမှုရရှိမှ လက်မှတ်ရေးထိုးမယ်လို့ ကြားသိရပါတယ်။

နှစ်ဖက်တွေ့ဆုံဆွေးနွေး အဖြေရှာလို့ရနိုင်တဲ့ အနေအထားမျိုးလည်း ဖြစ်ပါတယ်။ ဆက်လက်ပြီး ကြိုးစားနေတဲ့ အနေအထားမျိုးလည်း ရှိပါတယ်။ အဓိကကျတဲ့အချက်က တွေ့ဆုံဆွေးနွေးခြင်းပါ။ NCA လက်မှတ်ရေးထိုးဖို့ တွေ့ဆုံဆွေးနွေးတဲ့အခါမှာ အနည်းဆုံးအဆင့်က ယာယီအပစ်အခတ်ရပ်စဲရေး လုပ်ထားဖို့ လိုတယ်။ တိုက်ပွဲတွေကြားမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက NCA လက်မှတ်ရေးထိုးရေးအတွက် ယုံကြည်မှုအပိုင်းမှာ အားနည်းချက်တွေရှိတယ်။ ယုံကြည်မှုမရှိတာတွေ ကြားသိရတယ်။ ဒါကြောင့် ယုံကြည်မှုအပြည့်အဝရရှိလာအောင်ဆိုရင် တိုက်ပွဲတွေကို ယာယီအားဖြင့် သော်လည်းကောင်း ရပ်စဲထားဖို့ လိုအပ်တာ သိမြင်နေရပါတယ်။

အခြားအရာတွေကလည်း အနည်းအပါးပြုပြင်စရာတွေ ရှိပါတယ်။ ဒါတွေကို ပြုပြင်ပြီးတော့မှ လက်ခံသွားကြမှာပါ။ နောက်ဆုံးပြောမယ်ဆိုရင်တော့ UNFC အနေနဲ့ ပြုပြင်စရာ၊ ဖြည့်စွက်စရာရှိတာတွေကို အချက်ရှစ်ချက်တင်ပြီး DPN နဲ့ NRPC ဆွေးနွေးခဲ့ကြတာပါ။ အခု နောက်ဆုံးမှာ သဘောတူညီခဲ့ကြတယ်။ ဒီနေ့မှာ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က လက်မှတ်ရေးထိုးကြတယ်။ အဲဒီလို အနေအထားမျိုးတွေ ပေါ်ထွက်လာပြီး ကျန်တဲ့လက်မှတ်မရေးထိုးသေးတဲ့ အဖွဲ့အစည်းတွေလည်း သူတို့တော့နည်းလမ်းတော့ ရှာကြမှာပါ။

NCA ကို ကျော်ဖြတ်နိုင်မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြောင့်ဖြူးနိုင်မယ့်အနေအထားမျိုး ဖြစ်တဲ့အခါ NCA မှာ ပြင်ဆင်စရာရှိတာ ပြင်ရမယ်။ တံခါးကျယ်ကျယ်ဖွင့်ပေးဖို့လိုတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအတိုင်း ဖြေရှင်းရမယ်ဆိုတဲ့ ခံယူချက်အတိုင်း ပင်လုံညီလာခံကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သင့်ပါဝင်ထိုက်သူ အားလုံးပါဝင်နိုင်မယ့် ညီလာခံဖြစ်အောင် ကျင်းပသွားမယ်ဆိုရင် ငြိမ်းချမ်းရေးက ပြေးမလွတ်ပါဘူး။ ပြည်တွင်းစစ်ရပ်စဲတာနဲ့ ငြိမ်းချမ်းရေးရရှိနိုင်မယ်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မယ်လို့ မြင်ပါတယ်။

**နာဗစ်ဘွန်**
**လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဗဟိုကော်မတီဝင်**

ကျွန်မတို့အနေနဲ့ လက်မှတ်ရေးထိုးပွဲမှာ လာရောက်လက်မှတ်ရေးထိုးနိုင်တဲ့အတွက် အင်မတန်မှ ဂုဏ်ယူပါတယ်။ ပြည်သူလူထုနဲ့ အတူတကွ ပူးပေါင်းပြီး လားဟူလူမျိုးတွေ တိုးတက်ဖို့ အများကြီးလုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ NCA လက်မှတ်ရေးထိုးပြီး နောက်ပိုင်းမှာ နိုင်ငံတော်အဆင့်ဆိုရင်လည်း နိုင်ငံတော်အဆင့်၊ အောက်ခြေမှာဆိုရင်လည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ရှိတယ်၊ လူထုတွေ့ဆုံဆွေးနွေးပွဲတွေ ရှိတယ်။ ပြည်သူလူထုနဲ့အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဝိုင်းဝန်းသွားဖို့ရှိပါတယ်။ လက်မှတ်ရေးထိုးနိုင်ဖို့ အများကြီး ညှိနှိုင်းကြိုးစားခဲ့ပါတယ်။ အစိုးရနဲ့ ညှိနှိုင်းမှုကတစ်ပိုင်း၊ လားဟူပြည်သူလူထုအနေနဲ့ ဝိုင်းဝန်းပူးပေါင်းဖို့အတွက် အများကြီး ကြိုးစားလုပ်ဆောင်ခဲ့ရပါတယ်။ ဆယ်စုနှစ်ချီပြီး ကြိုးစားခဲ့ပါတယ်။

ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းရေးရဖို့အတွက် လားဟူလူမျိုးစု ပါဝင်လာတဲ့အချိန်မှာ ပြည်သူလူထုကလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုတဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ရပါတယ်။ လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အားလုံးကိုလည်း သေချာစွာ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာ အတူအကွ ပူးပေါင်းပါဝင်ကြဖို့ ပြောကြားလိုပါတယ်။

**စောစိန်ဝင်း**
**UPDJC အဖွဲ့ဝင် (DKBA)**

ကျွန်တော်တို့ ကရင်ပြည်နယ်မှာရှိတဲ့ ပြည်သူတွေရဲ့ သွားလာနေထိုင်မှု၊ လုပ်ကိုင်စားသောက်မှု အခွင့်အလမ်း ပွင့်လင်းလာတယ်လို့ သုံးသပ်မိပါတယ်။ NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားညီအစ်ကိုတွေ နိုင်ငံတော်တည်ဆောက်ရေးအတွက် အမြန်ဆုံး အတူတကွ ဝိုင်းဝန်းစုပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ ဆန္ဒပြုလိုပါတယ်။

**စိုင်းကျော်ညွန့်**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၊**
**နိုင်ငံရေးပါတီများအစုအဖွဲ့ အတွင်းရေးမှူး**

ဒီနေ့ကတော့ အခုလက်ရှိအစိုးရလက်ထက်မှာ ပထမဦးဆုံး NCA လက်မှတ်ရေးထိုးတဲ့ နှစ်ဖွဲ့ဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာက ဒီအဖွဲ့နှစ်ဖွဲ့က နဂိုကတည်းက ပါခဲ့တယ်။ NCCT နဲ့ NCA ဆွေးနွေးစဉ်ကတည်းက အဖွဲ့ဝင်အနေနဲ့ ပါဝင်ခဲ့တဲ့ အဖွဲ့အစည်းတွေဖြစ်ပါတယ်။ အကြောင်းမတိုက်ဆိုင်လို့ အခုအချိန်အထိ ကြန့်ကြာမှုတွေ ရှိနေတာဖြစ်ပါတယ်။

NCA ကို ပြုပြင်ရင်းနဲ့ နှစ်ဖက်စေ့စပ်ညှိနှိုင်းရင်းနဲ့ ဒီအဖွဲ့နှစ်ဖွဲ့ဟာ အခုလက်မှတ်ရေးထိုးနိုင်ပါတယ်။ ဘာပဲပြောပြော ကျွန်တော်တို့သွားတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးထဲမှာ အရွေ့တစ်ခု ဖြစ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျန်တဲ့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေလည်း ကျန်နေသေးတယ်ဆိုတော့ ကျွန်တော်တို့ ဆက်လုပ်ရဦးမှာပါ။ ပြီးတော့ NCA ဆိုတာကလည်း အဆုံးပန်းတိုင် မဟုတ်ပါဘူး။

NCA ဆိုတာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ရယ်၊ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်လာဖို့အတွက် နိုင်ငံရေးဆွေးနွေးပွဲတွေကို ဆွေးနွေးနိုင်ဖို့ အရင်ဦးဆုံးထိုးရတဲ့ စာချုပ်ပဲဖြစ်တယ်။ ဒါကြောင့် ဒီ NCA လမ်းကြောင်းကနေပဲဖြစ်စေ၊ မည်သည့်လမ်းကြောင်းကနေပဲဖြစ်စေ နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်လာနိုင်အောင် ကျန်တဲ့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ဖိတ်ခေါ်လိုပါတယ်။

**ဦးတင်မောင်ဝင်း**
**ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်**
**ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ**

မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ လက်မှတ်ထိုးကြမယ်ဆိုတော့ လွှတ်တော်အနေနဲ့ကလည်း လှိုက်လှဲစွာကြိုဆိုပါတယ်။ တိုင်းပြည်တိုးတက်ဖို့က ဘာလိုသလဲဆိုတော့ ငြိမ်းချမ်းရေးပါပဲ။ Infrastructure တွေ လုပ်ဖို့ဆိုတာ ငြိမ်းချမ်းရေးမရဘူးဆိုရင် မဖြစ်နိုင်ဘူး။ လမ်း၊ တံတားတွေ စတဲ့ Infrastructure တွေ လုပ်ဖို့ဆိုရင် အရင်ဆုံး ငြိမ်းချမ်းမှုပဲ ရမယ်။ လောလောဆယ် အခုဖြစ်နေတာက မန္တလေး- မူဆယ်လမ်းကြီးဆိုရင် အမြဲတမ်းကျပ်တယ်။ အဲဒီမှာ လမ်းအသစ်ဖောက်မယ်ဆိုရင်တောင် ဖောက်လို့ရတယ်။

*စာမျက်နှာ ၁၀ သို့*

# NMSP နှင့် LDU တို့ ပါဝင်လာသည့် ငြိမ်းချမ်းရေးခြေလှမ်းသစ်

ရှင်မင်း




**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU) တို့ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပစဉ်။**

ယနေ့ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်တစ်ခုကို ထပ်မံလှမ်းချီနိုင်ခဲ့ပါပြီ။ မွန်ပြည်သစ်ပါတီ(NMSP)နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU) တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ NCA တွင် ပါဝင်လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန( MICC-2)၌ ကျင်းပခဲ့ပါသည်။ အခမ်းအနားတက်ရောက်လာကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ပျော်ရွှင်သော အပြုံးများကြောင့် အပျော်များ ကူးစက်ခံစားရပါသည်။ ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့နှင့်လည်း တိုက်ဆိုင်နေသည့်အတွက် အခမ်းအနားမြင်ကွင်းကို မြင်တွေ့ရသည်မှာ ပိုမိုဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။ သို့သော် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အကြောင်းကြောင်းကြောင့် မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လက်မှတ်ရေးထိုးသည့် ယခုကဲ့သို့ မြင်ကွင်းများကိုလည်း မြင်တွေ့လိုလှပါသည်။ အားလုံးပါဝင်သည့် ထာဝရ ငြိမ်းချမ်းရေးကို အမှန်တကယ်ပင် ရရှိလိုပါသည်။

**ပင်လုံစိတ်ဓာတ်**

ထိုသို့ ရည်မှန်းဆောင်ရွက်နေသည်ကို ယနေ့အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "NCA လက်မှတ်ရေးထိုးတဲ့အဖွဲ့သစ်တွေ တိုးလာပြီးတဲ့နောက်မှာလည်း ကျွန်မတို့ရဲ့ ရှေ့လုပ်ငန်းစဉ်က ရှင်းပါတယ်၊ NCA လက်မှတ်ရေးထိုးပြီးသားအဖွဲ့တွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ်တွေ ခိုင်မာအောင် ဆက်ကြိုးပမ်းမယ်၊ နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လုပ်မယ်၊ ကျွန်မတို့အချင်းချင်းအကြား သဘောထားကွဲလွဲတာတွေ ဖြစ်ပေါ်လာရင် ပင်လုံစိတ်ဓာတ်နဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာမယ်၊ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေနဲ့လည်း လက်နက်ကိုင်ပဋိပက္ခတွေ လျော့နည်းသွားအောင် တွေ့ဆုံဆွေးနွေးမှုတွေနဲ့ အဖြေရှာမယ်၊ ဒီအဖွဲ့တွေ NCA ထီးရိပ်အောက်ရောက်ရှိလာပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်လာအောင် ကြိုးစားပါ"ဟု ပြောကြားခဲ့ပါသည်။

**အလားအလာကောင်း**

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက် က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ခေါင်းဆောင်များက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ကို ပါဝင်လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။ ယခုနောက်ထပ်ခြေလှမ်းအဖြစ် မွန်ပြည်သစ်ပါတီ(NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့က ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ပါဝင်လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများပါဝင်ရန် အလားအလာကောင်းများစွာရှိနေသည်ဟု သိရှိရပါသည်။

ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးက မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်လာနိုင်သည့်အကြောင်းကို ယနေ့အခမ်းအနား၌ မီဒီယာများကမေးမြန်းစဉ် ဖြေကြားခဲ့ပါသည်။

"ဒီလိုလက်မှတ်ရေးထိုးဖို့ ကျန်တဲ့အဖွဲ့တွေထဲကနေမှ နှစ်ဖွဲ့ပါဝင်ပူးပေါင်းဆောင်ရွက်လာတဲ့အတွက်ကြောင့် ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကတော့ ကဏ္ဍတစ်ခုကို ရှေ့ကိုတစ်လှမ်းတိုးလာတယ်လို့ ပြောရမှာပေ့ါ၊ မြန်မာနိုင်ငံမြေပုံကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံတောင်ပိုင်းဖြစ်တဲ့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဆိုပြီးတော့ တွေ့ရပါလိမ့်မယ်၊ ကရင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးက NCA မှာ လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်၊ တနင်္သာရီတိုင်းမှာဆိုရင်လည်း ကေအင်န်ယူဘက်က တပ်မဟာ ၄ အချို့နယ်မြေတွေမှာ လက်မှတ်ရေးထိုးပြီးဖြစ်တဲ့အတွက်ကြောင့် ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းက လက်မှတ်ရေးထိုးထားပြီ၊ လက်မှတ်ရေးထိုးပြီးတဲ့အခါမှာ ငြိမ်းချမ်းရေးလုပ်ငန်းတွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အားသွန်ခွန်စိုက်ဆောင်ရွက်နေတဲ့ အခါမျိုးရှိတဲ့အခါမှာ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းကြားထဲမှာရှိတဲ့ မွန်ပြည်နယ်က ကျန်နေတာပါ၊ ကျွန်တော်တို့က မွန်အဖွဲ့ NMSP ပါလာနိုင်အောင် ကြိုးစားတဲ့အခါမှာ အခုဆိုရင် NMSP အဖွဲ့က ဒီလုပ်ငန်းစဉ်ထဲမှာပါဝင်လာပြီ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံအောက်ပိုင်းဟာ ငြိမ်းချမ်းရေးခရီးစဉ်ကို ဖြောင့်ဖြောင့်ဖြူးဖြူးသွားနိုင်မယ့် အနေအထားမျိုးကို ရောက်လာပြီလို့ ပြောရမှာဖြစ်ပါတယ်၊ ကျန်တဲ့ဒေသ၊ ကျန်တဲ့အဖွဲ့အစည်းတွေအတွက်လည်း ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်၊ မကြာခင်အချိန်တွေမှာတော့ ကျွန်တော်တို့ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာပါလိမ့်မယ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကိုတော့ ကျွန်တော်တို့ တံခါးပိတ်မထားပါဘူး၊ အဖွဲ့တိုင်းနဲ့ ကျွန်တော်တို့ ဆွေးနွေးနေပါတယ်၊ အချို့အဖွဲ့တွေကတော့ တရားဝင်ဆွေးနွေးတာတွေရှိသလို တချို့အဖွဲ့ဝင်တွေကတော့ အလွတ်သဘောဆွေးနွေးနေတာတွေကတော့ မပြတ်လုပ်နေပါတယ်၊ အလွတ်သဘောဆွေးနွေးတာကနေ အဖြေမရသေးတဲ့အခါ ထုတ်ပြန်ကြေညာလို့ မဖြစ်သေးဘူး၊ တွေ့တိုင်းတွေ့တိုင်း ထုတ်ပြန်ကြေညာခြင်း မရှိနိုင်သေးတာဖြစ်ပါတယ်၊ တွေ့ဆုံဆွေးနွေးမှုကနေ ယုံကြည်မှုတွေ ကြိုးစားတည်ဆောက်နေပါတယ်၊ နောက်ထပ်လက်မှတ်ရေးထိုးမယ့်အဖွဲ့တွေလည်း ရှိပါတယ်၊ ဒီဟာကိုလည်း လုပ်နေပါတယ်၊ အဖွဲ့တိုင်းနဲ့ ညှိနှိုင်းဆွေးနွေးနေပါတယ်"ဟု ဦးခင်ဇော်ဦးက ပြောကြားခဲ့ပါသည်။

**"ဒီကနေ့ လက်မှတ်ရေးထိုးမယ့် သတင်းတွေ ပေါ်ထွက်လာချိန်မှာ အဲဒီဒေသကပြည်သူတွေ ဝမ်းသာကြ၊ ပျော်ရွှင်ကြနဲ့ ကြည်နူးစရာသတင်းတွေ ကြားသိရပါတယ်၊ ပြည်သူတွေရဲ့ ပထမဆုံး သိသာထင်ရှားတဲ့ ပြောင်းလဲမှုက လက်နက်ကိုင်ပဋိပက္ခကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ အကြောက်တရားတွေ ပျောက်ကွယ်သွားခြင်းပဲ ဖြစ်ပါတယ်၊ မတရားအသင်းမဟုတ်တော့ဘူး၊ အကြမ်းဖက်အဖွဲ့အစည်း မဟုတ်တော့ဘူးဆိုတဲ့အသိကြောင့် ဆက်သွယ်ပြောဆိုဆက်ဆံရာမှာ အကြောက်တရားတွေ လျော့သွားတယ်၊ ပဋိပက္ခတွေ ချုပ်ငြိမ်းတော့မယ်ဆိုတဲ့အသိနဲ့ အနာဂတ်အတွက် မြင်ယောင်ဝမ်းသာကြတယ်"**

**သဘောတူညီခဲ့ကြ**

ယနေ့ လက်မှတ်ရေးထိုးထားသော NCA သဘောတူစာချုပ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ယခင်ကချုပ်ဆိုခဲ့သော သဘောတူညီချက်များအား ထပ်လောင်းအသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်း၊ ထပ်ဆင့်အတည်ပြုခြင်းတို့ ပါဝင်ပြီး အခန်း ၇ ခန်းနှင့် အပိုဒ်ပေါင်း ၃၃ ပိုဒ်ပါရှိကြောင်း သိရှိရပါသည်။

ထို့ပြင် NCA သဘောတူစာချုပ် အနှစ်ချုပ်ဖော်ပြချက်အရ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုထူထောင်ကာ တန်းတူရည်တူအခွင့်အရေးရရှိမည့် ရေရှည်တည်တံ့သော ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရန် သဘောတူညီခဲ့ကြသည်။

လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်းများ၏ အတိုင်းအတာအရ တာဝန်ယူနေကြသော အဖွဲ့အစည်းများဖြစ်သည့်အားလျော်စွာ အပစ်အခတ်ရပ်စဲထားကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည်ဖော်နေသည့် ကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး၊ ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသ ဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရှိရသည်မှာ အထူးပင်အားရကျေနပ်ဖွယ် ဖြစ်ပါသည်။


"ဒီကနေ့ လက်မှတ်ရေးထိုးမယ့် သတင်းတွေ ပေါ်ထွက်လာချိန်မှာ အဲဒီဒေသကပြည်သူတွေ ဝမ်းသာကြ၊ ပျော်ရွှင်ကြနဲ့ ကြည်နူးစရာသတင်းတွေ ကြားသိရပါတယ်၊ ပြည်သူတွေရဲ့ ပထမဆုံး သိသာထင်ရှားတဲ့ ပြောင်းလဲမှုက လက်နက်ကိုင်ပဋိပက္ခကြောင့်ဖြစ်ပေါ်ခဲ့ရတဲ့ အကြောက်တရားတွေ ပျောက်ကွယ်သွားခြင်းပဲ ဖြစ်ပါတယ်၊ မတရားအသင်း မဟုတ်တော့ဘူး၊ အကြမ်းဖက်အဖွဲ့အစည်း မဟုတ်တော့ဘူးဆိုတဲ့အသိကြောင့် ဆက်သွယ်ပြောဆိုဆက်ဆံရာမှာ အကြောက်တရားတွေ လျော့သွားတယ်၊ ပဋိပက္ခတွေ ချုပ်ငြိမ်းတော့မယ်ဆိုတဲ့အသိနဲ့ အနာဂတ်အတွက် မြင်ယောင်ဝမ်းသာကြတယ်"ဟုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယနေ့တွင် ပြောကြားခဲ့ပါသည်။

စာမျက်နှာ ၁၀ သို့


စောစိန်ဝင်း


စိုင်းကျော်ညွန့်


ဦးတင်မောင်ဝင်း


သိက္ခာတော်ရဆရာတော် စောမက်သယူးအေး


ဒေါက်တာနီကိုလိုင်း လစ်တိုပါဒေါ့ဗ်


ဒေါ်နန်းမွှေးမွှေးခင်

*စာမျက်နှာ ၈ မှ*

ဟိုတုန်းကတော့ နည်းပညာအရ တောင်ကိုတွေ့ရင် ကွေ့ပတ်ဖောက်ရတယ်။ ဒီနေ့ခေတ်မှာ တိုးတက်လာတဲ့ နည်းပညာအရ တောင်ရှိရင် ဖောက်ထွက်မယ်၊ တည့်တည့်သွားမယ်။ အဲဒီလိုတွေလုပ်ဖို့က မငြိမ်းချမ်းတဲ့ နယ်မြေမှာဆိုတော့ ဘာမှ လုပ်လို့မရဘူး။ ငြိမ်းချမ်းသွားရင် ဒါတွေဟာ ချက်ချင်းဖြစ်လာမှာ။ အဲဒါတွေလုပ်ဖို့အတွက် ADB တို့ World Bank တို့က ပေးထားတဲ့ငွေကလည်း ရှိပြီးသားပါ။ ငြိမ်းချမ်းရေးရရင် ဒီအခြေခံအဆောက်အအုံ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ပြီးတော့ အရာအားလုံး ဖြေရှင်းလို့ရပါတယ်။

**သိက္ခာတော်ရဆရာတော် စောမက်သယူးအေး**

**ပြည်တွင်းအသိသက်သေ လက်မှတ်ရေးထိုးသူ**

ဒီကနေ့ပွဲမှာ ပြည်တွင်းအသိသက်သေအနေနဲ့ လက်မှတ်ရေးထိုးခွင့်ရတဲ့အတွက်၊ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခွင့်ရတဲ့အတွက် အားတက်သရေ ဖြစ်ပါတယ်။ ဒီနေ့ လက်မှတ်ရေးထိုးပွဲဟာ ကျွန်တော်တို့ တိုင်းရင်းသားတွေ မျှော်လင့်တဲ့ ရလဒ်တစ်ခုပါပဲ။ ပြီးပြည့်စုံတယ်လို့ မဆိုလိုပေမယ့် နောက်ထပ်အဖွဲ့နှစ်ခုဖြစ်တဲ့ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့ ပါဝင်လာတာ ကောင်းမွန်တဲ့ အပေါင်းလက္ခဏာတစ်ခုပဲ ဖြစ်ပါတယ်။

NCA ကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ပြောသလိုပဲ။ ကျွန်တော်တို့သွားနေတဲ့ ငြိမ်းချမ်းရေးရဲ့ အခြေခံတစ်ခုဖြစ်တယ်။ ကျွန်တော်တို့ လျှောက်ရမယ့် ခြေလှမ်းထဲကတစ်ခု။ ဒါအားလုံးပြီးပြည့်စုံတာတော့ မဟုတ်ဘူး။ ဒါပေမယ့် အဲဒီအထဲကနေ အဖြေရှာသွားနိုင်မှာ ဖြစ်ပါတယ်။

**ဒေါက်တာနီကိုလိုင်း လစ်တိုပါဒေါ့ဗ်**

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး**

ဒီကနေ့ NCA လက်မှတ်ရေးထိုးပွဲဟာ မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်တဲ့ ခြေလှမ်းတစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ အရေးကြီးဆုံးအရာတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ အများကြီးဝမ်းသာမိပါတယ်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားအဖွဲ့တွေအတွက်လည်း ဂုဏ်ယူပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ အားလုံးကိုလည်း ထောက်ခံပါတယ်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးနဲ့ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးဟာ အရေးကြီးဆုံး ဖြစ်ပါတယ်။

**ဒေါ်နန်းမွှေးမွှေးခင်**

**စစ်ကိုင်းတိုင်းဒေသကြီး**

**ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ဒီကနေ့ NCA လက်မှတ်ရေးထိုးပွဲမှာ ပြည်တွင်းသက်သေအနေနဲ့ပါရတယ်။ အင်မတန်ဂုဏ်ယူပါတယ်။ ဘာလို့လဲဆိုတော့ NCA ဆိုတာ ငြိမ်းချမ်းရေးအတွက် လမ်းစပဲဖြစ်တယ်။ နောက်ပိုင်းဆွေးနွေးမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေ ညှိနှိုင်းဆောင်ရွက်မှုတွေ ဆက်ပြီးတော့လုပ်ပေးသွားမယ့် ခြေလှမ်းတစ်ခုပဲ ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ လေ့လာသူအနေနဲ့ပဲ ပါဝင်ခဲ့ဖူးပါတယ်။ တိုင်းရင်းသားတွေအနေနဲ့ကတော့ NCA ဟာ သဘောတူစာချုပ်တစ်ခုဖြစ်ပြီးတော့ ငြိမ်းချမ်းရေးကို ဆောင်ရွက်တဲ့အခါမှာ အပြန်အလှန် ယုံကြည်မှုရအောင် အပြန်အလှန်လေးစားမှုဟာ အင်မတန်လိုအပ်ပါတယ်။ အပြန်အလှန်လေးစားမှုရပြီဆိုရင် ယုံကြည်မှုရရှိမှာပဲ ဖြစ်ပါတယ်။ ယုံကြည်မှုရပြီဆိုရင် ကျွန်မတို့သွားနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို သွားဖို့အတွက် အခက်အခဲမရှိဘူးလို့ ပြောလို့ရပါတယ်။

**တွေ့ဆုံမေးမြန်း- ဇင်ဦး၊ ခင်ရတနာ၊ အေးအေးသန့်၊ မွှေးကြူဇင်၊ ဓာတ်ပုံ- ထိန်နန်နော်၊ မွှေးသန့်၊ သီဟစည်သူ**

*စာမျက်နှာ ၉ မှ*

**လမ်းအလွဲမခံဘူး**

NMSP နှင့် LDU တို့အား အကြမ်းဖက်သူများ မဟုတ်ကြောင်းနှင့် မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ်များဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က ထုတ်ပြန်ထားပြီး ဖြစ်သည်။

ယနေ့လက်မှတ်ရေးထိုးသည့် NMSP နှင့် LDU တို့ ကိုယ်စား NMSP ဥက္ကဋ္ဌ နိုင်ထောမွန်ကလည်း "အားလုံးမျှော်မှန်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို NCA လက်မှတ်ရေးထိုးပြီးသား တိုင်းရင်းသားညီနောင်များနဲ့ရော မထိုးထားသေးတဲ့ ညီနောင်များနဲ့ရော လက်တွဲပြီး ဒီ NCA လမ်းကို လမ်းမှန်ဖြစ်ရုံမက ဖြောင့်ဖြူးတဲ့ လမ်းဖြစ်အောင် ဆောင်ရွက်သွားမယ်၊ ဖက်ဒရယ်ပြည်ထောင်စု မျှော်မှန်းချက်ကို မျက်ခြည်မပြတ်၊ လမ်းအလွဲမခံဘူးဆိုတာ ကတိပြုပါတယ်" ဟု အခမ်းအနားအမှာစကားတွင် ကတိပြုပြောကြားခဲ့ပါသည်။

**ဖိတ်ခေါ်နေတာဖြစ်**

ထို့အတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း "ယနေ့ကမ္ဘာမှာ နိုင်ငံအားလုံးအတွက် အံဝင်ခွင်ကျဖြစ်စေမယ့် တစ်ခုတည်းသော ဖက်ဒရယ်စနစ်ဆိုတာ မရှိပါဘူး၊ သူ့နိုင်ငံ၊ သူ့သမိုင်း၊ သူ့လူ့အဖွဲ့အစည်းပေါ်မူတည်ပြီး လိုက်လျောညီထွေ ပြုပြင်တည်ဆောက်ကြရတာပါပဲ၊ ကျွန်မတို့အားလုံး ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းပြီး အနာဂတ်ပြည်ထောင်စုရဲ့ ဖက်ဒရယ်ဒီဇိုင်းကို ရေးဆွဲကြမှာပါ၊ ကျွန်မတို့ နိုင်ငံ၊ ကျွန်မတို့ နိုင်ငံသားတွေ ညီညွတ်ဖို့လိုတယ်၊ ညီညွတ်တဲ့ ပြည်ထောင်စုတွေကသာ ဖက်ဒရယ်ကို ခိုင်ခိုင်မာမာ ရေရှည်ကျင့်သုံး ထိန်းသိမ်းနိုင်တာ ဖြစ်ပါတယ်၊ ညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့အတွက် နားလည်မှုနဲ့ ယုံကြည်မှုတွေကို ဦးစွာ တည်ဆောက်ကြရမှာပါ၊ ဒါကြောင့်လည်း ကျန်ရှိနေသေးတဲ့ အဖွဲ့အစည်းတွေကို ကျွန်မတို့ရဲ့ နိုင်ငံရေးဆွေးနွေးပွဲစားပွဲဝိုင်းတွေကို လာရောက်ကြဖို့ ညှိနှိုင်းနေ၊ ဖိတ်ခေါ်နေတာ ဖြစ်ပါတယ်" ဟု ယနေ့အခမ်းအနားတွင် ပြောကြားခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုရသော် NCA သည် ထာဝရ ငြိမ်းချမ်းရေးရရှိရန် စတင်သည့် ခြေလှမ်းအစ ဖြစ်ပါသည်။ NCA တွင် မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကျန်ရှိနေပါသေးသည်။ ကျန်ရှိနေသည့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာစေရန် လက်ကမ်းလျက်ရှိပါကြောင်းနှင့် ယနေ့ကဲ့သို့ NCA ထီးရိပ်အောက် ရောက်ရှိလာစေရန် ကြိုဆိုလျက်ရှိပါကြောင်း။ ။

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီလ ၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ အောက်ဆုံးအလယ်ပုံပါ ပုံစာအား မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းဟု လည်းကောင်း၊ အောက်ဆုံး ညာအစွန်ပုံပါ ပုံစာအား မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်းဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ်**

# နေပြည်တော် ရေဆင်းနယ်မြေရှိ တက္ကသိုလ်များ၏ တိုင်းရင်းသားရိုးရာပဒေသာကပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ပဒေသာကပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီခွဲက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

ပဒေသာကပွဲကို ရေဆင်းနယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်များ၏ တိုင်းရင်းသားလူမျိုးများ စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီမှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ယင်းတက္ကသိုလ်များရှိ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် နာဂတိုင်းရင်းသား၊ တိုင်းရင်းသူများက တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**





# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ချင်းတွင်းလမ်းနှင့် ခတ္တာလမ်းထောင့်၊ အမှတ်(၂၃၁၉)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (အန်၊ ယူ၊ ဒီ) National United Democratic Party (N.U.D)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၂-၂၀၁၈ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက် နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (အန်၊ယူ၊ဒီ) National United Democratic Party (N.U.D)၏ အလံပုံစံ**



**အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (အန်၊ယူ၊ဒီ) National United Democratic Party (N.U.D)၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက် လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် **အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ(အန်၊ ယူ၊ ဒီ) National United Democratic Party (N.U.D)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက် လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပန်းတနော်နှင့် အောင်လံမြို့၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထပ်မံဖွဲ့စည်း

**ပန်းတနော် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းရေး ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးကိုကိုသိန်း (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ ရွှေခေတ် မြန်မာ့လက်ရွေးစင်ဟောင်း ဦးရဲညွန့်တို့ ဦးဆောင်သည့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက်က ပန်းတနော်မြို့နယ် ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြို့နယ်ဘောလုံးအဖွဲ့ချုပ်နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီးနောက် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းရေး ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

ပန်းတနော်မြို့နယ် ဘောလုံးအဖွဲ့ချုပ်တွင် နာယက ခြောက်ဦး၊ အလုပ်အမှုဆောင် ၁၅ ဦး ပါဝင်ပြီး မြန်မာ့လက်ရွေးစင် တိုက်စစ်မှူးဟောင်း စည်သူဝင်းလည်း နည်းပြများအစုအဖွဲ့တွင် ပါဝင်လာခဲ့သည်။ ပန်းတနော်မြို့နယ် ဘောလုံးအဖွဲ့ချုပ်သည် ဧရာဝတီတိုင်းဒေသကြီး၌ ၁၁ ခုမြောက် ဖွဲ့စည်းသည့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်လည်းဖြစ်သည်။ ရွှေခေတ် မြန်မာ့လက်ရွေးစင် ဘောလုံးကစားသမားဟောင်း ဦးတင်အောင် (ဂိုး) ဦးဆောင်သည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက်က အောင်လံမြို့နယ် ဘောလုံးအဖွဲ့ချုပ် ရွေးချယ်ဖွဲ့စည်းခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အမှုဆောင် ၁၅ ဦးကို ရွေးကောက်ပွဲ စည်းမျဉ်းများအတိုင်း မဲပေးရွေးချယ် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စစ်တွေမြို့တွင် လူမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်

**စစ်တွေ ဖေဖော်ဝါရီ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ဘဝ ကနဦးပထမ ရက်ပေါင်း ၁၀၀၀ အတွင်း အာဟာရပြည့်ဝစွာ စားသုံးခွင့်ရ၍ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်များအဖြစ် ရှင်သန်ကြီးပြင်းနိုင်စေရေး ရည်ရွယ်ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်အား အာဟာရ အခြေအနေနိမ့်ပါးသော ဒေသများဖြစ်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် စတင်အကောင်အထည်ဖော်လျက်ရှိသည်။

**ထောက်ပံ့ငွေများပေးအပ်**

အဆိုပါအစီအစဉ်အရ ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ပထမအကြိမ် ငွေကြေးထောက်ပံ့မှုအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က စစ်တွေမြို့ရှိ ရွာကြီးမြောက်ဓမ္မာရုံ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ တက်ရောက်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးမိခင်များအား ထောက်ပံ့ငွေများ ပေးအပ်ထောက်ပံ့သည်။ ထို့ပြင် လူမှုဝန်ထမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် စစ်တွေမြို့ သက္ကေပြင် IDP စခန်းသို့ သွားရောက်ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါအစီအစဉ်အရ ပထမအကြိမ်ငွေကြေး



ထောက်ပံ့မှုသည် ၂၀၁၇ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အကျုံးဝင်ခဲ့သော အကျိုးခံစားခွင့်ရှိသူများအတွက်ဖြစ်ပြီး စစ်တွေမြို့နယ်၌ အကျိုးခံစားခွင့်ရှိသူဦးရေ ၈၀၇၆ ဦးရှိကြောင်း သိရသည်။

ထို့နောက် စစ်တွေမြို့ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် ကျင်းပပြုလုပ်သော ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ရွှေပါရမီ ပဲနို့အာဟာရဖောင်ဒေးရှင်းမှ ရခိုင်ပြည်နယ် ၁၇ မြို့နယ်အတွင်းရှိ ကလေးများအား စဉ်ဆက်မပြတ် ပဲနို့အာဟာရတိုက်ကျွေးနိုင်ရန်အတွက် ပဲနို့ကြိတ်စက်များ၊ ဆက်စပ်ပစ္စည်းများနှင့် နည်းပညာ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(အပေါ်ပုံ)**

**ပဲနို့သောက်သုံးခြင်းအကျိုးကျေးဇူး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားများ ပြောကြားခဲ့ပြီး ရွှေပါရမီ ပဲနို့အာဟာရဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရိုက်ဝင်းက လှူဒါန်းရသည့် အကြောင်းရင်း၊ ပဲနို့သောက်သုံးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး လှူဒါန်းပစ္စည်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကလေးငယ်များအား ပဲနို့အချိုရည်များ တိုက်ကျွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ-စင်ကာပူ ဆရာဝန်ကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နှလုံးအဆို့ရှင်လဲလှယ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်နိုင်

**မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ နှလုံးရောဂါအထူးကုဌာန၌ ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် နည်းပညာကုထုံးအသစ်ဖြင့် ပေါင်ခြံမှတစ်ဆင့် နှလုံးအဆို့ရှင်လဲလှယ်ကုသခြင်းလုပ်ငန်းကို လူနာငါးဦးအား အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။**

အဆိုပါကုသခြင်းလုပ်ငန်းကို စင်ကာပူနိုင်ငံ National University Hospital မှ နှလုံးအထူးကုဆရာဝန်ကြီး နှစ်ဦး၏ နည်းပညာအကူအညီဖြင့် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးမှ နှလုံးအထူးကု ဆရာဝန်ကြီးများ၊ ခွဲစိတ်ဆရာဝန်ကြီးများ၊ မေ့ဆေးအထူးကု ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး နှလုံးအဆို့ရှင် ၁၂ လုံးကို အမေရိကန်နိုင်ငံ Edward Life Sciences ကုမ္ပဏီမှ လှူဒါန်းမှုတို့ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၌ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အရေးပေါ် နှလုံးသွေးကြောပိတ်ရောဂါကို ဆေးသွင်းခြင်းမပြုဘဲ တိုက်ရိုက်သွေးကြောချဲ့ပြီး ဒေါက်ထည့် ကုသသည့် ကုထုံးအသစ်ဖြင့် အောင်မြင်မှုမှတ်တိုင် စိုက်ထူနိုင်ခဲ့သည်။ ယခု နှလုံးအဆို့ရှင် လဲလှယ်သည့်ကုထုံး (Transcutaneous Aortic Valve Implantation)(TAVI)သည် မြန်မာနိုင်ငံ၏ နှလုံးရောဂါဆေးကုသမှုသမိုင်းတွင် ဒုတိယအကြိမ်အဖြစ် မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကုထုံးသစ်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆရာဝန်ကြီးများက ပြောကြားခဲ့သည်။

**ဒေါက်တာ သန်းသန်းကြိုင်**

**(မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးဆေးကုဌာန ပါမောက္ခဌာနမှူး)**

မြန်မာနိုင်ငံမှာ ပထမဆုံးအနေနဲ့ မခွဲရ၊ မစိတ်ရဘဲ နှလုံးအဆို့ရှင်ကို ပေါင်ခြံကနေ ပိုက်ထည့်ပြီး လဲလှယ်ခြင်းကို ဖေဖော်ဝါရီ ၁၂ ရက်နဲ့ ၁၃ ရက်နေ့မှာ စတင်ဆောင်ရွက်ပါတယ်။ စင်ကာပူနိုင်ငံ အမျိုးသားအထူးကုဆေးရုံကြီးက Dr.Edger Tay, Dr. Jimmy Hun တို့နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အရင်တုန်းက အဆို့ရှင် လဲတယ်ဆိုတဲ့နေရာမှာ ရင်ဘတ်ကို ခွဲစိတ်ပြီးတော့ လဲလှယ်ရခြင်းဖြစ်ပါတယ်။ အခုခေတ် ပေါ်နည်းဖြစ်တဲ့ မခွဲရဘဲ ပေါင်ခြံကနေ ပိုက်ထည့်ပြီးတော့ နှလုံးအဆို့ရှင်ကို လဲလှယ်ခြင်းဖြစ်ပါတယ်။ လူနာလည်း သက်သာပါတယ်။

မေ့ဆေးကလည်း အများကြီး ပေးစရာမလိုပါဘူး။ တချို့လူနာတွေဆိုရင် ကျွန်မတို့က ထုံဆေးလေးနဲ့တင် စကားပြောရင်း လဲလှယ်ပေးပါတယ်။ ပြီးရင် လူနာက မိသားစုနဲ့ စကားတွေလည်း ပြောနိုင်တယ်။ နောက်တစ်နေ့မှာဆိုရင် ထပြီး လမ်းလျှောက်နိုင်တဲ့ အခြေအနေအထိကို ရရှိပါတယ်။ လူနာငါးဦးကို ကုသပေးဖို့အတွက် စီစဉ်ထားပါတယ်။ မနေ့ကတော့ သုံးယောက်ပြီးသွားပါပြီ။ အားလုံးအောင်အောင်မြင်မြင်နဲ့ ပြီးသွားပါတယ်။ လူနာရွေးချယ်မှုစနစ်က သိပ်အရေးကြီးပါတယ်။

အခု ကုထုံးက ဈေးလည်းကြီးပါတယ်၊ ခေတ်ပေါ်နည်းလည်း ဖြစ်တဲ့အတွက်ကြောင့် သူတို့နိုင်ငံတွေမှာလည်း နှလုံးခွဲစိတ်ဖို့အတွက် မသင့်တော်တဲ့သူတွေကို ရွေးချယ်ရပါတယ်။ ကျွန်မတို့ကလည်း နှလုံးခွဲစိတ်ဖို့အတွက် မေ့ဆေးအကြာကြီးပေးဖို့ မသင့်တော်တဲ့သူတွေ၊ ခွဲစိတ်မှုဒဏ်ကို မခံနိုင်တဲ့သူတွေကို ကျွန်မတို့က ဦးစားပေးပြီးတော့ ရွေးချယ်ပါတယ်။ အခုချိန်မှာ အစိုးရကလည်း ပံ့ပိုးတဲ့အတွက် အဆို့ရှင်လဲလှယ်တဲ့အချိန်မှာ ဘာမှသိပ်ပြီး ကုန်ကျခြင်း မရှိပါဘူး။ ဒါကြောင့် ကျွန်မတို့အနေနဲ့ ခွဲစိတ်ဖို့ သင့်တော်တဲ့သူတွေဆိုရင် ခွဲစိတ်ဆရာဝန်ကြီးတွေဆီကိုပဲ ပို့ပြီး ခွဲစိတ်စေပါတယ်။ အားလုံးပူးပေါင်းပြီး ရွေးချယ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။



မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် နည်းပညာကုထုံးအသစ်ဖြင့် ပေါင်ခြံမှတစ်ဆင့် နှလုံးအဆို့ရှင်လဲလှယ်ကုသမှု ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



ဒေါက်တာ သန်းသန်းကြိုင်



ဒေါက်တာ ကျော်စိုးဝင်း



ဒေါက်တာ Edgar Tay

ပုံမှန်အဆို့ရှင်လဲလှယ်တဲ့ နေရာမှာ အဆို့ရှင်လဲလှယ်မယ်ဆိုရင် ခွဲစိတ်တဲ့အခါမှာ အစိုးရက ပံ့ပိုးတဲ့အတွက်ကြောင့် ဘာမှသိပ်ပြီး ကုန်ကျစရိတ်မရှိပါဘူး။ ပေါင်ရင်းကနေ မခွဲရ၊ မစိတ်ရဘဲ အဆို့ရှင်လဲမယ်ဆိုရင် ဈေးအင်မတန်မှ ကြီးပါတယ်။ သူတို့က လှူဒါန်းတဲ့အတွက်ကြောင့် ကျွန်မတို့က လုပ်နိုင်ခြင်း ဖြစ်ပါတယ်။ တစ်စုံကို ဒေါ်လာလေးသောင်းကျော် ကျတယ်။ အခုအဆို့ရှင်တွေကို သူတို့က လှူတာပါ။ ကျွန်မတို့လူနာက ကုန်ကျစရိတ် ကျခံခြင်း မရှိပါဘူး။

ဒါပေမယ်လို့ နည်းပညာစနစ်သစ်တွေက နေ့စဉ်နဲ့အမျှ တိုးတက်မှုတွေက ရှိနေတဲ့အတွက်ကြောင့် နောင်များမှာ ဒီထက်သက်သာတဲ့ အဆို့ရှင်လေးတွေ ပေါ်လာတယ်ဆိုရင်၊ နိုင်ငံတော်က ပံ့ပိုးမှုလည်း ရှိမယ်ဆိုရင် ဒီနည်းပညာစနစ်သစ်နဲ့ ကျွန်မတို့လူနာအများကြီးကို ကယ်တင်နိုင်မယ်လို့ ယူဆပါတယ်။ ကျွန်မအနေနဲ့ ပထမဆုံးကျေးဇူးတင်တာကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနပါ။ စီးပွားကူးသန်း၊ ဘဏ္ဍာ၊ အခွန်၊ မန္တလေးလေဆိပ်က လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနက ဝန်ထမ်းအားလုံးကို ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အလှူပစ္စည်းဆိုပေမယ့် မြန်မာပြည်ကို တင်သွင်းတဲ့ အခါမှာ အခက်အခဲ အများကြီးရှိပါတယ်။ အဲဒီအခါ သူတို့ကနေ ဒီအလှူပစ္စည်းတွေကို ဆေးရုံကို ရောက်အောင် သူတို့တွေကဝိုင်းဝန်းပြီးတော့ ကူညီပံ့ပိုးတဲ့အတွက်ကြောင့် ဒီပစ္စည်းတွေ ရောက်လာတာပါ။

အဲဒီပစ္စည်းတွေ ရောက်လာတဲ့အတွက်ကြောင့်လည်း ကျွန်မတို့လူနာအတွက် လုပ်ပေးနိုင်တာပါ။ ပစ္စည်းတွေလှူဒါန်းပေးတဲ့ ကုမ္ပဏီကိုလည်း ကျေးဇူးတင်ပါတယ်။ နည်းပညာစနစ်သစ်ကို မျှဝေပေးဖို့အတွက် အဝေးကနေ လာရောက်ပေးတဲ့ စင်ကာပူနိုင်ငံက ဆရာဝန်ကြီးနှစ်ဦးကိုလည်း အထူးကျေးဇူးတင်ပါတယ်။နည်းပညာအသစ်တွေပေါ်တိုင်း ကြိုးစားကြဖို့ လာရောက်တိုက်တွန်းအားပေးနေတဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေအားလုံး၊ ဆေးရုံအုပ်ကြီး၊ ဝိုင်းဝန်းကူညီပေးကြတဲ့ ဆေးရုံကြီးက ဆရာဝန်ကြီး၊ ဆရာဝန်၊ သူနာပြုတွေအားလုံး၊ လျှပ်စစ်ဝန်ထမ်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒေါက်တာကျော်စိုးဝင်း**

**(ပါမောက္ခ နှလုံးအထူးကုဆရာဝန်ကြီး၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန)**

အရင်ကုထုံးက မေ့ဆေးပေးတယ်။ နံရိုးချိုးတယ်။ နှလုံးကို ရပ်လိုက်တယ်။ နှလုံးကိုခွဲပြီးတော့ မကောင်းတဲ့ အဆို့ရှင်ကို ထုတ်တယ်။ ပြီးတော့ကောင်းတဲ့ အဆို့ရှင် ပြန်ထည့်တယ်။ လူနာက မေ့ဆေးရဲ့ ဆိုးကျိုး၊ ခွဲစိတ်မှု ဆိုးကျိုးခံရနိုင်တယ်။ နှလုံးကို ရပ်ထားပြီး နှလုံးအတုစက်နဲ့ လည်ပတ်နေစဉ်ကာလအတွင်းမှာ၊ ခွဲစိတ်မှုကာလအတွင်းမှာ ဆိုးကျိုးတွေ ရလာနိုင်ပြီး တစ်ခုလုံးရဲ့ Procedure တွေနဲ့လုပ်တော့ ခြောက်နာရီ ကျော်ကြာတယ်။ ဒီရောဂါအဖြစ်များတာကလည်း အသက်ကြီးတဲ့သူတွေမှာ အဖြစ်များတယ်။ အဲဒီဟာကို ကုသဖို့က တချို့လူနာတွေက အသက်ကြီးသူ၊ ဝတဲ့သူ၊ ဆေးလိပ်အများကြီးသောက်လို့ အဆုတ်ပွနေသူတွေက မေ့ဆေးပေးလို့မရဘူး။ အဲဒီလို လူတွေက ပုံမှန်နည်းနဲ့ကုလို့ မရတော့ဘူး။ ဒီဝေဒနာနဲ့ အသက်ဆုံးရှုံးရတယ်။ အဓိက ဒီကုထုံးပေါ်လာတာက မေ့ဆေးပေးတဲ့ ဒဏ်မခံနိုင်တဲ့ နှလုံးရောဂါအပြင် အခြားရောဂါတွေပါ တွဲရှိနေတဲ့သူတွေအတွက် မခွဲ မစိတ်ဘဲနဲ့ ကုသဖို့ ကုထုံးအသစ်တွေပေါ်လာတဲ့ နည်းပညာပါ။ လူတိုင်းက သာမန်အသေးစားတောင် မခွဲစိတ်ချင်တော့ နှလုံးခွဲစိတ်တဲ့ အကြီးစားခွဲစိတ်မှု မလုပ်ချင်ကြဘူး။ နိုင်ငံခြားမှာတော့ ဒီကုထုံးကို ပြင်သစ်နိုင်ငံက နှလုံးခွဲစိတ်ကု ဆရာဝန်ကြီးက ၂၀၀၂ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ ဒါကို တွင်တွင်ကျယ်ကျယ် မလုပ်ခဲ့ကြဘူး။ ကြောက်ကြတယ်။ တွင်တွင်ကျယ်ကျယ်လုပ်တာက ၂၀၀၉ ခုနှစ်မှာ လုပ်ခဲ့ကြရာက ၂၀၁၇ ခုနှစ်မှာ လူတစ်သိန်းလောက်က မခွဲမစိတ်ဘဲနဲ့ ပေါင်ခြံကနေ နှလုံးအဆို့ရှင်လဲတဲ့ ကုထုံးနဲ့ လုပ်ခဲ့ကြပါတယ်။

အာရှတိုက်မှာ ဒီကုထုံးနဲ့ တစ်သောင်းလောက်လုပ်ခဲ့ကြပြီး အများဆုံး လုပ်တာကတော့ ဂျပန်နိုင်ငံကပါ၊ ဒုတိယ အများဆုံး လုပ်တာက စင်ကာပူပေါ့၊ ဒီကုထုံးကို မြန်မာနိုင်ငံမှာလုပ်တဲ့ ရည်ရွယ်ချက်က အသက်ကြီးတဲ့သူတွေ၊ မေ့ဆေးဒဏ်၊ ခွဲစိတ်မှုဒဏ် မခံနိုင်တဲ့သူတွေအတွက်

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

လုပ်ပေးချင်တာပါ၊ ပြဿနာကတော့ ဒီပစ္စည်းက အမေရိကန်ဒေါ်လာလေးသောင်း တန်တော့ ဈေးသိပ်ကြီးပါတယ်။ ဒီပစ္စည်းတစ်ခုတင် မြန်မာငွေကျပ်သိန်းငါးရာလောက်ပါ။ ကျန်တာက နိုင်ငံက ဝယ်ပေးထားတဲ့ ပစ္စည်းတွေ ရှိသေးတယ်။ နိုင်ငံတော်ပံ့ပိုးမှုတန်ဖိုးကိုက ငွေကျပ်သိန်း ၈၀ ဝန်းကျင်ရှိပါတယ်။ နောက်ပြီးတော့ ပစ္စည်းကိရိယာလိုတယ်။ နည်းပညာလိုတယ်။ ပုံမှန်လုပ်နေကျ နှလုံးသွေးကြောခွဲ့ဆရာဝန်တွေနဲ့ နှလုံးခွဲစိတ်ဆရာဝန်တွေ ပူးပေါင်းပြီး လုပ်ကြတယ်။ နှလုံးမေ့ဆေးဆရာဝန်က လူနာကို မနာမကျင်အောင်လုပ်နေတဲ့ အချိန်မှာ သွေးပေါင်တက်တာ ကျတာ။ Procedure လုပ်ချိန်မှာ အနှောင့်အယှက် မဖြစ်အောင် ကူညီပေးတယ်။ အဲဒီ Team သုံးခုက တက်ညီလက်ညီလုပ်ရတယ်။

ကျွန်တော်တို့ Team သုံးခုကလည်း အတွေ့အကြုံ မရှိခဲ့သေးဘူး။ ပထမ စင်ကာပူနိုင်ငံ နှလုံးဆရာဝန်နဲ့ နှလုံးခွဲစိတ်ဆရာဝန်နှစ်ဦးက ပထမဆုံးနည်းပညာတွေ ဆင့်ပွားသင်ပေးတယ်။ နှလုံးအဆို့ရှင်ပစ္စည်းကလည်း လိုသေးတယ်။ အမေရိကန်အခြေစိုက် Edward Life Sciences ကုမ္ပဏီက အဆို့ရှင် ၁၂ ခု လှူပါတယ်။ စလုပ်တဲ့နေ့ကလည်း ရုံးပိတ်ရက်ဖြစ်နေပြီး တိုက်တိုက်ဆိုင်ဆိုင် ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီ ၁၂ ရက်) ဖြစ်နေသလို ကုသမှုကလည်း တစ်ဦးကောင်း တစ်ယောက်ကောင်း မဟုတ်ဘဲနဲ့ Unity လို့ပြောရမယ့် ဌာနအားလုံး ညီညီညွတ်ညွတ်လုပ်မှ အောင်မြင်တဲ့ ကုထုံးကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့တာက စည်းလုံးညီညွတ်မှုကို ပြလိုက်တာလို့ စိတ်ထဲမှာခံစားရတယ်။ ဒီကုထုံးရဲ့ကောင်းကျိုးက ခွဲစိတ်မှုဒဏ်မရှိဘူး။ မေ့ဆေး ဒဏ်မရှိဘူး။ ခွဲစိတ်ပြီးနောက် ထထိုင်နိုင်ပြီး စားနိုင်ပါပြီ။

အရင်ကုထုံးက ခွဲစိတ်ရင် ခုနစ်နာရီလောက်ကြာမယ်။ နှစ်ရက်လောက် အိပ်ရာထဲမှာ ရှိမယ်။ အရည်လောက်ပဲ သောက်ရဦးမယ်။ လမ်းလျှောက်ဖို့က ရက်စောင့်ရဦးမယ်။ နှစ်လလောက်က နံရိုးချိုးထားတဲ့ဒဏ်ကြောင့် အလေးအပင်မမရဆိုတာမျိုးတွေရှိမယ်။ ခုလုပ်တဲ့ ကုထုံးက ခွဲစိတ်ပြီး နှစ်ရက်လောက်ဆိုရင် လမ်းလျှောက်လို့ရပြီ။ ဆေးရုံက ဆင်းလို့ရနိုင်တဲ့ အခြေအနေပါ။ သွေးမခဲဆေး သောက်စရာ မလိုတော့ဘူး။ ဆိုးကျိုးကတော့ တစ်သျှူးအဆို့ရှင်သက်တမ်းက ၁၀ နှစ်ကနေ ၁၅ နှစ် သက်တမ်းလောက်ပဲရှိတယ်။ ဒီသက်တမ်းကျော်လာရင် လူနာက အရင်ရောဂါဝေဒနာတွေ ပြန်ခံစားရနိုင်တယ်။ ဒီကုထုံးကို မြန်မာနိုင်ငံမှာ အိမ်နီးချင်းနိုင်ငံတွေလို လုပ်နိုင်ပြီဆိုတာ ပြသခွင့်ရလိုက်တဲ့အတွက် ဂုဏ်ယူလို့ မဆုံးဘူး။

**ဒေါက်တာ Edgar Tay**

**(နှလုံးအထူးကု ဆရာဝန်ကြီး၊ စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်ဆေးရုံ)**

ဒီကိုလာရတဲ့ အကြောင်းရင်းကတော့ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး နှလုံးအထူးကုဌာနက ဆရာဝန်တွေနဲ့ နှလုံးအဆို့ရှင်ကျဉ်းတဲ့ ဝေဒနာရှင်တွေကို မခွဲမစိတ်ဘဲနဲ့ ပေါင်ခြံသွေးကြောကနေတစ်ဆင့် အဆို့ရှင်တပ်ဆင်ပေးတဲ့ ကုထုံးအသစ်ကို လာပြီးလုပ်ဆောင်ဖို့ပါ။ ဒီဆေးရုံကြီး နှလုံးရောဂါကုဌာနမှာရှိတဲ့ ဆရာဝန်တွေဟာ အင်မတန်မှလည်း အတွေ့အကြုံရှိကြပြီး လူနာတွေအတွက်လည်း အလွန်ကို စေတနာထားကြပါတယ်။ မနေ့က လူနာသုံးယောက်ကို အဆို့ရှင်တပ်ဆင်တဲ့လုပ်ငန်းကို လုပ်ဆောင်ခဲ့ပါတယ်။ ဒီကုသမှုရဲ့ အောင်မြင်မှုဆိုတာ လူနာရွေးချယ်မှုအပေါ်မှာ အများကြီးမူတည်ပါတယ်။ ဒီကုသမှုနဲ့ ကုသလို့အောင်မြင်နိုင်မယ့် လူနာကို စနစ်တကျနဲ့ ရွေးချယ်နိုင်ခဲ့မယ်ဆိုရင် ၉၀ ရာခိုင်နှုန်းလောက်အောင်မြင်မှာ ဖြစ်ပါတယ်။ မနေ့က ကုသခဲ့တဲ့ သုံးယောက်ကို ဒီနေ့ ကျွန်တော်ဝင်ကြည့်တဲ့အခါမှာ ကျန်းမာရွှင်လန်းစွာနဲ့ တွေ့ရပါတယ်။



ဦးဘိုမောင်
(နှလုံးအဆို့ရှင်လဲလှယ်သည့်လူနာ)

**ဦးဘိုမောင်**

**(နှလုံးအဆို့ရှင်လဲလှယ်သည့်လူနာ၊ မန္တလေးမြို့)**

နှလုံးရောဂါခံစားနေရတဲ့အတွက် အဆို့ရှင်လာလဲရတာပါ။ ဒီဝေဒနာခံစားရတာ တစ်နှစ်ကျော်ကျော် လောက်တော့ရှိပြီ။ ဒီကိုလာပြတဲ့အခါမှာ ဒီရောဂါကုဖို့အတွက် ရင်ဘတ်ခွဲရမယ်ပြောတယ်။ ခွဲရမယ်ပြောတော့ ရင်ဘတ်မခွဲချင်ဘူး။ အသက် ၆၉ နှစ်ရှိပြီ။ ပေါင်ခြံကနေ ကုရတဲ့ ကုထုံးတော့ရှိတယ်။ မလုပ်နိုင်သေးဘူး။ လုပ်နိုင်ရင် လုပ်မလားလို့ ဒီက ဆရာဝန်ကြီးတွေက ပြောထားတယ်။ အခုလုပ်နိုင်တဲ့အတွက် အခုကျွန်တော် မခွဲမစိတ်ရဘဲ အဆို့ရှင်လဲလိုက်နိုင်တယ်။ ဒါကြောင့် အခုကောင်းကောင်းမွန်မွန်နေနိုင်ပါတယ်။ မနေ့ကပြီးသွားတဲ့အတွက် အခုဆို သက်သက်သာသာ ရှိပါတယ်။ အသက်ရှူရတာလည်း ပေါ့သွားတယ်။ ကျေးဇူးတင်တာကတော့ ပြောကိုမပြနိုင်ဘူး။ ကျွန်တော် စဖြစ်တုန်းကဆိုရင်စုပြီး ဆုပ်ဆွဲခံရသလိုဖြစ်နေတယ်။ ဒီရောဂါကို ကုသပေးတဲ့ မြန်မာနိုင်ငံက ဆရာဝန်ကြီးတွေ၊ အဆို့ရှင်လှူဒါန်းပေးတဲ့ ကုမ္ပဏီနဲ့ စင်ကာပူကနေလာပြီး ကုသပေးတဲ့ ဆရာဝန်ကြီးတွေရော၊ အားလုံးကို အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း အများကြီးကျန်းမာရေးကောင်းသွားပါပြီ။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပျဉ်းမနားမြို့၌ တရားမဝင် ကျွန်းသားပွတ်လုံးများ သယ်ဆောင်လာသည့်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်သန်းနိုင်နှင့်အဖွဲ့တို့က ဖေဖော်ဝါရီ ၁၄ ရက် ည ၁၁ နာရီခွဲခန့်က ပျဉ်းမနားမြို့နယ် ရွာကောက်ရပ် ပေါင်းလောင်းအားကစားကွင်းရှေ့၌ ပိတ်ဆို့စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

**အရေးယူ**

ယင်းသို့ စစ်ဆေးစဉ် ပေါင်းလောင်း(၁)ရပ်ကွက် သပြေလမ်းအတွင်းမှ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် YGN/ CC ---- ကယ်ရီနာယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းမှာ သိန်းစိုး(ခ)ကျော်ကျော် (၄၂ နှစ်) တောင်ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူဖြစ်ပြီး ယာဉ်ပေါ်တွင် အရွယ်စုံကျွန်းသားပွတ်လုံး စုစုပေါင်း ၄၁၉ ချောင်း(၀ ဒသမ ၄၈၇၄ တန်) ဖမ်းဆီးရမိသဖြင့် မေးမြန်းရာ ကျွန်းသားပွတ်လုံးများကို ရန်ကုန်မြို့သို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ကျွန်းပွတ်လုံးများ သယ်ဆောင်လာသူ ယာဉ်မောင်း သိန်းစိုးအား ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲရဲ (ပျဉ်းမနား)**



# မိုင်းဖြတ်၌ ဘိန်းစိမ်းခြောက်ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မိုင်းဖြတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီခွဲက မိုင်းဖြတ်မြို့ ဝမ်မိုင်ရပ်ကွက် ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းတွင် စိုင်းဝန်းတစ် မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် စိုင်းဆိုက် မောင်းနှင်ပြီး စိုင်းကျင်းရှဲန် လိုက်ပါလာသည့် ဆိုင်ကယ်တို့ကို ရှာဖွေရာ စိုင်းဝန်းတစ်၏ဆိုင်ကယ်တူးဘောက်စ်အတွင်းမှ ဘိန်းစိမ်း ခြောက်ကီလိုကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# သတင်းအရရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**သထုံ ဖေဖော်ဝါရီ ၁၄**

သထုံခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနခေါင်းဆောင် ရဲအုပ်အောင်သူနှင့်ပူးပေါင်းအဖွဲ့သည် သတင်းအရ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁ နာရီခွဲခန့်တွင် ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာရှိ စားသောက်ဆိုင်တစ်ဆိုင်အနီး စောင့်ဆိုင်းနေစဉ် စားသောက်ဆိုင်အတွင်း ဝင်လာသူ မျိုးမင်းဦးအား စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၉ ပြား တွေ့ရှိသဖြင့် ဘီးလင်းမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**၁၃၈**

# ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးရုံးထုတ်၊ တရားလိုပြသက်သေတစ်ဦးစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက် အက်ဥပဒေဖြင့် တရားစွဲဆို ခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် သက်ဦးမောင်(ခေါ်)ဝလုံးနှင့် ကျော်စိုးဦး(ခေါ်)မိုးအောင်တို့ နှစ်ဦးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ ရုံးထုတ်လာခဲ့ပြီး အမှုနှင့်ပတ်သက်သည့် တရားလိုပြသက်သေ ၂၅ ဦးထဲမှ လေးဦးမြောက် တရားလိုပြသက်သေကို စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း အဆိုပါ တရားရုံးမှ သိရသည်။ ယနေ့ရုံးထုတ်စစ်ဆေးမှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ သတင်းနှင့် ပြန်ကြားရေး အရာရှိ ခရိုင်ဒုတိယတရားသူကြီး ဒေါ်စုစန္ဒာဝင်းက “ဒီကနေ့ ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ်(၄) သက်ဦးမောင်(ခ)ဝလုံးပါ-၂ ကို စွဲဆိုမှုမှာ တရားလိုပြသက်သေ ဒုတိယရဲအုပ် မျိုးကိုကိုကို စစ်ဆေးခဲ့ပါတယ်၊ သူ့အနေနဲ့ အဲဒီနေ့ လုပ်ဆောင်ခဲ့သမျှကို ထွက်ဆိုသွားတာပါပဲ၊ ရှေ့လာမယ့် ရုံးချိန်းမှာ လိုပြသက်သေ နှစ်ဦးစစ်ဆေးဖို့ အမှုလိုက်ဥပဒေအရာရှိကို ညွှန်ကြားလိုက်တာလေးရှိပါတယ်၊ ရုံးချိန်းကိုတော့ ဖေဖော်ဝါရီ ၂၁ ရက်ကို ချိန်းဆိုလိုက်ပါတယ်” ဟု ပြောသည်။

အဆိုပါ တရားစွဲဆိုခံရသူ ရိုက်တာ သတင်းထောက်နှစ်ဦးဘက်မှ လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင် တရားလွှတ်တော်ရှေ့နေများမှာ ဦးသန်းဇော်အောင်နှင့် ဦးခင်မောင်ဇော်တို့ နှစ်ဦးဖြစ်ကြောင်း၊ အမှုမှတရားလိုပြသက်သေ ၂၅ ဦး တင်ပြထားရာမှ ရုံးချိန်းလေးချိန်း၊ လိုပြသက်သေ လေးဦး စစ်ဆေးပြီးနောက်တစ်ပတ်ရုံးချိန်းတွင် ကျန်သက်သေ ၂၁ ဦးအနက် နှစ်ဦး စစ်ဆေးရန်မှာကြားထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကျောက်တံခါးမြို့နယ် ပဲခူးရိုးမတောင်ပေါ်၌ တောဆင်တစ်ကောင် အရေခွံခွာခံရပြီး သေဆုံးနေသည်ကိုတွေ့ရှိ

**ကျောက်တံခါး ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင် ရိုးမဖြတ်ကျော်လမ်းဖြစ်သည့် မြို့ချောင်း-မင်းလှ-စိန်ကန့်လန့်လမ်းပိုင်း မိုင်တိုင်အမှတ်၆၀/၃ ဒေသအခေါ် ပဲခူးရိုးမတောင်ပေါ် ၁၀ မိုင်နှင့် ၁၁မိုင်အကြား၌ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲက တောဆင်တစ်ကောင်အရေခွံခွာခံရပြီး လဲကျသေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

အခင်းဖြစ်နေရာသို့ ဖဒိုနယ်မြေရဲစခန်းမှူး ရဲအုပ်ရဲထွင်ကိုနှင့် တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမင်းသူနှင့် သစ်တောဝန်ထမ်းများ ပူးပေါင်းအဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးနေသည့် တောဆင်မှာ အသက်ငါးနှစ်ခန့် လုံးပတ် ၉ ပေ ၁ လက်မ၊ အရပ် ၅ ပေ ၁၀ လက်မ အစွယ်မပါ ရှောက်ခွံရောင်ဆင်မဖြစ်ပြီး နှာမောင်းပြတ်လျက် အရေခွံခွာထားသည့် အနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ညောင်လေးပင် မြို့နယ်သစ်ထုတ်လုပ်ရေးဦးစီးဌာနမှ ဆင်ဆရာဝန်က တောဆင်သေဆုံးရခြင်းကို ခွဲစိတ်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# ပိတောက်ခွဲသားနှင့် အမဲသားခြောက်များ ရေပူပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၉၆ စီး၊ သွင်းကုန် ၈၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၁၃၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃ ဒသမ ၃၅၉ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၈၇၀ သန်းခန့် စုစုပေါင်းတားဆီးမှု ၂၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅ ဒသမ ၂၂၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**စစ်ဆေးတွေ့ရှိ**

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၂ ရက်က မူဆယ်မြို့နှင့် မန္တလေးမြို့များသို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ခန်းတွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခွဲသား ၁၄၅ ချောင်း၊ (၀ ဒသမ ၂၈၄၆ တန်)၊ အမဲသားခြောက် ပိဿာ ၂၀၀၀ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀ ဒသမ ၈၅၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**အမိုနီယမ်နိုက်ထရိတ်ဖမ်းမိ**

အလားတူ ဖေဖော်ဝါရီ ၁၁ ရက်က မူဆယ်မြို့နှင့် မန္တလေးမြို့များသို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် Canter ခြောက်ဘီးယာဉ် နှစ်စီးကို စစ်ဆေးခဲ့ရာ မော်တော်ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရသော (Ammonium Nitrate) စာတန်းပါ ၄၀ ကီလိုဂရမ် ၁၉၀ အိတ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၇ သန်းခန့် စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အာဖဂန်မြောက်ပိုင်း ဂျော်ဂျန်ပြည်နယ်၌ စစ်သွေးကြွ ၁၃ ဦး လက်နက်ချအလင်းဝင်

**ရှီဘာဂန် ဖေဖော်ဝါရီ ၁၄**

အာဖဂန်မြောက်ပိုင်း ဂျော်ဂျန်ပြည်နယ်၌ အစိုးရဆန့်ကျင်သည့် စစ်သွေးကြွစုစုပေါင်း ၁၃ ဦးခန့်တို့သည် လက်နက်ချအလင်းဝင်ကာ အစိုးရက ကျောထောက်နောက်ခံပေးထားသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အတူတကွ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

တာလီဘန်စစ်သွေးကြွအုပ်စုမှအဖွဲ့ဝင် ၁၀ ဦးနှင့် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများနှင့် ဆက်စပ်နေသည့်အဖွဲ့မှ စစ်သွေးကြွသုံးဦးတို့သည် ယနေ့နံနက်ခင်းတွင် တိုက်ခိုက်မှုများကို စွန့်လွှတ်ကာ ရှီဘာဂန်မြို့ရှိ ယင်းနေရာတွင် ဒေသခံအာဏာပိုင်အဖွဲ့အစည်းများထံ လက်နက်ချအလင်းဝင်ခဲ့ကြခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအရာရှိ လတ်ဖူလာ အာဇစ်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

လက်နက်ချအလင်းဝင်ခဲ့သည့် စစ်သွေးကြွဟောင်းများသည် ပြီးခဲ့သည့်တစ်နှစ်တာနီးပါးလုံး ကွက်ရ့်တီပါခရိုင်အတွင်း၌ ထကြွလှုပ်ရှားခဲ့ကြသူများဖြစ်ကြကြောင်း အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အစိုးရအနေဖြင့် လက်နက်များကို စွန့်လွှတ်ကာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ပူးပေါင်းပါဝင်လာသည့် မည်သူ့ကိုမဆို ကြိုဆိုသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ တာလီဘန်စစ်သွေးကြွအုပ်စုများနှင့် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအုပ်စုနှစ်ဖက်စလုံးမှ တုံ့ပြန်ဝေဖန်မှုများပေါ်ထွက်လာခြင်း မရှိသေးကြောင်း သိရသည်။

အစိုးရဆန့်ကျင်သည့် စစ်သွေးကြွအုပ်စုအဖွဲ့ဝင်များ၏ လက်နက်ချအလင်းဝင်သည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ဂျော်ဂျန်ပြည်နယ် ရှီဘာဂန်မြို့၌ ကျင်းပခဲ့သည်။

**ဆင်ဟွာ**



## အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ အစ္စရေး-ပါလက်စတိုင်းအရေး ဖုန်းဖြင့် ပြောဆိုဆွေးနွေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

ရုရှားလေယာဉ်ပျက်ကျမှု အပါအဝင် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့် မြောက်ကိုရီးယားနိုင်ငံအရေးတို့နှင့် ပတ်သက်ပြီး မကြာသေးမီက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ ဖုန်းဖြင့် ပြောဆိုဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။



အိမ်ဖြူတော်၏ ထုတ်ပြန်ချက်အရ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ခရီးသည် ၇၁ ဦးလိုက်ပါလာသော ဆာရာတော့ဗ် လေကြောင်းလိုင်းမှ လေယာဉ်အမှတ် ၇၀၃ လေယာဉ်သည် မော်စကိုမြို့မှ ထွက်ခွာလာခဲ့ပြီး မကြာမီဖေဖော်ဝါရီ ၁၁ ရက်က ပျက်ကျခဲ့မှုအပေါ် ဝမ်းနည်းကြောင်း ထုတ်ပြန်ဖော်ပြခဲ့ပြီး လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးမှုတွင် ရုရှားအာဏာပိုင်များအား အကူအညီပေးရန် အမေရိကန်နိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း ဖော်ပြခဲ့သည်။

ပါလက်စတိုင်း-အစ္စရေး ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဆက်လက်လုပ်ဆောင်ရန် အချိန်ကျပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ထရန့်က ပြောခဲ့သည်။ အဆိုပါ ဖုန်းဖြင့်ဆွေးနွေးမှုအတွင်း ထရန့်နှင့် ပူတင်တို့သည် ကိုရီးယားကျွန်းဆွယ်အတွင်း နျူကလီးယားကင်းစင်ရေး အပါအဝင် ဘုံစိုးရိမ်မှုများနှင့် အခြားအကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယားသမ္မတဟောင်း၏ လူယုံတော်ကို တရားရုံးက ထောင်ဒဏ် အနှစ် ၂၀ ချမှတ်

**ဆိုးလ် ဖေဖော်ဝါရီ ၁၄**

တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွန်ဟေး၏ ကာလရှည်ကြာခင်မင်ရင်းနှီးလာခဲ့သည့် မိတ်ဆွေဖြစ်သူချိုင်ဆွန်ဆီကို အာဏာအလွဲသုံးမှုနှင့် ခြောက်လှန့်ငွေညှစ်မှုများအပါအဝင်များစွာသော ပြစ်မှုများဖြင့် ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် တောင်ကိုရီးယားတရားရုံးက ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

သမ္မတဟောင်းပတ်ကိုရာထူးမှ ဖြုတ်ချစေခဲ့သည့် လုပ်ပိုင်ခွင့်အာဏာဝင်ရောက်စွက်ဖက်မှု၏ အဓိကပုဂ္ဂိုလ်ဖြစ်သည့် ချိုင်ဆွန်ဆီကို ဆိုးလ်ဗဟိုခရိုင်တရားရုံးက ထောင်ဒဏ်အနှစ် ၂၀ကျခံစေရန်နှင့် ဝမ် ၁၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆ သန်း) ကို ပြစ်ဒဏ်ကြေးအဖြစ်ပေးဆောင်စေရန် အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။

သမ္မတဟောင်း၏ ဆယ်စုနှစ်များစွာလူယုံတော်ဖြစ်ခဲ့သည့် ချိုင်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အဆိုပါလအတွင်းမှာပင် အကျင့်ပျက်ခြစားမှု ၁၈ ခုတို့ဖြင့် တရားစွဲဆိုဆောင်ရွက်ခဲ့သည်။

ချိုင်သည် သမ္မတရာထူးအာဏာကို အလွဲသုံးစားပြုလုပ်ခဲ့ပြီး ၎င်းထိန်းချုပ်ထားသည့် အကျိုးအမြတ်မကြည့်သော ဖောင်ဒေးရှင်းများသို့ အမေရိကန်ဒေါ်လာသန်းပေါင်းများစွာကို အလှူငွေထည့်ဝင်စေရန် အတင်းအကျပ်လုပ်ဆောင်ခဲ့သည်ဟု ဖော်ပြထားသည်။

ချိုင်သည် ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ လီဂျယ်ယောင်းထံမှ ဝမ်ငွေ ၇ ဒသမ ၂၉ ဘီလီယံကို လာဘ်ငွေအဖြစ်ရယူခဲ့ကြောင်း သိရသည်။ အထူးအစိုးရရှေ့နေ ပတ်ယောင်ဆိုနှင့် နိုင်ငံတော်ရှေ့နေများက ချိုင်သည် ဆမ်ဆောင်းအကြီးအကဲထံမှ ဝမ် ၄၃ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉ သန်း) လက်ခံရယူခဲ့ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

ထို့အပြင် လော့တီအုပ်စု ဥက္ကဋ္ဌ ရှင်ဒေါင်ဘင်ကိုလည်း လာဘ်ပေးလာဘ်ယူပြုလုပ်မှုဖြင့် ထောင်ဒဏ်နှစ်နှစ်ခွဲ ချမှတ်ခဲ့သည်။

တရားရုံးက လော့တီအုပ်စုသည် လုပ်ငန်းလုပ်ကိုင်ခွင့်ဆိုင်ရာ အခွင့်အရေးပေးအပ်ခဲ့သည့်အတွက် အပေးအယူအနေဖြင့် ချိုင်ထိန်းချုပ်ထားသည့် ဖောင်ဒေးရှင်း များအနက် တစ်ခုသို့ လာဘ်ငွေအဖြစ် ဝမ် ၇ သန်း (အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်း) ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## ပင်တဂွန်က လွှတ်တော်သို့ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်တောင်းဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၇၁၆ ဘီလီယံထုတ်ပေးရန် ကွန်ဂရက်သို့ အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန (ဒီအိုဒီ) က မကြာသေးမီတွင် တောင်းဆိုလိုက်ကြောင်း၊ ယင်းပမာဏမှာ လက်ရှိအသုံးပြုနေသော ကာကွယ်ရေးအသုံးစရိတ်ထက် ၁၀ ရာခိုင်နှုန်းကျော် ပိုမိုမြင့်မားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုသို့တောင်းခံလိုက်ခြင်းသည် ပင်တဂွန်၏ အခြေပြအသုံးစရိတ်တောင်းဆိုမှု၏ အမြင့်ဆုံး ၆၀၀ ဘီလီယံကိုကျော်လွန်သွားသည့် ပထမဆုံးအကြိမ် ကာကွယ်ရေးအသုံးစရိတ် တောင်းခံမှုဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ တိုးမြှင့်တောင်းခံလိုက်ခြင်းသည် အမေရိကန်ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်ရန် တွန်းအားပေးမှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

အခြေပြကာကွယ်ရေး အသုံးစရိတ်တွင် အမေရိကန်ဒေါ်လာ ၆၁၇ ဘီလီယံကို ပင်တဂွန်စစ်ဌာနချုပ် အသုံးစရိတ်နှင့် စစ်လက်နက်ဝယ်ယူမှုအတွက် အသုံးပြုရန်ဖြစ်ကြောင်း၊ ၆၉ ဘီလီယံကို နိုင်ငံရပ်ခြားစစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသော အမေရိကန်စစ်စခန်းများအတွက် ဖြစ်ကြောင်းနှင့် ၃၀ ဘီလီယံကို အစိုးရအဖွဲ့အစည်းများအတွက် ကာကွယ်ရေးအသုံးစရိတ်ခွဲပေးရန်အတွက်ဖြစ်ကြောင်း သိရသည်။

လာမည့်နှစ်နှစ်တာအတွက် စစ်ရေးနှင့် ပြည်တွင်းအသုံးစရိတ်ကို မြှင့်တင်ခြင်းဆိုင်ရာ အဆိုပြုချက်ကို ကွန်ဂရက်က ပြီးခဲ့သော ရက်သတ္တပတ်က အတည်ပြုပေးခဲ့သည်။ အဆိုပါအဆိုပြုချက်တွင် ၂၀၁၈ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် ၇၀၀ ဘီလီယံနှင့် ၂၀၁၉ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် ၇၁၆ ဘီလီယံတို့ ပါဝင်ကြောင်း သိရသည်။

အလွန်အင်အားကြီးမားသော အင်အားပြိုင်ဆိုင်မှုအပေါ် အလေးပေးကြောင်း လွန်ခဲ့သော ဖေဖော်ဝါရီ ၁၂ ရက်က ကွန်ဂရက် မိန့်ခွန်းတွင် ပင်တဂွန်စစ်ဌာနချုပ်အကြီးအကဲ ဒေးဗစ်နော်ကွစ်က ပြောခဲ့သည်။ အသုံးစရိတ်ခွဲဝေမှုတွင် အမေရိကန်ကြည်းတပ်က ဒေါ်လာ ၁၄၃ သန်း၊ ရေတပ်က ၁၇၉ သန်း၊ လေတပ်က ၁၇၀ သန်းနှင့် ကာကွယ်ရေးဝန်ကြီးအောက်ရှိ အေဂျင်စီများက ၁၀၅ သန်း အသီးသီးဖြစ်ကြောင်း သိရသည်။

ပင်တဂွန်စစ်ဌာနချုပ်သည် ကာကွယ်ရေးအသုံးစရိတ် မြှင့်တင်ခြင်းနှင့်အတူ ၂၀၁၉ ခုနှစ် ဘဏ္ဍာရေး နှစ်ကုန်ပိုင်းအထိ တပ်သားပေါင်း ၂၅၉၀၀ ကို ထပ်မံဖြည့်တင်းသွားမည်ဖြစ်ကြောင်း သိရပြီး လစာငွေကို ၂ ဒသမ ၆ ရာခိုင်နှုန်း တိုးမြှင့်ပေးရန် ရှိကြောင်း သိရသည်။ ထိုသို့လစာတိုးမြှင့်ပေးခြင်းသည် ကိုးနှစ်တာကာလအတွင်း အမြင့်ဆုံးလစာတိုးမြှင့်မှုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်းစု၌ အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၄**

အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်းစု၌ အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောခဲ့သည်။

လှုပ်ခတ်ခဲ့သော ငလျင်မှာ ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိကာ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၉ မိနစ်တွင် မြောက်လတ္တီကျူ ၁၂ ဒီဂရီ ၃ မိနစ်နှင့် အရှေ့လောင်ဂျီကျူ ၉၃ ဒသမ ၀ ဒီဂရီရှိ မြေပြင်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြုကာလှုပ်ခတ်သွားခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာနက ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရသည်။

ငလျင်လှုပ်ခတ်ခဲ့ရာ ကပ္ပလီကျွန်းစုသည် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်အကြားတွင် တည်ရှိကြောင်း သိရသည်။

ငလျင်ကြောင့် လူသေဆုံးမှုနှင့် ထိခိုက်ပျက်စီးမှု အကြီးအကျယ်ဖြစ်ပွားမှုမရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အိုလံပစ်အားကစားပြိုင်ပွဲပြီးလျှင် မြောက်ကိုရီးယားသို့ အလည်အပတ်သွားရောက်မည်ဟု အိုင်အိုစီဥက္ကဋ္ဌပြောကြား

**ပြုံချမ်း ဖေဖော်ဝါရီ ၁၄**

နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်ချ်သည် ပြုံချမ်းဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲပြီးလျှင် မြောက်ကိုရီးယားသို့ အလည်အပတ် သွားရောက်ရန် စီစဉ်နေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အိုလံပစ်အားကစားပွဲကျင်းပသည့် နေရာရှိ နိုင်ငံတကာအသံလွှင့်ဌာန၌ ဘတ်ချ်ကထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘတ်ချ်က ၎င်းသည် မြောက်ကိုရီးယားအမျိုးသားကော်မတီထံမှ ဖိတ်ကြားချက်တစ်ခုကို လက်ခံရရှိခဲ့ကြောင်းနှင့် ၎င်းတို့သည် ယခုအခါ အလည်အပတ်ခရီးစဉ်သွားရောက်ရန် အစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဘတ်ချ်သည် တောင်နှင့်မြောက်ပြိုင်ပွဲဝင်ကစားသမားများနှင့် ပူးတွဲအိုက်စ်ဟော်ကီကစားသမားများ အတူတကွစုဝေးရောက်ရှိချိန်တွင် အားကစားဖွင့်ပွဲအခမ်းအနားအကြောင်း ပြောကြားခဲ့သည်။

ယခုအချိန်သည်တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံကို ပေါင်းကူးဆက်သွယ်ပေးမည့်အချိန်အခါဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပုံမှန်ဆက်ဆံရေးနဲ့ ရှေ့ဆက်နေတဲ့ အီဂျစ်နဲ့ အမေရိကန်

**ဖြိုးစန္ဒီမွေး**

အီဂျစ်ဟာ မတ်လအတွင်းမှာ ရွေးကောက်ပွဲပြုလုပ်ဖို့ ရှိပါတယ်။ လက်ရှိသမ္မတ အဗ္ဗဒယ်ဖက်တက် အယ်စီစီက လူကြိုက်များရေပန်းစားနေတာမှန်ပေမယ့် ရွေးကောက်ပွဲမှာ အခြားသော ပြိုင်ဘက်တွေကို ခြိမ်းခြောက်မှုတွေ ပြုလုပ်ထားလို့ လာမယ့် ရွေးကောက်ပွဲမှာသူဟာ ပြိုင်ဘက်မရှိဖြစ်နေတယ်လို့လည်း ကောလာဟလတွေ ရှိပါတယ်။ ဒီတော့ ရွေးကောက်ပွဲဟာ ပွင့်လင်းမြင်သာမှုရှိပါ့မလား။ သမ္မတစီစီကတော့ ရွေးကောက်ပွဲဟာ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိရပါ့မယ်လို့ ကတိပြုထားပါတယ်။ ဒီလိုအချိန်မှာပဲ အမေရိကန်ရဲ့ နိုင်ငံခြားရေးဝန်ကြီး တေလာဆန်ဟာ အီဂျစ်နိုင်ငံကို ရောက်ရှိလာခဲ့ပါတယ်။ အမေရိကန်ရဲ့ ထိပ်တန်းသံတမန်တစ်ဦးအနေနဲ့ ထူးခြားတာကတော့ တေလာဆန်ဟာ အီဂျစ်နဲ့ ပုံမှန်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားပါတယ်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်ဒမယ်လျှူတေလာဆန်နှင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆမ်ရှောက်ခရီတို့ ကိုင်ရိုမြို့၌ တွေ့ဆုံကြစဉ်။

**အထောက်အပံ့တွေဖြတ်တောက်ခဲ့**

မစ္စတာတေလာဆန်ဟာသူ့ရဲ့ ရာထူးလက်ခံပြီး ပထမဦးဆုံးနှစ်မှာ အီဂျစ်သို့သွားရောက်ခဲ့ခြင်းမရှိပါဘူး။ အီဂျစ်ဟာအမေရိကန်နဲ့ ဆယ်စုနှစ်ပေါင်းများစွာ မဟာမိတ်ဖြစ်လာခဲ့တဲ့ နိုင်ငံလည်းဖြစ်တယ်။ ဒါပေမယ့်ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက အီဂျစ်ကို ထောက်ပံ့မယ့် ဒေါ်လာ ၂၉၀သန်းကို မပေးတော့ဘဲ ဖြတ်တောက်ပစ်လိုက်ဖို့ တေလာဆန်က ဆုံးဖြတ်လိုက်ပါတယ်။ အကြောင်းကတော့ သမ္မတစီစီဟာ ဆန္ဒပြသူတွေကိုအကြမ်းဖက်နှိမ်နင်းခဲ့ပြီး မြောက်ကိုးရီးယားနဲ့ အဆက်အဆံရှိတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ပါ။ ဒီလို အထောက်အပံ့ဖြတ်တောက်လိုက်မှုကြောင့် အီဂျစ်အာဏာပိုင်တွေကို အလွန်အမင်း အံ့အားသင့်သွားစေပါတယ်။

မစ္စတာတေလာဆန်ရဲ့ အီဂျစ်နိုင်ငံအပေါ် ကိုင်တွယ်မှုဟာ သူ့အရင်နိုင်ငံခြားရေးဝန်ကြီးအဖြစ်တာဝန်ယူခဲ့တဲ့ မစ္စတာဂျွန်အက်ဖ်ကယ်ရီနဲ့ တခြားစီပါ။ အမေရိကန်သမ္မတထရန့်က လွန်ခဲ့တဲ့နှစ်ကဆော်ဒီမှာ ပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာတော့ စီစီကို ထူးဆန်းတဲ့လူလို့သမုတ်ခဲ့ပါတယ်။ ထရန့်က အီဂျစ်သမ္မတစီစီကိုအရေးတယူ ပြုလာတဲ့အခါမှာတော့ တေလာဆန်ကလည်း အီဂျစ်ကိုလာဖို့ အကြောင်း ဖန်လာပါတော့တယ်။

**လက်ရှောင်ထား**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟာ အရှေ့အလယ်ပိုင်းဒေသငါးနိုင်ငံကိုသွားရောက်မှာဖြစ်ပြီး ခရီးစဉ်အစမှာပဲအီဂျစ်နိုင်ငံကိုသွားရောက်ခဲ့တာပဲဖြစ်တယ်။ သူဟာပြုပြင်ပြောင်းလဲမှုတွေ၊ ပြင်ဆင်မှုတွေ ပြုလုပ်ဖို့စိတ်အားထက်သန်နေတဲ့ပုံလည်း ရှိပါတယ်။ သူအီဂျစ်ကိုရောက်တဲ့အခါမှာတော့ ဆိုင်းနိုင်းကျွန်းဆွယ်မှာ သမ္မတစီစီရဲ့ အကြမ်းဖက်တိုက်ဖျက်ရေးအတွက် စိတ်ရောကိုယ်ပါနှစ်မြှုပ်အကူအညီပေးခဲ့တာကို အသိအမှတ်ပြု ထုတ်ဖော်ပြောကြားသွားပါတယ်။ နောက်လမှာ ကျင်းပမယ့် ရွေးကောက်ပွဲနဲ့ ပတ်သက်ရာမှာတော့ ကောလာဟလတွေ ထွက်နေပေမယ့် ဘာမှပြောကြားခြင်းမရှိပါဘူး။ ဒီကိစ္စကို လက်ရှောင်ထားတဲ့ပုံပါပဲ။

**ရွေးကောက်ပွဲကနေ နုတ်ထွက်သွားကြ**

သမ္မတစီစီဟာ နောက်ထပ်သမ္မတ လေးနှစ်သက်တမ်းအတွက် တာဝန်ထမ်းဆောင်ခွင့်ရအောင် သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရအောင် ပြုလုပ်နေတယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ မစ္စတာတေလာဆန်က ဘာမှမပြောပါဘူး။ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ကတော့ ရွေးကောက်ပွဲတိုင်းက လွတ်လပ်ပြီး တရားမျှတမှုရှိဖို့ အမေရိကန်ကလိုလားတယ်။ ဒါဟာ အီဂျစ်တစ်နိုင်ငံတည်းအတွက်ပြောတာမဟုတ်ပါဘူး။ ဘယ်နိုင်ငံမဆိုပါပဲလို့ မစ္စတာတေလာဆန်က ပြောခဲ့ပါတယ်။ ဒါပေမယ့်လည်း လွန်ခဲ့တဲ့ လကသမ္မတ စီစီရဲ့ ပြိုင်ဘက်တွေ ရွေးကောက်ပွဲကနေ နုတ်ထွက်သွားကြပါတယ်။

အဲဒီကိစ္စနဲ့ ပတ်သက်လို့ရော ရွေးကောက်ပွဲဝင်သူတွေ ခြိမ်းခြောက်ခံထားရတာတွေရော၊ ဖိနှိပ် ခံထားရတာတွေကောဒါတွေနဲ့ ပတ်သက်ပြီးတော့ ဘာမှပြောမသွားပါဘူး။

**ပြေရာပြေကြောင်းဆွေးနွေး**

အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဟာလည်း မစ္စတာတေလာဆန်နဲ့ တွေ့ဆုံခဲ့ပါတယ်။ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံ အပြီးမှာတော့ သမ္မတနန်းတော်ကို သွားပြီး မစ္စတာစီစီနဲ့တွေ့ဆုံခဲ့ပါတယ်။ သူတို့နှစ်ဦးတွေ့ဆုံစဉ်မှာအကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အမေရိကန်ပြည်ထောင်စုနဲ့ အီဂျစ်နိုင်ငံတို့ကြား စီးပွားရေးနဲ့ကုန်သွယ်မှု ဆိုင်ရာတိုးမြှင့်လုပ်ဆောင်မှုတွေကိုဆွေးနွေးခဲ့ခြင်းသာဖြစ်တယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရသူက ပြောပါတယ်။ အီဂျစ်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးဖိနှိပ်မှုတွေ အကြောင်းများ ပြောဆိုကြမလားဆိုပြီး ထင်ခဲ့ကြပေမယ့် အဲဒီကိစ္စကိုမစ္စတာတေလာဆန်က မပြောခဲ့ပါဘူး။ ပြေရာပြေကြောင်းဆွေးနွေးမှုတွေကိုသာ လုပ်ဆောင်ခဲ့ပါတယ်။ ဒါကလည်းမစ္စတာတေလာဆန်ရဲ့ အရှေ့အလယ်ပိုင်းဒေသခရီးစဉ်မှာ ဒေသတွင်းငြိမ်းချမ်းရေးကို ဦးတည်လို့ပါပဲ။ အခုဆိုရင်ဆီးရီးယားနဲ့ အီရတ်တို့မှာရှိတဲ့ အိုင်အက်စ်တွေကို နှိမ်နင်းရာမှာလည်း အောင်မြင်သလောက်ရှိနေပါပြီ။

**ရွေးကောက်ပွဲကို နှောင့်ယှက်ဖျက်ဆီးဖို့ကြံစည်**

လွန်ခဲ့တဲ့နိုဝင်ဘာ လအတွင်းမှာ အီဂျစ်နိုင်ငံဗလီတစ်ခုတိုက်ခိုက်ခံရပြီး လူပေါင်း ၃၁၁ ဦးသေဆုံးခဲ့ရပါတယ်။ ဒါကြောင့်လွန်ခဲ့တဲ့ သီတင်းပတ်ထဲမှာပဲ အီဂျစ်သမ္မတစီစီဟာ အိုင်အက်စ်တွေကို ရှင်းလင်းတဲ့ စစ်ဆင်ရေးတစ်ခုဆင်ခဲ့ပါတယ်။ အိုင်အက်စ်တွေကလည်းဒါကို အလဲမကျေပါဘူး။ သူတို့ဟာ မကြာမီကျင်းပတော့မယ့် အီဂျစ်ရွေးကောက်ပွဲကို နှောင့်ယှက်ဖျက်ဆီးဖို့ ကြံစည်ထားကြပါတယ်။ အီဂျစ်နိုင်ငံမှာ ရွေးကောက်ပွဲပြုလုပ်နေစဉ်အတွင်း တိုက်ခိုက်မှုတွေ လုပ်ဆောင်သွားဖို့ အိုင်အက်စ်တိုက်ခိုက်ရေးသမားတွေကို အကြောင်းကြားထားပါတယ်။ အီဂျစ်နိုင်ငံသားတွေကိုလည်း မဲရုံကိုမလာဖို့ ခြိမ်းခြောက်မှုတွေ ပြုလုပ်ထားပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟာ အီဂျစ်အပေါ်သိပ်ပြီးတော့ အကောင်းမြင်လှတာတော့ မဟုတ်ပါဘူး။ သူစိတ်မကျေနပ်တဲ့အပိုင်းတွေ အများကြီးရှိနေပါသေးတယ်။ လွန်ခဲ့တဲ့နှစ်အတွင်းမှာဆက်ဆံရေးအေးစက်နေတဲ့ အပိုင်းတွေလည်း ရှိပါသေးတယ်။ တနင်္လာနေ့ကနှစ်နိုင်ငံသဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ပေမယ့် သူတို့ကြားမှာ မကျေလည်နိုင်သေးတဲ့ ကိစ္စတွေရှိနေသေးပုံပါပဲ။ အဲဒီအချက်တွေထဲမှာ အင်အားသုံးအကြမ်းဖက်နှိမ်နင်းတာတွေ၊ အမေရိကန်က ပိတ်ဆို့ထားတဲ့နိုင်ငံကို လက်နက်တွေတရားမဝင် ကုန်သွယ်တာတွေအဲဒီအချက်တွေ ပါဝင်ပါတယ်။

ဒါကြောင့်လည်းလွန်ခဲ့တဲ့ဩဂုတ်လအတွင်းမှာ စစ်ရေးအသုံးစရိတ်အတွက် အမေရိကန်က အကူအညီပေးမယ့် ဒေါ်လာ ၉၆ သန်းကို ဖြတ်တောက်ခဲ့ပြီး နောက်ထပ်ပေးမယ့်ဒေါ်လာ ၁၉၅ သန်းကိုလည်း မပေးတော့ဘဲ ထားလိုက်တာပါ။ မစ္စတာတေလာဆန်ဟာအီဂျစ်မှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေ၊ အကူအညီပေးရေးအဖွဲ့တွေပေါ်မှာထားတဲ့ အီဂျစ်သမ္မတစီစီရဲ့ ကိုင်တွယ်မှုနဲ့ ပတ်သက်ပြီး စိုးရိမ်တယ်လို့လည်းအမေရိကန် အရာရှိတွေက ပြောပါတယ်။ ဒီလူမှုရေးအဖွဲ့တွေဟာ အင်အားသုံးဖိအားပေးပြီး ပိတ်ပစ်ခံရမှာ စိုးရိမ်နေရတယ်လို့လည်း ပြောပါတယ်။ မစ္စတာတေလာဆန်နဲ့ အီဂျစ်သမ္မတတို့ တွေ့ဆုံစဉ်မှာလည်း လူ့အခွင့်အရေး ကာကွယ်ရေးနဲ့ မြှင့်တင်ခြင်းရဲ့ အရေးကြီးပုံ၊ အီဂျစ်မှာရှိတဲ့လူမှု အသိုင်းအဝိုင်းရဲ့ အရေးပါပုံအစရှိတာတွေကိုဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

**ညီလာခံတက်ရောက်**

လာမယ့် တနင်္လာနေ့မှာတော့ မစ္စတာတေလာဆန်ဟာ ကူဝိတ်နိုင်ငံကို ဆက်လက်သွားရောက်မှာပဲဖြစ်တယ်။ စစ်ဒဏ်ကြောင့် ပျက်စီးမှုတွေများနေတဲ့အီရတ်နိုင်ငံမှာ ပြန်လည်ထူထောင်ရေးကိစ္စတွေလုပ်ဖို့ စည်းဝေးတဲ့ညီလာခံကိုတက်ရောက်ဖို့လည်းဖြစ်တယ်။ အဲဒီနောက်မှာတော့ ဂျော်ဒန်၊ တူရကီနဲ့ လက်ဘနွန်နိုင်ငံတို့ကို ဆက်လက်သွားရောက်မှာပဲ ဖြစ်တယ်။ မစ္စတာတေလာဆန်ရဲ့ အရှေ့အလယ်ပိုင်းဒေသ ငါးနိုင်ငံခရီးစဉ်ဟာဒေသတွင်းတင်းမာမှုတွေ မြင့်တက်နေချိန်နဲ့လည်းကြုံကြိုက်နေတာပဲဖြစ်တယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်းမှာ အီရန်နဲ့အစ္စရေးတို့ဟာ စစ်ရေးအရ ပဋိပက္ခတွေပေါ်ပေါက်နေချိန်လည်း ဖြစ်တယ်။ တစ်ခုမဟုတ်တစ်ခုပြဿနာတွေပေါ်ပေါက်နေတဲ့ အရှေ့အလယ်ပိုင်းဒေသဟာ ငြိမ်းချမ်းဖို့ဆိုတာလွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။

သမ္မတစီစီဟာ သဘောထားတင်းမာတဲ့ နိုင်ငံရေးသမားတစ်ဦးဖြစ်ပေမယ့် သူ့နိုင်ငံကို ငြိမ်အောင်တော့ ထိန်းထားနိုင်ပါတယ်။ အာရပ်နွေဦးအုံကြွမှုအပြီး ဆက်တိုက်ဆိုသလို ပဋိပက္ခတွေပေါ်ပေါက်ခဲ့တဲ့ ဒီနိုင်ငံကို ငြိမ်ဝပ်သွားအောင်သူထိန်းထားနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အကြမ်းဖက်နှိမ်နင်းတယ်။ လူ့အခွင့်အရေးချိုးဖောက်တယ်ဆိုပြီး ပြောဆိုမှုတွေကလည်းနောက်က ကပ်ပါလာခဲ့ပါတယ်။

မကြာခင်မှာ ရွေးကောက်ပွဲကလည်း ကျင်းပတော့မယ်။ အမေရိကန်ကလည်း အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးအတွက် အနှောင့်အယှက်ဖြစ်မှာစိုးတဲ့အတွက် အီဂျစ်မှာ သမ္မတရွေးကောက်ပွဲအတွက် ပြိုင်ဘက်မရှိဖြစ်နေတဲ့ ကိစ္စကိုလျစ်လျူရှုထားတယ်။ ရွေးကောက်ပွဲကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ မပြောဘူး။ အီဂျစ်နဲ့ ပြေပြစ်တဲ့ဆက်ဆံရေးကိုပဲ ဆက်လက်ထိန်းသိမ်းထားတာကို တွေ့ရပါတယ်။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

**‘သမ္မတစီစီဟာ နောက်ထပ်သမ္မတ လေးနှစ်သက်တမ်းအတွက် တာဝန်ထမ်းဆောင်ခွင့်ရအောင် သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရအောင် ပြုလုပ်နေတယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ မစ္စတာတေလာဆန်က ဘာမှမပြောပါ’**

# မြန်မာ့ကော်ဖီကမ္ဘာ့ဈေးကွက်ဝင်နိုင်ရေး ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

စိုက်ပျိုးထားသည့် ကော်ဖီများကို ဈေးကွက်ရရှိရန် ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ ခေတ်မီစက်ပစ္စည်းများ အသုံးပြုပြီးစိုက်ပျိုးမည်ဆိုပါက အရည်အသွေးပြည့်ကော်ဖီများ စိုက်ပျိုးထုတ်လုပ်နိုင်မည် ဖြစ်သည်။ သို့အတွက်ကြောင့် သက်ဆိုင်ရာဌာနများအနေဖြင့် အထွက်တိုးသည့်ကော်ဖီပင်များကို တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ကော်ဖီစိုက်ပျိုးသည့်ဒေသများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ် ဦးဆောင်၍ စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၀ ရက်က ပျဉ်းမနားအရှေ့ခြမ်းရှိ ကော်ဖီသီးနှံစိုက်ပျိုးလျက်ရှိသော ဆိတ်ဖူးတောင်၊ အောင်ဘိတ်သိတ်၊ ပြဒါးချောင်း၊ မြသီတာ၊ ဂမုန်းတောင်ကျေးရွာများသို့ သွားရောက်ခဲ့ပြီး ယင်းဒေသမှ ကော်ဖီစိုက်တောင်သူများအား ၂၀၁၈ မိုးရာသီအကြို ကွင်းဆင်းပညာပေးဆွေးနွေးကြသည်။

အဆိုပါ တောင်သူပညာပေးကွင်းဆင်းဆောင်ရွက်ရာတွင် ရှိဘာစတာ ကော်ဖီစိုက်တောင်သူများအား မိုးရာသီတွင်ပုံတူမျိုးပွား ထုတ်လုပ်နိုင်ရန်ကိုင်းကူး၊ ကိုင်းဆက်နည်းဖြင့် မျိုးပွားနိုင်ရေးအတွက် သီးနှုန်းကောင်းသော မိခင်ပင်များ မျက်မြင်ရွေးချယ်သတ်မှတ်ခြင်း (Clonal Selection)၊ အာရေဗီးကားကော်ဖီအတွက် လက်ရှိစိုက်ပျိုး ထားသော အသီးခူးပြီးအပင်များကို ခေါင်နှိမ်ခြင်း၊ အတက်ဖဲ့ခြင်း၊ ကိုင်းဖြတ်ပြုပြင်ပုံသွင်းခြင်း နည်းပညာများကို လက်တွေ့သင်ကြားပြသဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အမြဲတမ်းအတွင်းဝန် ဦးဆောင်သောအဖွဲ့သည် နေပြည်တော်နယ်မြေအတွင်း ၂၀၁၈ ခုနှစ် မိုးရာသီကော်ဖီစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်ချက်များကို ဌာနနှင့်တောင်သူများပူးပေါင်းဆောင်ရွက်နိုင်ရန် ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ကြခြင်းလည်း ဖြစ်ကြောင်း သိရသည်။

ပျဉ်းမနားအရှေ့ခြမ်း အထက်ပေါင်းလောင်းဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၈၀၀ မှ ပေ ၃၀၀၀ အတွင်းတည်ရှိပြီး မြေနိမ့်ကော်ဖီနှင့်ကုန်းမြင့်ကော်ဖီမျိုးများ အားလုံးစိုက်ပျိုးနိုင်သည့် ရေမြေရာသီဥတုရှိကာ နည်းပညာနှင့် ဈေးကွက်ခိုင်မာရေး ဖော်ဆောင်ဖန်တီးပေးနိုင်ပါက စီးပွားဖြစ်ကော်ဖီစိုက်ပျိုးမှု ဖွံ့ဖြိုးလာနိုင်သည့် အလားအလာကောင်းသော ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုအခါ ကော်ဖီအသင်းများ ခိုင်ခိုင်မာမာ ပေါ်ပေါက်လာပြီး မြန်မာ့ကော်ဖီသည် ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နေပြီဖြစ်သည့်အတွက် မြန်မာ့ကော်ဖီမှာ အလားအလာများ စွာကောင်းမွန်လာပြီဖြစ်သည်။ ကော်ဖီသီးနှံသည် စိုက်ပျိုးပြီးခြောက်နှစ်မှ ခုနစ်နှစ်အတွင်း အရင်းကျေသော နှစ်ရှည်ပင်ဖြစ်ပြီး နှစ် ၃၀ ကျော်အထိ ဝင်ငွေရရှိနေသည့် သီးနှံဖြစ်သည်။

ကော်ဖီစိုက်ပျိုးရရှိထားသည့် နိုင်ငံတစ်ခုအနေဖြင့် ပြည်ပ ဈေးကွက်ရရှိရန် ကြိုးစားနေသကဲ့သို့ ပြည်တွင်းဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလက်ရှိ မြန်မာ့ကော်ဖီကို ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဂျာမနီ၊ အမေရိကန်၊ ကိုရီးယား၊ ဂျပန်နိုင်ငံများသို့ တင်ပို့နေကြောင်း ကော်ဖီ - ရာသီသီးနှံဌာနမှ သိရသည်။

"ယခုအခါ တောင်သူတွေအနေနဲ့ ကော်ဖီကို မိရိုးဖလာစိုက်ပျိုးနည်းစနစ်တွေနဲ့သာ စိုက်ပျိုးနေကြပါတယ်၊ နည်းစနစ်မမှန်တဲ့ စိုက်ပျိုးနည်းတွေကို အသုံးပြုနေရင် အရည်အသွေးမြင့်တဲ့ ကော်ဖီစေ့တွေ စိုက်ပျိုးထုတ်လုပ်နိုင်မှာ မဟုတ်ပါဘူး၊ အထွက်နှုန်းလည်းတိုးမှာ မဟုတ်ပါဘူး၊ အရည်အသွေးမြင့်တဲ့ ကော်ဖီတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ဆိုရင်တော့ မိရိုးဖလာနည်းတွေကနေ ပြောင်းလဲဖို့လိုအပ်ပါတယ်၊ အဆင့်မြင့် ကော်ဖီစေ့တွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ခေတ်မီနည်းစနစ်အသုံးပြုစိုက်ပျိုးနိုင်ဖို့ နိုင်ငံတကာလူမှုအဖွဲ့အစည်းတွေကနေ တောင်သူတွေကို အကူအညီပေး နည်းပညာတွေ ဖြန့်ဖြူးပေးနေပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန မြန်မာနိုင်ငံ ကော်ဖီအသင်း Winrock International၊ Nestle' Myanmar Co.,Ltd၊ Mandalay Coffee Group ၊ Myanmar Agricultural Network တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- အောင်အောင်**



# ယခုနှစ်အတွင်း မြစ်ကြီးနားမြို့ ဆေးရုံကြီး၏ သားဖွားဆောင်နှင့် ကလေးဆောင်တိုးချဲ့ရန် အစီအစဉ်မရှိ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနာမြို့၏ ဒူကထောင်ရပ်ကွက်အတွင်းရှိ ခုတင် ၅၀၀ ဆံ့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအတွင်းရှိ အဆိုပါဆေးရုံကြီး၏ သားဖွားမီးယပ်ဆောင်နှင့် ကလေးဖျားနာဆောင်များ၏ အခန်းများတွင် သတ်မှတ်ထားသည့် လူနာဦးရေထက်ကျော်လွန်များပြားနေသောကြောင့် ဆေးရုံလာတက်သည့် လူနာများမှာ အဆင်မပြေမှုများ ကြုံတွေ့နေရသည့်အကြောင်းကို မေးမြန်းရာမှ ယခုနှစ်အတွင်း တိုးချဲ့ရန် အစီအစဉ်မရှိသေးကြောင်း အဆိုပါဆေးရုံ၏ ဆေးရုံအုပ်ကြီးထံမှ သိရသည်။

"၂၀၁၈ထဲတော့ တိုးနိုင်လောက်မှာ မဟုတ်သေးဘူး၊ ဒီဆေးရုံဝင်းထဲမှာ လေးထပ်ဆောင်အသစ်ဆောက်နေတာ အပေါ်ဆုံးထပ်က ခွဲစိတ်ခန်းပါတယ် အောက်ကလူနာဆောင်၊ ခွဲစိတ်ဆောင်တို့ အရိုးဆောင်တွေပေါ့၊ အဲ့ဒီဘက်က လေးထပ်အသစ် အဆောင်ပြီးသွားရင်တော့ ရွှေ့လို့ရပြီ အဆောင်ဟောင်းတွေ ကလည်း ကြာလာပြီဆိုတော့ အသစ်ဆောက်ဖို့တော့ရှိတယ်၊ လူကျပ်တာမျိုးလည်း ရှိပါတယ်၊ မိုးတွင်းဆို ကလေးဆောင်က ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ သွေးလွန်တုပ်ကွေးရာသီဆို လူများပါတယ်၊ သားဖွား မီးယပ်ဆောင်ကတော့ အမြဲတမ်းလိုလို လူများတယ်၊ အဆောင်တိုးချဲ့ဖို့တော့ လိုအပ်နေတယ်၊ နှစ်ကာလကြာပြီဆိုတော့ အထပ်မြင့် အဆောက်အအုံတော့ ရေရှည်မှာလိုအပ်လာမှာ အမှန်ပဲလေ" ဟု ဆေးရုံအုပ်ကြီး ဒေါက်တာ ဘုန်းမော်က ပြောသည်။

အဆိုပါ ဆေးရုံကြီး၏ သားဖွားမီးယပ်ဆောင်နှင့် ကလေးဖျားနာဆောင်ရှိ လူနာအခန်းများတွင် လူနာများလာပါက ယာယီခုတင်များဖြင့် နေကြရပြီး အဆင်မပြေမှု အခက်အခဲများ ကြုံနေရကြောင်း သိရသည်။

"အခုနောက်ပိုင်း ဒီဆေးရုံကြီးကို ပြည်သူတွေက ပိုအားကိုးလာကြတာနဲ့ ဆိုင်မယ်ထင်တယ်၊ တချို့ဆေးတွေက အခမဲ့ရတယ်၊ အရင်ကထက်လည်း ကုန်ကျစရိတ် သက်သာလာတယ်"ဟု သားဖွားမီးယပ်ဆောင်၌ ဆေးရုံတက်နေသူတစ်ဦးက ပြောသည်။

ယင်းဆေးရုံကြီး၏ ပြင်ပလူနာဌာနတွင် တစ်ရက်လျှင်လူဦးရေ ၄၀၀ ကျော် လာရောက်ပြသနေပြီး တစ်နေ့လျှင် ပျမ်းမျှ လူနာအရေအတွက် ၁၀၀ ခန့်ရှိကြောင်း သိရသည်။ **မင်းမင်းဦး**

# ထားဝယ်မြို့ရွှေတောင်စားစေတီတော်မြတ်ကြီးနှင့် လောကမာရဇိန်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ထားဝယ် ဖေဖော်ဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ကျက်သရေဆောင် ရွှေတောင်စားစေတီတော်မြတ်ကြီးနှင့် လောကမာရဇိန်ဘုရားကြီး ဒုတိယ အကြိမ်လုံးတော်ပြည့်ရွှေစင်ရွှေသားရွှေသင်္ကန်းတော်ဆက်ကပ်ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို ထားဝယ်မြို့ ဘုရားကြီးဝင်း မဟာဓမ္မာရုံတော်၌ မတ်လ ၁ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

ပွဲတော်မကျင်းပမီ ဖေဖော်ဝါရီ ၁၇ရက် နံနက် ၇နာရီအချိန်မှစ၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မင်္ဂလာယာဉ်တော်ဖြင့် ပင့်ဆောင်ကာ မတ်လ ၁ ရက်နေ့ညနေပိုင်းတွင် သံဃာတော် ၁၀၈ ပါးနှင့် သီလရှင်အပါး ၃၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပြီး နိဗ္ဗာန်ဈေးအလှူပွဲတော်ကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ နိဗ္ဗာန်ဈေးပွဲတော်တွင် ပုသိမ်ထွန်းထွန်းနိုင် မင်္ဂလာ ဆိုင်းအဖွဲ့နှင့်အတူ စည်တော်မင်းသား ယိမ်းအကအဖွဲ့၊ လိပ်မင်းသားအကအဖွဲ့၊ ကြက်ညီ နောင်အကအဖွဲ့၊ မင်္ဂလာဆင်တော်အကအဖွဲ့၊ ကုလားကိုးတောင် အကအဖွဲ့၊ တိုးနရား အကအဖွဲ့၊ ကျွဲတိုက်ပွဲအကအဖွဲ့တို့က ဖျော်ဖြေကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၂ရက်အထိ ဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ ဓမ္မပူဇာသဘင်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးရွှေသွန်း-ထားဝယ်**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဖေဖော်ဝါရီ ၁ ရက်မှ ၈ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | တကယ်နော် ခက်သည့်အရွယ်တွေအကြောင်း | ဒေါက်တာရဲ | ၂၅၀၀ | နန်းဒေဝီ |
| ၂ | ပိုင်ရာဆိုင်ရာတွေနဲ့ ဒီမိုကရေစီအရွေ့ အပါအဝင် အခြားဆောင်းပါးများ | ကျော်လင်း (ရောင်စုံ) | ၂၀၀၀ | နှင်းဆီနီ |
| ၃ | ရင်ပုရပိုက် | Pk (ကျောင်းစောင့်ကြီး) | ၁၃၀၀ | Pica media |
| ၄ | ဘယာနက အနုပညာနှင့် ကန္တာရမှတ်စုများ | ဇဝနအရှင် | ၄၀၀၀ | Pica media |
| ၅ | ခေါင်းဆောင်များပြုမိတတ်သည့် ထိပ်တန်းအမှားဆယ်ချက် | ထွန်းတင့်အောင် | ၂၇၀၀ | စိတ်ကူးချိုချို |
| ၆ | အီတလီပုံပြင်များ | လူထုဦးလှ | ၃၅၀၀ | လူထုစာပေ |
| ၇ | နေရူး၏ ထောင်တွင်းမှ သမီးထံပေးစာများ | ခင်လဝင်း (လူထုဒေါ်အမာ) | ၁၅၀၀ | လူထုစာပေ |
| ၈ | ရင်ထဲက ရှားလော့ဟုမ်း | ဇော်မြင့် (အောင်လံ) | ၁၂၀၀ | စိတ်ကူးချိုချို |
| ၉ | ဆီးနှင့်ကျောက်ကပ်ရောဂါများနှင့် အခြားဆေးဆောင်းပါးများ | အေးကမ္ဘာဒေါက်တာချစ် | ၃၅၀၀ | စိတ်ကူးချိုချို |
| ၁၀ | ဖုန်းရွှေ၏စွမ်းအားများ | မိုးထက်ပိုင် | ၁၈၀၀ | စိတ်ကူးချိုချို |
| ၁၁ | အလွယ်ဆုံး အင်္ဂလိပ်သဒ္ဒါ | ဆရာဦးတင့်ထွန်း | ၇၀၀၀ | အာရုံသစ် |
| ၁၂ | Matlab : Introduction to problem solving | Dr. Myo Thida | ၅၀၀၀ | ခုနစ်စင်ကြယ် |
| ၁၃ | ကျွန်ုပ်သိသောဗုဒ္ဓ Piece Group | နေရှင်ခ | ၂၅၀၀ | Global |
| ၁၄ | နှင်းခွဲမီး | ပျိုးလက်ဟန် | ၃၂၀၀ | ကံ့ကော်ဝတ်ရည် |
| ၁၅ | ပထဝီမြေပြင်ရဲ့စွမ်းအား | မင်းစိုးသန်း | ၂၅၀၀ | စိတ်ကူးချိုချို |
| ၁၆ | ရောင်စုံအိပ်မက်များ | နွေနှင်းသိုက် | ၁၅၀၀ | မျိုးမြန်မာ |
| ၁၇ | ရွှေသဘော်ပုံပြင် | သန်းလွင် (CEO) | ၃၅၀၀ | သန်းလွင်(CEO) |
| ၁၈ | လက်ရွေးစင်ကဗျာများ (၁၉၉၇-၂၀၁၇) | စိုင်းဝင်းမြင့် | ၂၀၀၀ | ကျော်မွှေး |
| ၁၉ | အခြားတစ်ဖက်မှ ရှုမြင်ခြင်း | ဆွေဆွေမွန် | ၃၀၀၀ | နန်းဒေဝီ |
| ၂၀ | နှင်းဆီရင်ခွင် | ရင်သွေးငယ် | ၁၅၀၀ | မျိုးဆက်သစ် |
| ၂၁ | အနာဂတ်ကိုသစ္စာမဖောက်ကြပါနဲ့နှင့် အတွေးရသစာစုများ | ခင်မောင်ဌေး(ပညာရေး) | ၂၅၀၀ | ရန်အောင် |
| ၂၂ | ကမ္ဘာ့နိုင်ငံ ၁၁၇နိုင်ငံ၏ စကားပုံများ | ဦးသိန်းအောင်(နိုင်ငံခြား) | ၁၂၀၀၀ | မျိုးဆက်သစ် |
| ၂၃ | အနန္တစွမ်းအားရှင်သင် | မြတ်ငြိမ်း | ၂၇၀၀ | စိတ်ကူးချိုချို |
| ၂၄ | ထိရောက်ထက်မြက်သည့် လုပ်ငန်း စွမ်းဆောင်ရည် | ပန်းဆက်လမ်း | ၁၅၀၀ | ပန်းဆက်လမ်း |
| ၂၅ | ယောက်ျားပျက် | ကိုကိုလေး(ဒဿနိက) | ၂၅၀၀ | မျိုးဆက်သစ် |
| ၂၆ | မစီးဆင်းနိုင်ခဲ့တဲ့....မြစ် | ချစ်ခြင်းလှိုင် | ၁၅၀၀ | လင်းယုန်စာပေ |
| ၂၇ | Facebook ပေါ်ကခမ္မရသစာစုများ အတွဲ (၃) | မြသန်းစံ | ၃၀၀၀ | အပွမာဒ |
| ၂၈ | အာယုဗေဒကုထုံး အနှစ်ချုပ် | သမားတော်ကြီးဦးသောင်းနိုင် | ၄၀၀၀ | ဇေယျာစာပေ |
| ၂၉ | ဂျေကေရိုးလင်း စာစဉ် (၁၁၂) | the key colection | ၁၅၀၀ | the key colection |
| ၃၀ | သူလိုလူများ | မင်းယုဝေ | ၂၅၀၀ | အလင်းသစ် |
| ၃၁ | ဝါန်အန်းယီ၏ ဝတ္ထုတိုများ | မြင့်သန်း | ၃၀၀၀ | နှစ်ကာလများ |
| ၃၂ | ဘဏ်ဝန်ထမ်း ဘဏ်လုပ်ငန်း | လွင်မောင်မောင်လွင် | ၄၀၀၀ | Gnd Book |
| ၃၃ | သူရဦးရွှေမန်း (သို့မဟုတ်) သမ္မတဖြစ်ချင်သူ | သန်းဝင်းလှိုင် | ၃၀၀၀ | ကျော်စိုးမိုး |
| ၃၄ | ဒိုးဒိုးဒေါက်ဒေါက် စက္ကူအရုပ်ခေါက် Level-1 | ဦးဦးရကောက် | ၂၀၀၀ | မဇ္ဈိမ |
| ၃၅ | ထူးခြားထင်ပေါ် ပထမကျော်များ | ဦးစန္ဒိမာ(စလင်း) | ၃၅၀၀ | လင်းလွန်းခင် |
| ၃၆ | အလုပ်၊ ကံနှင့် စိတ်တန်ခိုး | ဦးပဂ္ဂိုဂို | ၁၈၀၀ | စိတ်ကူးချိုချို |
| ၃၇ | တရုတ် ရှေးဟောင်းဒဏ္ဍာရီပုံပြင်များ | ဘဘသက် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၃၈ | ရည်မှန်းချက်မှသည် အောင်မြင်မှု ပန်းတိုင်ဆီသို့ | ဒေါက်တာအောင်ထွန်းသက် | ၁၀၀၀ | မဇ္ဈိမ |
| ၃၉ | မာတင်လူသာကင်း (အငယ်) နှင့် ကျွန်မဘဝ | တင်မောင်မြင့် | ၃၀၀၀ | ရှုဝံ |
| ၄၀ | သိုးကျောင်းသားရဲ့အနန္တလွင်ပြင် | မိုးသက်ဟန် | ၂၅၀၀ | လူငယ်တစ်ယောက် |
| ၄၁ | ဘဝဖြတ်သန်းမှု အဖုံဖုံထဲမှ၊ အန္တရာယ်လွဲဖယ်မှု အစုံစုံများ၊ ယုံကြည်မြတ်နိုးကိုးကွယ်မှု အကျိုးတရားများနှင့် အခြားသောရသစာစုများ | ရွှေမြိုင်နိုင်၊ စစ်အောင်၊ အေးမိစံ (သထုံ) | ၂၀၀၀ | မင်္ဂလာစာပေ |

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း- ၂၀)

သိပ္ပံစာရေးဆရာကိုကိုအောင်



**ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်**

ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်အချို့အနေဖြင့်မူ ကောက်ပဲသီးနှံများ ပုံမှန်ရင့်မှည့်ရမည့် အချိန်ထက် စော၍ရင့်မှည့်ခြင်း သို့တည်းမဟုတ် နောက်ကျပြီးမှ ရင့်မှည့်ခြင်း၊ ကမ္ဘာ့တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းရှိ အစဉ်အေးခဲနေသောရေခဲလွှာများ အရည်ပျော်ကျလာနေခြင်း၊ ပင်လယ်ရေတိမ်ပိုင်းရှိ သန္တာကျောက်တန်းများ ကွဲအက်ပျက်စီးလာခြင်း၊ သန္တာကျောက်တန်း အသစ်ဖြစ်တည်မှုနှုန်းထက် ပျက်စီးမှုနှုန်းကပိုမိုများပြားလာခြင်း၊ ယခင်က အပူပိုင်းဒေသ၌သာ ပေါက်ပွားရှင်သန်နိုင်သည့် ခြင်များမှာ သမပိုင်းဒေသ၌ပါ ပေါက်ပွားရှင်သန်လာကြပြီး လူတို့ကို ပြင်းထန်သော ရောဂါပိုးများ ပိုမိုစွဲကပ်ကျရောက်စေခြင်း၊ တွားသွားသတ္တဝါအချို့နှင့် အင်းဆက်ပိုးအချို့ အရွယ်အစားလျော့ကျလာခြင်း စသည်တို့ကို ကြုံတွေ့နေကြရသည်။

ရာသီဥတုပြောင်းလဲခြင်း၏ ထင်ရှားသော အကျိုးဆက်ကြီးတစ်ခုကို သစ်ပင်သစ်တောကဏ္ဍ၌လည်း တွေ့မြင်နိုင်သည်။ ကမ္ဘာမြေပြင်ပေါ်ရှိ သစ်ပင်သစ်တောများသည် ကမ္ဘာမြေအတွက်လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက်ရှိနေကြသလို... ပင်လယ်၊ သမုဒ္ဒရာနှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့၏ ရေပေါ်ရေအောက်ရှိ ရေညှိရေမှော်ပင်များကလည်း ကမ္ဘာမြေအတွက်လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့ပမာဏ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လွှတ်ပေးလျက်ရှိနေကြသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းချိန်ပြောင်းလဲသွားခြင်း၊ မိုးရွာသွန်းမှုပမာဏ ပြောင်းလဲသွားခြင်းနှင့် မိုးရွာသွန်းမှုပုံစံပြောင်းလဲသွားခြင်း စသည်တို့အပြင် ရေငွေ့နှင့် စိုထိုင်းဆ ပြောင်းလဲသွားမှုတို့ကြောင့် မြေကြီးထဲရှိ ဒြပ်စင်အချိုးအစား ပြောင်းလဲမှုများပါဖြစ်ပေါ်ကာ အပင်များ သေးငယ်ကြုံလှီလာလျက်ရှိနေပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးနိုင်မှုပမာဏမှာလည်း လျော့နည်းကျဆင်းလျက် ရှိနေသည်။

မြေကြီးထဲမှ အာဟာရများကိုစုပ်ယူကာ နေရောင်ဖြင့်ချက်လုပ်သည့် အလင်းဖွဲ့အစာချက်ဖြစ်စဉ်အတွင်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူကာ လေထုထဲသို့ အောက်ဆီဂျင်ဓာတ်ငွေ့နှင့် ရေငွေ့များကို ထုတ်လွှတ်ပေးနေကြသော သစ်ပင်တို့၏ဇီဝဖြစ်စဉ်အပေါ် အရွယ်အစားကြုံလှီလာနေခြင်းက သက်ရောက်မှုများစွာကို ဖြစ်ပေါ်စေသည်။ ကြီးထွားအရွယ်ရောက်ပြီးသော သစ်ပင်တစ်ပင်သည် နေ့စဉ် လူ ၁၈ ဦးစာအတွက် အောက်ဆီဂျင်ဓာတ်ငွေ့ကို အလုံအလောက် ထုတ်လွှတ်ပေးနိုင်သလို... လေထုထဲသို့ ရေငွေ့လီတာပေါင်းများစွာကို ထုတ်လွှတ်ပေးနေခြင်းအားဖြင့်လည်း ပတ်ဝန်းကျင် အပူချိန်ကို လျှော့ချပေးနိုင်စွမ်းရှိသည်။ အရွယ်ရောက်သင့်သည့်အချိန်တွင် ကြုံလှီ သေးသွယ်နေခြင်းကြောင့် အောက်ဆီဂျင်နှင့် ရေငွေ့ထုတ်လွှတ်နိုင်မှုများကို လျော့ကျစေလျက်ရှိသည်။

**အဆိုးသံသရာ**

ဤသို့အားဖြင့် လူတို့၏ပယောဂကြောင့်ဖြစ်ရသော ကာဗွန်ထုတ်လွှတ်မှု၊ ဖန်လုံအိမ်အာနိသင်၊ ကမ္ဘာကြီးပူနွေးမှု၊ မိုးလေဝသအခြေအနေ ကစဉ့်ကလျားဖြစ်မှု၊ ရာသီဥတုပြောင်းလဲမှုတို့သည် လူနှင့် သက်ရှိမျိုးစိတ်အားလုံးတို့ကို ဆိုးကျိုးများ ထပ်ဆင့်သက်ရောက်စေကာ ထိုသို့သော ဆိုးကျိုးသက်ရောက်စေမှုများကပင် တစ်ဖန်ပြန်၍ မိုးလေဝသအခြေအနေကို ကစဉ့်ကလျားဖြစ်ပေါ်စေခြင်းဖြင့် အဆိုးသံသရာထဲ၌ လည်နေရမည့်အကြောင်းကို ဖန်လာတော့သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲနေခြင်းကို တိုက်ဖျက်နိုင်ရေးသည် စိတ်ကူးယဉ်ဆန်နေရုံမျှဖြင့်... အမြင်ကောင်းအောင် ဟန်ဆောင်ဟန်ပြ လုပ်ဆောင်နေရုံမျှဖြင့် ကျော်လွှားပြီးမြောက်သွားနိုင်မည် မဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများက ပြည်သူလူထုကို နားလည်သဘောပေါက်အောင် နည်းလမ်းမျိုးစုံဖြင့် ရှင်းလင်းတင်ပြပြီး ပြည်သူ့အားဖြင့် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်းတို့ဖြင့်သာ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်နိုင်မည်ဖြစ်သည်။

အခြေခံအကျဆုံးအနေဖြင့် ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ကျော်တို့သည် လူတစ်ဦးချင်းစီက တစ်နှစ်လျှင် နှစ်လတ်သို့မဟုတ် နှစ်ရှည်ပင်တစ်ပင်စီကို ရှင်သန်အောင် စိုက်ပျိုးနိုင်ကြမည်ဆိုပါက နှစ်စဉ် ကမ္ဘာပေါ်၌ သစ်ပင်ကြီးများ သန်း ၇၀၀၀ ကျော် တိုးပွားလာလိမ့်မည်ဖြစ်သည်။ အခြားတစ်ဖက်၌လည်း သစ်တောပြုန်းတီးမှုကိုဖြစ်စေသော မည်သည့်လုပ်ရပ်မျိုးကိုမဆို အစိုးရနှင့်ပြည်သူလူထုတို့က ထိထိရောက်ရောက် ဆန့်ကျင်ဟန့်တားနိုင်မည်ဆိုပါက ကမ္ဘာ့အပူချိန်ထပ်မံမြင့်တက်မလာနိုင်စေရေးအတွက် အတိုင်းအတာတစ်ရပ်အထိ အကျိုးသက်ရောက်မှု ရှိလိမ့်မည်ဖြစ်သည်။

အချုပ်ဆိုရသော် လူ့ပယောဂကြောင့်ဖြစ်ရသော ရာသီဥတုပြောင်းလဲမှုနှင့် မိုးလေဝသအခြေအနေ ကစဉ့်ကလျားဖြစ်မှုတို့ကို အသိဉာဏ်မြင့်မားသော လူတို့ကပင် ပြန်လည်ထိန်းကျောင်းတည့်မတ်ကြရမည်သာ ဖြစ်ပေသည်။

**ပင်လယ်ရေဘယ်မခန်း အမြင့်ကိုတက်ဖို့မှန်း**

လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀၀ ခန့်က အာရှတိုက် အရှေ့မြောက်စွန်းဒေသနှင့် မြောက်အမေရိကတိုက် အလာစကာပြည်နယ် အနောက်မြောက်စွန်းဒေသနှစ်ခုအကြားရှိ ဘယ်ရင်ရေလက်ကြားတွင် ရေခန်းခြောက်နေခဲ့သည့်အတွက်၊ ထိုစဉ်က ယင်းဒေသနှစ်ခုအကြား ကုန်းကြောင်းခရီးဖြင့် ကူးသန်းသွားလာနိုင်ခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၈၀၀၀ ခန့်က တစ်ကမ္ဘာလုံး၌ အအေးလွန်ကဲခဲ့ရာ၊ ကမ္ဘာပေါ်ရှိ ရေအများစုမှာ မြောက်အမေရိကတိုက်၊ ဥရောပတိုက်နှင့် အာရှတိုက်များတွင် ရေခဲပြင်များအဖြစ်သာ ရှိနေခဲ့ကြပြီး ပင်လယ်နှင့်သမုဒ္ဒရာများအတွင်းသို့ စီးဆင်းဝင်ရောက်မှု အလွန်နည်းပါးခဲ့သည်။

ထိုစဉ်က အချို့သော ပင်လယ်ရေမျက်နှာပြင်များသည် လက်ရှိအချိန်မှာထက် ပေ ၄၀၀ ခန့် နိမ့်ကျနေခဲ့ပြီး ဥရောပတိုက်ရှိ ဘောလ်တစ်ပင်လယ်နှင့် မြောက်ပင်လယ်တို့တွင် ရေများခန်းခြောက် နေခဲ့သည်။ ယခုအချိန်၌မူ အဆိုပါပင်လယ်များသည် ရေများဖြင့် ပြည့်လျှံလျက်ရှိနေကြသလို... ဘယ်ရင်ရေလက်ကြား၌လည်း ရေထုကြီးက မျက်စိတဆုံး ဖုံးလွှမ်းလျက်ရှိနေပြီဖြစ်သည်။

> **“မြင့်တက်လာမည့်ပင်လယ်ရေသည် ကမ်းရိုးတန်းဒေသ ကုန်းတွင်းပိုင်းအထိ ဝင်ရောက်ကာ မြို့ရွာဒေသအများအပြားကို ရေလွှမ်းမိုးမှုအန္တရာယ်များ ကျရောက်စေလိမ့်မည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီက ပင်လယ်ရေမျက်နှာပြင် တစ်ပေမြင့်တက်လာတိုင်း ပင်လယ်ကမ်းရိုးတန်းကုန်းတွင်းပိုင်းသို့ ပေ ၂၀၀ အထိ ပင်လယ်ရေများ ဝင်ရောက်လာဖွယ်ရှိနေကြောင်း ခန့်မှန်းထားသည်”**

လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ခန့်မှစ၍ အေးခဲသောခေတ်ကာလ ကုန်ဆုံးလွန်မြောက်ကာ ကမ္ဘာကြီး ပြန်လည်ပူနွေးလာပြီး ရေခဲပြင်များလည်း အရည်ပျော်ကျလာခဲ့သည်။ ရေခဲပြင်များ အရည်ပျော်နှုန်း မြင့်မားသည့်အတွက် ပင်လယ်ရေမျက်နှာပြင်လည်း တဖြည်းဖြည်းမြင့်တက်လာခဲ့ရာမှ၊ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ အရောက်တွင် ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ပြင်များ၏ ရေထုလွှာမြင့်တက်မှုအနေအထားသည် မျက်မှောက်ကာလ၏ အခြေအနေမျိုးသို့ ရောက်ရှိလာခဲ့သည်။

**အနာဂတ်ကာလ နေထိုင်မှုဘဝ**

ကမ္ဘာ့လူဦးရေ သန်း ၁၀၀ ခန့်သည် ပင်လယ်ကမ်းရိုးတန်းဒေသများတစ်လျှောက်၌ အခြေချနေထိုင်လျက် ရှိနေကြသည့်အတွက် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် လက်ရှိအနေအထားမှာထက် ထပ်မံမြင့်တက်လာဦးမည်ဆိုပါက အဆိုပါလူသန်း ၁၀၀ ခန့်၏ အနာဂတ်ကာလ နေထိုင်မှုဘဝများလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလိမ့်မည်ဖြစ်သည်။ အကယ်၍ ကမ္ဘာ့ရာသီဥတုပြောင်းလဲနေမှု ဖြစ်စဉ်ကြီးသည် မျက်မှောက်ကာလမှာထက် ပိုမိုဆိုးရွားလာပြီး ဤမြေကမ္ဘာကြီး၏အပူချိန်က အဆမတန် မြင့်တက်လာဦးမည်ဆိုလျှင် ရေခဲဖုံးလွှမ်းမှုရေိယာ အများဆုံးဒေသများဖြစ်ကြသည့် အာတိတ်နှင့် အန္တာတိကဒေသများရှိ ရေခဲပြင်များအားလုံး အရည်ပျော်ကျသွားလိမ့်မည် ဖြစ်သည်။

ယင်းကဲ့သို့ အရည်ပျော်ကျသွားမည်ဆိုပါက ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် လက်ရှိအနေအထားမှာထက် နောက်ထပ် ပေ ၂၅၀ ခန့် ထပ်မံမြင့်တက်လာလိမ့်မည်ဖြစ်ရာ ထိုအခြေအနေသို့ရောက်ရှိ လာခဲ့လျှင် ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်း ဒေသများအားလုံးနှင့် ကုန်းတွင်းပိုင်း မြေနိမ့်ဒေသများအားလုံးကို ပင်လယ်ရေထုကြီးက ဖုံးလွှမ်းသွားလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့အပူချိန်မြင့်တက်နေမှုကို ထိန်းချုပ်နိုင်မည်ဆိုပါက ထိုအခြေအနေမျိုးအထိရောက်ရှိရန် အလှမ်းဝေးနေဦးမည်ဖြစ်သည်။

ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း တစ်နှစ်လျှင် ၃ မီလီမီတာနှုန်းဖြင့် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ အချိန်ကာလနှင့် နှိုင်းယှဉ်မည်ဆိုပါက မျက်မှောက်ကာလ၌ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၂၅ စင်တီမီတာခန့်အထိ မြင့်တက်လာခဲ့ပြီးဖြစ်သည်။ ကမ္ဘာ့အပူချိန်မြင့်တက်နေမှုကို ထိန်းချုပ်ထားနိုင်မည်ဆိုပါက လာမည့်နှစ် ၁၀၀ ကာလအတွင်း ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် အများဆုံး ၆၀ စင်တီမီတာ အထိသာ မြင့်တက်လာနိုင်ပြီး အကယ်၍ ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ထိန်းချုပ်လျှော့ချခြင်း မပြုနိုင်ပါက ရေခဲပြင်များ အရည်ပျော်နှုန်းမြင့်မားကာ ၈၀ စင်တီမီတာအထိ မြင့်တက်လာနိုင်ခြေရှိနေသည်။

**ရေလွှမ်းမိုးမှုအန္တရာယ်များ**

မြင့်တက်လာမည့်ပင်လယ်ရေသည် ကမ်းရိုးတန်းဒေသ ကုန်းတွင်းပိုင်းအထိ ဝင်ရောက်ကာ မြို့ရွာဒေသအများအပြားကို ရေလွှမ်းမိုးမှုအန္တရာယ်များ ကျရောက်စေလိမ့်မည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီက ပင်လယ်ရေမျက်နှာပြင် တစ်ပေမြင့်တက်လာတိုင်း ပင်လယ်ကမ်းရိုးတန်းကုန်းတွင်းပိုင်းသို့ ပေ ၂၀၀ အထိ ပင်လယ်ရေများ ဝင်ရောက်လာဖွယ်ရှိနေကြောင်း ခန့်မှန်းထားသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာအစိုးရများ ဆက်သွယ် ညှိနှိုင်းမှုအဖွဲ့ကြီးကလည်း ၂၀၈၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့ကမ်းရိုးတန်း ရွှံ့ညွန်ဒေသများ၏ ၃၃ ရာခိုင်နှုန်းမှာ ပင်လယ်ရေအောက်သို့ ရောက်ရှိသွားဖွယ်ရှိကြောင်း ထုတ်ပြန်ကြေညာထားသည်။

လာမည့် နှစ်ပေါင်း ၁၀၀ ကာလတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မော်လ်ဒိုက်ကျွန်းစုနိုင်ငံနှင့် မာရှယ်ကျွန်းစုများ၊ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ တူဗာလူကျွန်းများသည် ပင်လယ်ရေအောက်သို့ စုံးစုံးမြုပ်သွားကြလိမ့်မည်ဖြစ်သည်။

ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် ထပ်မံမြင့်တက်လာမည့် အလားအလာသည် ကမ်းရိုးတန်းဒေသ တစ်လျှောက်၌ လူဦးရေထူထပ်စွာ နေထိုင်လျက်ရှိနေကြသော တရုတ်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အီဂျစ်စသောနိုင်ငံများကို ခြိမ်းခြောက်လျက်ရှိနေသလို... အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ မိုင်ယာမီနှင့် နယူးအော်လင်းမြို့များကို လည်းကောင်း၊ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းနှင့်ကိုလ်ကတ္တား မြို့များကို လည်းကောင်း၊ တရုတ်နိုင်ငံ ကွမ်ကျိုးနှင့်ရှန်ဟိုင်း မြို့များကိုလည်းကောင်း၊ ဂျပန်နိုင်ငံ အိုဆာကာမြို့ကို လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ကိုလည်းကောင်း၊ အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယားမြို့ကိုလည်းကောင်း ပင်လယ်ရေလွှမ်းမိုးမှုအန္တရာယ် အကြီးမားဆုံးကျရောက်ရာ မြို့ပြဒေသများအဖြစ် မှတ်တမ်းဝင်သွားစေလိမ့်မည် ဖြစ်သည်။

**ကမ္ဘာကြီးပူနွေးလာနေခြင်း၏ ဘေးအန္တရာယ်**

လက်ရှိအခြေအနေတွင် မော်လ်ဒိုက်ကျွန်းစုနိုင်ငံသည် ကမ္ဘာကြီးပူနွေးလာနေခြင်း၏ ဘေးအန္တရာယ်ကို လက်တွေ့ကျကျဖြင့် ထိပ်တိုက်ရင်ဆိုင်နေရသော နိုင်ငံတစ်ခုဖြစ်သည်။ တစ်နှစ်ထက် တစ်နှစ် ပိုမိုမြင့်မားလာသော ဒီရေလှိုင်းများရိုက်ခတ်မှု၏အန္တရာယ်ကို တားဆီးကာကွယ်နိုင်ရန်အတွက် ၁၀ ပေခန့် မြင့်မားသော ကွန်ကရစ်တံတိုင်းများကို မြို့တော်၏ပတ်ပတ်လည်၌ ဖန်တီးပြုလုပ်ထားရသည်။ ၁၉၈၇ ခုနှစ်က ဒီရေများ အကြီးအကျယ်ဝင်ရောက်မှုကြောင့် မော်လ်ဒိုက်နိုင်ငံ မြို့တော် မားလေတွင် ပျက်စီးဆုံးရှုံးမှုပမာဏ အမေရိကန်ဒေါ်လာ သန်းနှင့်ချီ၍ရှိခဲ့သည်။

၂၀၀၄ ခုနှစ်ကလည်း အိန္ဒိယသမုဒ္ဒရာတွင်ဖြစ်ပေါ်ခဲ့သည့် ဆူနာမီလှိုင်းများ၏ရိုက်ခတ်မှုကြောင့် မော်လ်ဒိုက်နိုင်ငံ၏ အစိတ်အပိုင်းအများအပြားကို ပင်လယ်ရေများက ဖုံးလွှမ်းသွားခဲ့ပြီး ကျွန်းစု၏မြေမျက်နှာသွင်ပြင်မှာ အကြီးအကျယ် ပြောင်းလဲသွားခဲ့သည်။ ယခုအခါ မော်လ်ဒိုက်ကျွန်းစုနိုင်ငံ၏ မြေမျက်နှာသွင်ပြင်ပြ ပထဝီမြေပုံကို မော်လ်ဒိုက်အစိုးရအဖွဲ့က ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီးဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းထောင်ချီကာလက အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ရေအောက်မီးတောင်များ အကြီးအကျယ်ပေါက်ကွဲမှုကြောင့် ပင်လယ်ရေအောက်ကြမ်းပြင်များ အပေါ်သို့ ကြွတက်လာခဲ့ပြီး မော်လ်ဒိုက် ကျွန်းစုများအဖြစ် ပေါ်ထွက်လာခဲ့သည်။ ကျွန်းငယ်ပေါင်း ၁၂၀၀ ခန့်ပါဝင်သည့် မော်လ်ဒိုက်ကျွန်းစုနိုင်ငံ သည် သီရိလင်္ကာနိုင်ငံ၏ အနောက်တောင်ဘက်မိုင် ၄၀၀ ကျော်အကွာတွင်တည်ရှိပြီး သာမောဖွယ် ကမ်းခြေများနှင့် လှပသောသန္တာကျောက်တန်းများ တည်ရှိနေသည့်အတွက် ကမ္ဘာလှည့်ခရီးသွားဒေသတစ်ခုအဖြစ် အလွန်ထင်ရှားကျော်ကြားသည်။

**ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားတော့မည့်နိုင်ငံ**

ကမ္ဘာကြီးပူနွေးလာနေမှုကြောင့် တအိအိမြင့်တက်လာ နေသည့် ပင်လယ်ရေပြင်အောက်သို့ တစ်နိုင်ငံလုံး စုံးစုံးမြုပ်သွားမည့်အရေးကို လက်တွေ့ကျကျ ရင်ဆိုင်နေရသည့်အတွက် ၁၉၉၂ ခုနှစ်က ပြုလုပ်ခဲ့သည့် မြေကမ္ဘာညီလာခံကြီး၌ မော်လ်ဒိုက်သမ္မတက ၂၁ ရာစုအတွင်း ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားတော့မည့်နိုင်ငံနှင့် မျိုးသုဉ်းတော့မည့် နိုင်ငံသားတို့၏ ကိုယ်စား တစ်ကမ္ဘာလုံးကို အသိပေးလိုကြောင်းဖြင့် ပြောကြားသွားခဲ့သည်။

မော်လ်ဒိုက်နိုင်ငံ၏ မြို့တော်မားလေသည် အနေးနှင့်အမြန်ဆိုသလို ပင်လယ်ရေအောက်သို့ သက်ဆင်းရတော့မည့်အရေးကို ကြိုတင်သိမြင်နေသည့် မော်လ်ဒိုက်အစိုးရက မားလေကျွန်းထက် များစွာမြင့်မားသော လူလုပ်ကျွန်းတစ်ကျွန်းကို အပြင်းအထန် တည်ဆောက်လျက်ရှိနေသည်။ အဆိုပါကျွန်းတည်ဆောက်မှုနှင့်ပတ်သက်၍လည်း ကမ္ဘာကြီးပူနွေးလာပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းသည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများကြောင့် ဖြစ်ရသည့်အတွက် ကျွန်းတုတည်ဆောက်မှုတွင် ထိုနိုင်ငံများက ဝိုင်းဝန်းကူညီသင့်ကြောင်း မော်လ်ဒိုက်သမ္မတက ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုအခါ တဖြည်းဖြည်းမြင့်တက်လာနေသော ပင်လယ်ရေမျက်နှာပြင်သည် ကမ်းရိုးတန်းဒေသများကို ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်စေရုံမျှမက မြေပေါ်မြေအောက်ရှိ ရေချိုအရင်းအမြစ်များထဲသို့လည်း ပင်လယ်ရေငန်များကို ဝင်ရောက်ရောနှောစေလျက်ရှိသည်။ အဆိုပါအန္တရာယ်သည် ကမ်းရိုးတန်းဒေသတွင် နေထိုင်ကြသော ပြည်သူများအတွက် စိုးရိမ်ထိတ်လန့်ဖွယ်ရာ ဖြစ်လျက်ရှိနေသည်။ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် ပင်လယ်ကမ်းရိုးတန်းများမှ ၆၄ ကီလိုမီတာအကွာဒေသများတွင် နေထိုင်လျက်ရှိကြရာ ထိုဒေသခံပြည်သူများ သောက်သုံးရန် ရေချိုရရှိနိုင်မှုအပေါ် ရေငန်ဝင်ရောက်နေမှုက အကြီးအကျယ် ခြိမ်းခြောက်လျက်ရှိနေသည်။ ။

*(ဆက်လက်ဖော်ပြပါမည်)*

# ဖလမ်းလေဆိပ်(ဆူရ်ဘုန်) တည်ဆောက်ရေးလုပ်ငန်းကို ပွင့်လင်းရာသီအတွင်း အရှိန်မြှင့်ဆောင်ရွက်နေ

**နေစု(ချင်းရိုးမ)**




သွားလာဆက်သွယ်ရေး ခက်ခဲသည့် ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ပိုမိုအဆင်ပြေကောင်းမွန်စေရန်၊ ဒေသအတွင်းခရီးသွားလာမှုနှုန်း မြင့်တက်လာစေရန်၊ ပြည်တွင်းပြည်ပခရီးသည်များ အလွယ်တကူ လာရောက်လည်ပတ်နိုင်စေရန်နှင့် သဘာဝအခြေခံ လူထုအခြေပြုခရီးသွားလုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်လျက် ပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်း ဖြစ်လာမည့် ဖလမ်းလေဆိပ်(ဆူရ်ဘုန်)ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ ငါးနှစ်စီမံကိန်းဖြင့် တည်ဆောက်လျက်ရှိရာ ယခုနှစ် ပွင့်လင်းရာသီအတွင်း တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံမှ သိရသည်။

ဖလမ်းလေဆိပ်(ဆူရ်ဘုန်) လေယာဉ်ကွင်းကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သန်း ၁၀၀၀၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၁၉၀၀ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၂၀၀ အသုံးပြု၍ တည်ဆောက်နေပြီး စီမံကိန်းတစ်ခုလုံးအတွက် စုစုပေါင်း ကျပ် ၂၅ ဘီလီယံကို ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်နေပြီး ၂၀၂၀- ၂၀၂၁ ခုနှစ်တွင် ပြီးစီးရန်စီစဉ်ထားကြောင်း သိရသည်။

လေဆိပ်တည်ဆောက်ရေးလုပ်ငန်းများကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်ဝန်ကြီးများက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် လေဆိပ်နေရာ၌ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လေယာဉ်ကွင်းပတ်ဝန်းကျင် လမ်းဘေးဝဲယာတွင် စိုက်ပျိုးမည့် ပျိုးပင်များရရှိရေးတို့အတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုး၏ တင်ပြမှုအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

အဆိုပါလေယာဉ်ကွင်းတည်ဆောက်သည့်နေရာသည် လေတိုက်နှုန်း၊ လေတိုက်ခတ်ရာအရပ်၊ အနီးဆုံးမြို့များနှင့် လွယ်ကူစွာဆက်သွယ်သွားလာနိုင်မှု၊ လူဦးရေပျံ့နှံ့တည်ရှိမှု၊ အနီးဆုံးလေဆိပ်နှင့် အကွာအဝေး စသည့်အချက်များအရ လေယာဉ်ကွင်းတည်ဆောက်ရန် အကောင်းဆုံးနှင့် အဆင်အပြေဆုံး မြေနေရာဖြစ်ကြောင်း၊ ယင်းအပြင် ဒေသတွင်း အချက်အချာကျပြီး လေယာဉ်ကွင်းတည်ဆောက်ရန် မြေနေရာအနေအထား ကောင်းမွန်သည့် ဖလမ်းမြို့၏ အနောက်မြောက်ဘက် ၈ ဒသမ ၅ မိုင်အကွာ ရိခေါဒါရ်မြို့သွားလမ်းပေါ်ရှိ ဆူရ်ဘုန်တောင်ကြော တစ်လျှောက်တွင် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၆၀၀၀ ကျော်တွင် လေယာဉ်ကွင်းတည်ဆောက်ထားခြင်းဖြစ်ပြီး လေကြောင်းပြေးလမ်းသည် အလျားပေ ၆၀၀၀၊ အကျယ်ပေ ၁၀၀ ရှိကြောင်း၊ လေယာဉ်ပြေးလမ်း တစ်ဖက်တစ်ချက်စီသည် ပေ ၅၀၀ ကျယ်ဝန်းပြီး လေယာဉ်ရပ်နားရန်နေရာကို အလျားပေ ၂၅၀ နှင့် အနံပေ ၂၅၀ ဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ပြေးလမ်းမျက်နှာပြင်သည် Flexible Pavement အမျိုးအစားဖြစ်ကြောင်း၊ လေယာဉ်ကွင်းတည်ဆောက်မှု ပြီးစီးပါက ပေါင် ၅၀၀၀၀ ရှိသော ATR 72 လေယာဉ်အမျိုးအစားများပါ ဆင်းသက်နိုင်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

လေဆိပ်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်ကလည်း ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် မတ်လအတွင်းက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး လုပ်ငန်းများကို ပြီးစီးနိုင်သလောက် အားသွန်ခွန်စိုက်ဆောင်ရွက်ရေး မှာကြားကာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင်လည်း နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် လေဆိပ်တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စနစ်တကျဖြင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန်၊ လိုအပ်ပါက ပြည်ပပညာရှင်များ၏ နည်းပညာအကူအညီနှင့် အဆောက်အအုံများ ရယူဆောင်ရွက်စေလိုကြောင်း၊ စီမံကိန်းအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားနှင့် ရေအလုံအလောက် ရရှိနိုင်ရေးအတွက် ပြည်နယ်အစိုးရက ပံ့ပိုးကူညီ ဆောင်ရွက်သွားစေလိုကြောင်း မှာကြားခဲ့သည်။

"ယခုတည်ဆောက်လျက်ရှိသော လေယာဉ်ကွင်းနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၀ ရက်ကကျင်းပပြုလုပ်သော ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ချင်းပြည်နယ်အတွင်း လေယာဉ်ကွင်းသစ်တစ်ခုတည်ဆောက်နိုင်ရေးအတွက် ဖလမ်းလေဆိပ် (ဆူရ်ဘုန်) တည်ဆောက်ရာတွင် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ လေကြောင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် နေရာရှာဖွေခြင်း၊ ကွင်းဆင်းတိုင်းတာခြင်း၊ လေယာဉ်ငယ်ဖြင့် လေယာဉ်ပျံသန်းဆင်းသက်မှု လမ်းကြောင်းစစ်ဆေးခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ချင်းပြည်နယ်အတွင်း ဟားခါး၊ တီးတိန်နှင့် ဖလမ်းမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပြီးမှ အသင့်တော်ဆုံးဖြစ်သည့် ဖလမ်းမြို့ ဆူရ်ဘုန်တောင်ကြောမြေနေရာကို အတည်ပြုရွေးချယ်ခဲ့ပြီး ဖလမ်းလေယာဉ်ကွင်းသစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်မှစ တင်ဆောင်ရွက်ခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ၂၀၁၇ ခုနှစ် အောက်တိုဘာလကုန်ပိုင်းက ပြုလုပ်သည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

"လေဆိပ်သစ်စီမံကိန်းကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေကနေ ဘတ်ဂျက်မပါဝင်တဲ့အတွက် လုပ်ငန်းပုံမှန်လည်ပတ်နိုင်ဖို့ ချင်းပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် သန်း ၁၂၀၀ ကျော်ကို ခဏစိုက်ထုတ် ချေးပေးခဲ့ပါတယ်၊ အခုတော့ ပြည်ထောင်စုအစိုးရ ရန်ပုံငွေကနေ ပြန်ရပါပြီ၊ အဲဒီအပြင် ချင်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ ဟားခါးမြို့နယ် ဘုံလုံးကျေးရွာ၊ ထန်တလန်မြို့နယ် ဇွေချိုပ်(စ့်)တောင်မှာ လေယာဉ်ကွင်းငယ်အတွက် မြေနေရာကွင်းဆင်းလေ့လာ ကြည့်ရှုပြီးပါပြီ၊ မတူပီခရိုင် လိုင်လင်းပီမြို့မှာတော့ နိုင်ငံတကာအင်ဂျင်နီယာတွေ ပူးပေါင်းပြီး လေယာဉ်ကွင်းမြေနေရာအတွက် မူကြမ်းအဆင့် ရေးဆွဲထားပြီးပါပြီ၊ ကျန်တဲ့ တီးတိန်မြို့နဲ့ ပလက်ဝမြို့တွေမှာလည်း လေယာဉ်ကွင်းဟောင်းတွေ ရှိပြီးသားဖြစ်ပါတယ်၊ ဖလမ်းလေဆိပ်ကိုတော့ ငါးနှစ်စီမံကိန်းအတွင်း လေယာဉ်ပျံသန်း၊ ဆင်းသက်နိုင်ဖို့ စိုင်းပြင်းထားပါတယ်"ဟု ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးက ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောသည်။

လေယာဉ်ကွင်း တည်ဆောက်ပြီးစီးသွားပါက ချင်းပြည်နယ်(မြောက်ပိုင်း)ရှိ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ ရိခေါဒါရ်မြို့များနှင့် အထင်ကရနေရာများဖြစ်သည့် ရိဒ်ရေကန်နှင့် လေသာတောင်ခေါ် ကနေဒီတောင်များအပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ စသည့်မြို့များသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရန် လွယ်ကူလာပါက ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်သည်။

လက်ရှိတွင် ချင်းပြည်နယ် (မြောက်ပိုင်း)၏ အဓိကကြုံတွေ့နေရသည့် အခက်အခဲမှာ မိုးရာသီကာလတွင် သဘာဝဘေးဒဏ်များကြောင့် ဒေသတွင်း ဆက်သွယ်သွားလာမှု လမ်းကြောင်း ပျက်စီးပြတ်တောက်မှုများ၊ လမ်းပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားနေခြင်းဖြစ်ရာ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် အကောင်းဆုံး ဆက်သွယ်ရေးလမ်းကြောင်းမှာ လေကြောင်းခရီးသာဖြစ်၍ ဖလမ်းလေဆိပ်သည် ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် တံခါးပေါက်တစ်ခုလည်း ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ဖလမ်းလေဆိပ် တည်ဆောက်ရေးလုပ်ငန်းကို အရှိန်မြှင့်လုပ်ဆောင်ခြင်းဖြင့် တောင်တန်းဒေသနေ တိုင်းရင်းသားပြည်သူများအား များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပေသည်။ ။

## ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲကျင်းပ

**ချောက် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ ကလေးများနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း ၁၀၃ နှစ်ပြည့်မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူလတန်းကြိုရင်သွေးငယ်လေးများ၏ ကဗျာနှင့် သီချင်းပြိုင်ပွဲများကို မကွေးတိုင်းဒေသကြီး ချောက်မြို့အမှတ်(၉)ရပ်ကွက် ဆေးရုံဝိုင်းရပ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ချောက်မူလတန်းကြိုကျောင်း၌ ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မူကြိုကလေးငယ်များက ကလေးများနေ့ ဂုဏ်ပြုတေးသီချင်းနှင့် ကလေးကဗျာများဖြင့် ယှဉ်ပြိုင်ကြပြီး ကျောင်းအုပ်ဆရာမကြီးက သီချင်းနှင့် ကဗျာပြိုင်ပွဲများတွင် ပထမဆုရရှိသောအဖွဲ့အား ဆုချီးမြှင့်ပေးခဲ့ကာ ပြိုင်ပွဲဝင်ကလေးတိုင်းအား လက်ဆောင်ပစ္စည်းများကိုလည်း ပေးအပ်ခဲ့သည်။ ထို့နောက် ရင်သွေးငယ်များ၏ မိဘများ၏ ပံ့ပိုးမှုဖြင့် မူကြိုကျောင်းဝင်းအတွင်း၌ နိဗ္ဗာန်ဈေးအစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး (ပြန်/ဆက်)**

## သတင်းတိုများ

### ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့တွင် ကြေးရုပ်တုဖွင့်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာ၌ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူကြေးရုပ်တုဖွင့်ပွဲကို ဗိုလ်ချုပ်အောင်ဆန်း အသက် ၁၀၃ နှစ်ပြည့် မွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါကျေးရွာရှိ ပညာရောင်ခြည်စာကြည့်တိုက်ရှေ့တွင် စိုက်ထူထားရှိသည့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ဖွင့်ပွဲတွင် ပွင့်ဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ သရက်တော ကျေးရွာအုပ်ချုပ်ရေးမှူး ဆရာကြီး ဦးကိုလေးနှင့် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တာဝန်ရှိသူများနှင့် ပြည်သူများက နိုင်ငံတော်အလံနှင့် ဗိုလ်ချုပ်ကြေးရုပ်ကို အလေးပြုခဲ့ကြသည်။ သရက်တောကျေးရွာတွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် စိုက်ထူနိုင်မှုမှာ ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများအနက် ပထမဦးဆုံး စိုက်ထူထားရှိနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

### ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြီးမှူးပြီး ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်၍ ဗိုလ်ချုပ်အောင်ဆန်း ၁၀၃ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က ဗိုလ်ချုပ်ကျောက်တိုင်ရှေ့တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်မေရီနှင့် ဒေါ်ခင်ခင်နှင်းရီ၊ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀၀ ကျော် တက်ရောက်ပြီး တက်ရောက်သူများအား ပဲပြုတ်နှင့်နံပြားများ ကျွေးမွေးခဲ့သည်။ ယင်းမာပင်မြို့နယ်၌ ယခင်နှစ်များက ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အခမ်းအနားတွင် စာစီစာကုံးပြိုင်ပွဲများ ကျင်းပ၍ ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည့်အစီအစဉ်သာ ပြုလုပ်ခဲ့ပြီး ယခုကဲ့သို့ ပဲပြုတ်နှင့် နံပြားကျွေးမွေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ကျောက်ဆည်မြို့မှ ဇာတ်မင်းဆင်အကအဖွဲ့ကလည်း ဗိုလ်ချုပ်မွေးနေ့ပွဲတွင် ပါဝင်ဆင်နွှဲကာ မေတ္တာဖြင့် ဝန်းရံဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

### ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အခမ်းအနား တောင်ကြီးမြို့၌ကျင်းပ



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၌ ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၃ နှစ်ပြည့် မွေးနေ့ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် တက်ရောက်လာကြသည့် တိုင်းရင်းသားပြည်သူများအား ပဲပြုတ်နှင့် နံပြား ကျွေးမွေးဧည့်ခံပြီး ပြည်နယ်တရားလွှတ်တော်ရှေ့နေ ဦးသိန်းဆွေက ဂုဏ်ပြုအမှာစကားပြောကြားကာ ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်တုကို တက်ရောက်သူများက အလေးပြုခဲ့ကြသည်။ ထို့နောက် ကလေးများအတွက် အောင်ဆန်းအာဇာနည်ကဗျာရွတ်ပြိုင်ပွဲ၊ ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲ၊ ဗိုလ်ချုပ်၏ သမိုင်း ဉာဏ်စမ်းပြိုင်ပွဲ၊ ဗိုလ်ချုပ်ပုံ ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး တေးဂီတအစီအစဉ်များဖြင့်လည်း ဖျော်ဖြေခဲ့သည်။ ထို့အတူ ညပိုင်းတွင်လည်း ဗိုလ်ချုပ်အောင်ဆန်း အသက် ၁၀၃ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မီးပုံးပျံအသေး ၁၀၃ လုံး လွှတ်တင်ခြင်းနှင့် ညမီးကြီး မီးပုံးပျံတစ်လုံး လွှတ်တင်ခြင်းတို့ကို ဆက်လက်ပြုလုပ်ခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

### ပြည်ထောင်စုနေ့နှင့် ကလေးများနေ့ အခမ်းအနားကျင်းပ

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါရုံး ပြည်သူ့စာကြည့်တိုက်ခန်းမတွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် မူကြိုကလေးငယ်များက အကပဒေသာများဖြင့် ဖျော်ဖြေကြပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**မောင်မောင်(ပြန်/ဆက်)**

### ပြည်ထောင်စုနေ့ပြခန်းဖွင့်လှစ်ပြီး စာချစ်သူများစာဖတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုနေ့ပြခန်းနှင့် စာအုပ်ပြပွဲတို့ကို ဖေဖော်ဝါရီ ၁၂ ရက်က ဖွင့်လှစ်ပြီး စာချစ်သူများ စာဖတ်ဝိုင်းကိုလည်း ကျင်းပခဲ့သည်။ ပြခန်းတွင် မိုင်းကိုင်မြို့နယ် လူထုအခြေပြုဗဟိုဌာနက စီစဉ်တင်ဆက်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပိုစတာ၊ ပန်းချီလက်ရာ၊ စာစောင်နှင့် ကာတွန်းများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မှတ်တမ်းပုံများ၊ ဒေသဖွံ့ဖြိုးရေး မှတ်တမ်းပုံများ၊ ဒေသထွက် ရှမ်းရိုးရာ လက်မှုပညာပစ္စည်းများကို ပြသပြီး စာအုပ်ပြပွဲတွင် စာအုပ်အမျိုးမျိုးကို ခင်းကျင်းပြသခဲ့သည်။ ထို့နောက် စာပေဝါသနာရှင်များ၏ စာချစ်သူများစာဖတ်ဝိုင်းကို ဆက်လက်ကျင်းပခဲ့သည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# မော်တော်ယာဉ်ဖြင့် မြို့တွင်းလှည့်လည်၍ ကလေးသူငယ်အခွင့်အရေး အသိပညာပေး

**မြိတ် ဖေဖော်ဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကလေးငယ်များအပေါ် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ကာကွယ်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးဌာနနှင့် ဝေါလ်ဗီရှင်း(မြန်မာ)တို့ ပူးပေါင်းပြီး မော်တော်ယာဉ်ဖြင့် မြို့တွင်းလှည့်လည်၍ အသိပညာဖြန့်ဝေခြင်းကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တိုင်တိုင် ညနေပိုင်းအချိန်များတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပညာပေးမှုများဆောင်ရွက်ရာတွင် “တို့တွေအားလုံးပါဝင်လို့ ကလေးများအပေါ် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ရပ်တန့်စို့”စာတန်းနှင့် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ၊ ပညာပေးရုပ်ပုံများကို အသိပညာပေးမော်တော်ယာဉ်တွင် ချိတ်ဆွဲကာ ကလေးသူငယ်များ၏ စွမ်းရည်နှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် မြို့တွင်းလူစည်ကားရာ နေရာများတွင် လှည့်လည်သီဆိုဖျော်ဖြေကြသည်။



ထို့အပြင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝေါလ်ဗီရှင်းမြန်မာမှ ဝန်ထမ်းများ၊ ပညာပေးအစီအစဉ်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည့် ပရဟိတ ညီအစ်ကိုမောင်နှမများက “ကလေးသူငယ်အကြမ်းဖက်မှုရပ်တန့်စို့” စာတန်းပါ တူညီအင်္ကျီကို ဝတ်ဆင်ပြီး ရပ်ရွာလူထုအနေဖြင့် ကလေးသူငယ်များအပေါ် စောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း လုပ်ငန်းများဖြင့် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးအတွက် အသိပညာပေးသည့် လက်ကမ်းစာစောင်များ၊ အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား တပ်သားအဖြစ်စုဆောင်းခြင်းမှ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ၊ ကလေးများနှင့် လူငယ်များ အွန်လိုင်းကို စိတ်ချလုံခြုံစွာ အသုံးပြုနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေပေးကြသည်။

အဆိုပါ အသိပညာဖြန့်ဝေသည့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီမှ စတင်၍ မြိတ်မြို့မှ လူစည်ကားရာနေရာများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၊ ဝေါလ်ဗီရှင်းမြန်မာစီမံကိန်းရုံးစိုက်ရာ ကွက်သစ်ရပ်ကွက်၊ ဆိပ်ငယ်ဈေးကြီးရှေ့၊ ဆိပ်ငယ်ဘောတံတား၊ နောက်လယ်ရပ်ကွက်၊ မြို့သစ်တံတားဦး၊ မြို့သစ်ရပ်ကွက် အထက်တန်းကျောင်းရှေ့၊ အောင်မင်္ဂလာရပ်ကွက်နှင့် ထားဝယ်ကမ်းလမ်းဆုံတို့တွင် တစ်နေရာလျှင် မိနစ် ၂၀ ခန့် မော်တော်ယာဉ်ရပ်တန့်ကာ တေးသီချင်းများ သီဆိုခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင်(မြန်/ဆက်)**



## ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်း

**ကျောက်တန်း ဖေဖော်ဝါရီ ၁၄**

(၇၁) နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်လုံးဆိုင်ရာ မြင့်မြတ်ဖြူစင် သွေးလှူရှင်အသင်းဝင်များ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် ရေလယ်ဘုရားလမ်းရှိ ပရိယတ္တိဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

အဆိုပါ ပြည်ထောင်စုနေ့ဂုဏ်ပြုသွေးလှူဒါန်းပွဲတွင် ကျောက်တန်းမြို့နယ်လုံးဆိုင်ရာ မြင့်မြတ်ဖြူစင် အခမဲ့ သွေးလှူရှင်အဖွဲ့ဝင်များက သွေးပုလင်းပေါင်း ၂၃၉ ပုလင်းကို လှူဒါန်းခဲ့ကြပြီး ရန်ကုန်မြို့အမျိုးသားသွေးလှူဘဏ်မှ ဒေါက်တာ နွယ်နွယ်ဦး၊ ကျောက်တန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမို့မို့ခိုင်နှင့် ဆရာဝန် ဆရာမများက ကြီးကြပ်ကူညီဆောင်ရွက်ပေးကြသည်။

**စိုးဝင်း(ကျောက်တန်း)**

## လွိုင်ကော်မြို့၌ နောင်ယားကန်သာညဈေး စတင်ဖွင့်လှစ်ရောင်းချ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၄**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နောင်ယားကန်သာဘေး လမ်းတစ်လျှောက်တွင် ပြည်သူများ အပန်းဖြေအနားယူရင်း အစားအသောက်များ ဝယ်ယူစားသုံးနိုင်ရန်အတွက် ညဈေးတန်းဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ပြီးနောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၅ နာရီတွင် ညဈေးတန်းကို စတင်ဖွင့်လှစ်ခဲ့သည်။



အဆိုပါ ညဈေးတန်းဖွင့်လှစ်ရန် LED မီး၊ အလှဆင်မီးများ တပ်ဆင်ခြင်း၊ မြေညှိခြင်း၊ ရေဆိုးထုတ်မြောင်းများ ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်များ စနစ်တကျထားရှိနိုင်ရေး ဆောင်ရွက်ခြင်း၊ ရေပန်းများတပ်ဆင်ခြင်း၊ ရောင်းချလိုသူများအား ပွင့်လင်းမြင်သာစွာဖြင့် မဲစနစ်ဖြင့် ဆိုင်ခန်းနေရာချထားပေးခြင်းများ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီးနောက် ညဈေးတန်းကို စတင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

နောင်ယားကန်သာညဈေး ဖွင့်ပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက နောင်ယားကန်သာညဈေးဖြစ်မြောက်ရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် မေတ္တာ၊ စေတနာဖြင့် ဖော်ဆောင်ခဲ့ပြီး နောင်ယားကန်သာအလှမပျက်စီးစေရေးအတွက် ဈေးသူဈေးသားနှင့် စားသုံးသူများက ကိုယ်စီတာဝန်ယူမှု တာဝန်ခံမှုဖြင့် ထိန်းသိမ်းရန်လိုအပ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌွေးတို့က နောင်ယားကန်သာညဈေးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဈေးတန်းဖွင့်လှစ်ရောင်းချနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**ပြည်နယ် (မြန်/ဆက်)**



## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**ဘိုကလေး ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ စက်ဆန်းကျေးရွာမှစ၍ ဘိုကလေးမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာအသီးသီးမှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၁ ရက်မှစ၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသည် ဘိုကလေးမြစ်ကမ်းတစ်လျှောက်မှ ကျေးရွာများဖြစ်သည့် စက်ဆန်းကျေးရွာ၊ အစိကြီးကျေးရွာ၊ အစိလေးကျေးရွာ၊ ထော်ပိုင်ကျေးရွာတို့သို့ ကွင်းဆင်း၍ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်များ အသစ်ပြုလုပ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများအား ပြန်လည်ထုတ်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ အဆိုပါကျေးရွာများအပြင် အခြားသော ပင်လယ်ဒေသရှိ ကျေးရွာများမှ ပြည်သူများအတွက်လည်း နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘိုကလေး(မြန်/ဆက်)**

## သံတောင်ကြီးမြို့နယ်၌ မီးဘေးကာကွယ်ရေး အသိပညာပေးပြီး မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**သံတောင်ကြီး ဖေဖော်ဝါရီ ၁၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၁၂ ရက်က သံတောင်ကြီးမြို့ဘောလုံးကွင်းအတွင်း၌ ပြုလုပ်ခဲ့သည်။



မီးငြိမ်းသတ်မှု သရုပ်ပြပွဲတွင် မြို့နယ်မီးသတ် ဦးစီးဌာနမှူး ဦးခုပ်ဆောမ်ပြောင်က မီးဘေးကြိုတင်ကာကွယ်သည့်အနေဖြင့် မီးသတ်ဘူးများကို အိမ်တိုင်းတွင် ဆောင်ထားရန်၊ အရေးပေါ်လိုအပ်ပါက မီးသတ်ဘူးကိုအသုံးပြုပြီး မီးငြိမ်းသတ်ခြင်း၊ မီးလောင်မှုအမျိုးမျိုးဖြစ်သည့် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်းမှ မီးစတင်လောင်ခြင်း၊ ဒယ်အိုးဆီပူမှ မီးထလောင်ခြင်းများတွင် မီးသတ်ဆေးဘူးဖြင့် အလွယ်တကူမီးငြိမ်းသတ်နည်း၊ မီးသတ်ဘူးတွင်ပါဝင်သော ပစ္စည်းများနှင့်မီးငြိမ်းသတ်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးသတ်ယာဉ်နှစ်စင်းဖြင့် မီးငြိမ်းသတ်ခြင်းကို ဆက်လက်သရုပ်ပြခဲ့သည်။ သရုပ်ပြပွဲကို ပြည်ထောင်စုနေ့အခမ်းအနားအပြီးတွင် တစ်ဆက်တည်းကျင်းပခဲ့ခြင်းဖြစ်ရာ ပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်သော ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများအား သရုပ်ပြ အသိပညာပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (မြန်/ဆက်)**

## ပြည်ထောင်စုနေ့ဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ငပုတော ဖေဖော်ဝါရီ ၁၄**

ငပုတောမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုအဖြစ် မြို့မြောက်ပိုင်းရပ်ကွက်ရှိ စွယ်တော်မြတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၀ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဝင်းဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၃၅ ဦးတို့က စွယ်တော်မြတ်စေတီတော်မြတ်ကြီး၏ ပရိဝုဏ် အတွင်းရှိ ချုံနွယ်များ၊ အမှိုက်များ၊ မြက်များကို ရှင်းလင်းခြင်း၊ ရေညှိတက်နေသော အုတ်တံတိုင်းများကို သန့်ရှင်းရေး ပြုလုပ်ခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**လှမင်းထွဋ် (မြန်/ဆက်)**

# ရေစကြိုမြို့နယ်မှ ကျောက်ဆစ်အနုပညာလုပ်ငန်း

**အိမွန်ဆွေ (ရေစကြို)**



ဘုရားမတင် နတ်မဝင် လူတွင်ဆယ်ပွင့်ပန်း ဟူသည့် သံပေါက်လင်္ကာအတိုင်း မြန်မာမှု လက်မှုအနုပညာ ပန်းဆယ်မျိုးအနက် ပန်းတမော့ပညာမှာ ကျောက်သားကို ပုံဖော်ထုဆစ် အလှဆင်ရသော လက်မှုအနုပညာရပ်တစ်မျိုးဖြစ်သည်။ ပန်းတမော့တွင် ပန် (သို့) ပန်းဆိုသည်မှာ မြန်မာစကားဖြစ်ပြီး လှပအောင် ပြုလုပ်သော အနုပညာကိုတင်စားခေါ်ဝေါ်ခြင်းဖြစ်ကာ တမော့ ဆိုသည်မှာ မွန်ဘာသာစကားဖြစ်ပြီး ကျောက်ဟု အဓိပ္ပာယ်ရသည်ဟု သိရသည်။ ထို့ကြောင့် ပန်းတမော့ဆိုသည်မှာ ကျောက်ကို လှပအောင် ထွင်းထုပြုလုပ်ခြင်းပညာဟု အဓိပ္ပာယ်ရသည်။

အဆိုပါ ပန်းတမော့ ကျောက်ဆစ်ထုလုပ်ခြင်းပညာသည် ကျောက်သားကိုထွင်းထုရသည့် လက်မှုပညာတစ်ခုဖြစ်ရာ မြန်မာနိုင်ငံတွင်ထွက်ရှိသော သဲကျောက်၊ စကျင်ကျောက်၊ သလင်းကျောက်၊ ထုံးကျောက်၊ ဂဝံကျောက်နှင့် နှမ်းဖတ်ကျောက်များကို ထွင်းထုပုံဖော်ကြလေ့ရှိသည်။

**ရှင်မတောင် သဲကျောက်များ**

ပန်းတမော့ပညာ ကျောက်ဆစ်လုပ်ငန်းကို ရေစကြိုမြို့နယ်တွင် ရှင်မတောင် တောင်မကြီးနှင့် ဆက်စပ်လျက်ရှိသော တောင်ကြောများ၏ အောက်ခြေအနီးတွင် တည်ရှိသော တောင်ဦးကျေးရွာအုပ်စု မြေမလှကျေးရွာနှင့် ခံစပ်တောကျေးရွာတို့တွင် ဘိုးဘွားအစဉ်အဆက် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရသည်။

ရှင်မတောင် တောင်မကြီးတစ်ခုလုံးနှင့် တောင်စဉ်တောင်တန်းများသည် သဲကျောက်လွှာများဖြင့် ဖွဲ့စည်းထားရာ အဆိုပါ သဲကျောက်လွှာတောင်များပေါ်မှ ကျောက်ဆစ်ထုလုပ်၍ ကောင်းသည့် ကျောက်များကို တောင်များပေါ်သို့ သွားရောက်တူးယူကာ ထုဆစ်ရလေ့ရှိသည်ဟု သိရသည်။

**သဲကျောက်ထုတ်ယူခြင်း**

"ကျွန်တော်တို့ရွာနားက ရှင်မတောင်ရဲ့တောင်ကြောထဲမှာ ပါတဲ့ ဇာလီတောင်ပေါ်ကို သွားပြီးတော့ ကိုယ်ထုမယ့် အရုပ်အရွယ်အစားနဲ့ ကိုက်ညီတဲ့ကျောက်တုံးကို တူးယူရပါတယ်၊ တောင်ပေါ်မှာရှိတဲ့ ကျောက်အားလုံးကတော့ ကျောက်ဆစ်ထုလုပ်လို့မရဘူး၊ သက်တမ်းနုတဲ့ကျောက်တွေက ရုပ်ပုံတွေကို ထုဆစ်လို့မကောင်းဘူး၊ သက်တမ်းရင့်တဲ့ကျောက်ကိုရအောင် အောက်ခြေအထိတူးရတယ်၊ လိုချင်တဲ့အရွယ်အစားရအောင် ကျောက်ထုတ်ရတယ်၊ ပြီးတော့ သယ်ရတာလွယ်အောင်လို့ ကိုယ်လိုချင် တဲ့ပုံကြမ်းကို တောင်ပေါ်မှာတင် ပုံဖော်ထွင်းထုတယ်၊ ပုံကြမ်းရပြီဆိုမှ ကားနဲ့ဖြစ်ဖြစ် လူအားနဲ့ဖြစ်ဖြစ် တောင်အောက်က ကိုယ့်အိမ်ရောက်အောင် သယ်ယူရတာပါ၊ တောင်ပေါ်မှာ ကျွန်တော်တို့ ကျောက်ထုတ်တဲ့ ကျောက်တွင်းတွေရှိတယ်၊ တချို့ကျောက်ထုတ်တဲ့တွင်းတွေဆိုရင် အောက်ဆီဂျင်တောင် သိပ်မရချင်ဘူး၊ မှောင်မည်းနေတဲ့အထိ နက်တယ်" ဟု မြေမလှကျေးရွာမှ ကျောက်ဆစ်လုပ်ငန်းလုပ်ကိုင်သူ ဦးသိန်းဝင်းအောင်က ပြောသည်။

အဆိုပါ တောင်ဦးကျေးရွာအုပ်စုမှ ကျောက်ဆစ်လုပ်ငန်း ပြုလုပ်သူများသည် ကနုတ်ပန်းများထုလုပ်ခြင်း၊ ဘုရားရုပ်တုနှင့် အခြားပုံတူရုပ်တုအမျိုးမျိုးတို့ကို ပုံဖော်ထုလုပ်ခြင်း၊ ကျောက်ပြားများပေါ်တွင် ရုပ်လုံး၊ ရုပ်ကြွများထုလုပ်ခြင်းစသည့် ပန်းတမော့ပညာအမျိုးမျိုးကို လုပ်ကိုင်ကြလျက်ရှိကြသည်ဟု သိရသည်။

**ဗိုလ်ချုပ်အောင်ဆန်းရုပ်တုများ**

ပုဂံ၊ ရန်ကုန်ဘက်က ဟိုတယ်တွေကလည်း သူတို့လိုချင်တဲ့ အရုပ်တွေ မှာတယ်၊ မင်းတပ်တို့ ကန်ပက်လက်တို့ကလည်း



ကျောက်ဆစ်ရုပ်တွေ မှာတယ်၊ တခြားမြို့တွေမှာလည်း ဗုဒ္ဓဝင်ခန်းတွေ ထုပေးရတယ်၊ တော်တော်များများကတော့ ဗုဒ္ဓဝင်ခန်းတို့၊ ဘုရားရုပ်တုတို့ ထုပေးရတာများတယ်၊ ရေစကြိုမြို့နယ်အနေနဲ့ကတော့ ဒီနှစ်ပိုင်းတွေမှာ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတွေ အမှာများလို့ ထုပေးရတယ်၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကတော့ မှာတဲ့သူမရှိလည်း ကြိုတင်ပြီးထုထားလို့ရတယ်၊ အချိန်တန်ရင် ဝယ်တဲ့သူက ရောက်လာတာပဲ၊ ၆ပေအမြင့်ရှိတဲ့ မတ်တတ်ကုတ်အင်္ကျီနဲ့ဗိုလ်ချုပ်ရုပ်တုဆိုရင် ရှစ်သိန်းခွဲယူတယ်၊ ၅ပေအရုပ်ဆိုရင် ခြောက်သိန်းခွဲယူတယ်၊ ဟိုတယ်တွေကမှာရင်တော့ ပုဂံသူရုပ်တုတို့၊ ဘီလူးရုပ်တို့ တခြား သူတို့လိုချင်တဲ့ ပုံတွေကိုလည်း ထုပေးရတယ်၊ ရွာမှာတင် အချောထုပြီးတော့ မှာတဲ့နေရာရောက်အောင် ကားနဲ့သယ်ပါတယ်၊ ကျောက်ဆစ်ပုံထုခကိုတော့ ထုရတဲ့ အရုပ်အရွယ်အစားနဲ့ လုပ်ရတဲ့ အနုစိတ်လက်ရာအပေါ် မူတည်ပြီးတော့ ပိုက်ဆံဈေးဖြတ် ယူပါတယ်"ဟု ဦးသိန်းဝင်းအောင်က ပြောသည်။

**လုပ်ငန်းကျဆင်းလာ**

ယခုနှစ်များအတွင်းတွင်မူ သဲကျောက်ရုပ်တုများအစား ဘိလပ်မြေဖြင့် ပြုလုပ်သည့် ရုပ်တုများ၊ ကနုတ်လက်ရာများက နေရာယူလာသဖြင့် သဲကျောက်ပန်းတမော့ပညာ ကျောက်ဆစ်လုပ်ငန်းများမှာ ကျဆင်းလာလျက်ရှိသည်ဟု သိရသည်။

"လူတော်တော်များများက ကျွန်တော်တို့ သဲကျောက်ကျောက်ဆစ်ကို သိပ်မသိကြဘူး၊ လူသိနည်းတယ်၊ စကျင်ကျောက်နဲ့ထုကြတာပဲ လူသိများတာ၊ ဒါ့အပြင် ဒီနှစ်တွေမှာ ဘိလပ်မြေနဲ့လုပ်တဲ့ ရုပ်တုအမျိုးမျိုးလုပ်ငန်းတွေလည်း များလာတော့ သဲကျောက်အရုပ်ထက် ဘိလပ်မြေအရုပ်တွေက ဈေးပိုချိုတော့ ကျွန်တော်တို့ သဲကျောက်ကျောက်ဆစ်လုပ်ငန်းက သိပ်စီးပွားမဖြစ်ချင်တော့ဘူး၊ ဘိလပ်မြေနဲ့ ကနုတ်ပန်းဖော်တာက ပုံစံခွက်ရှိရုံနဲ့ရတာဆိုတော့ လုပ်ရတာလည်းလွယ်၊ မြန်မြန်လည်းပြီး ဈေးကလည်းချိုတာကိုး၊ ကျွန်တော်တို့ သဲကျောက် ကျောက်ဆစ်ကတော့ သုံးပေဆိုက်လောက်ရှိတဲ့ ဘုရားတစ်ဆူထုပြီးအောင် ခုနစ်ရက်လောက် ထုရတယ်၊ အဲဒီတော့ ကျွန်တော်တို့ သဲကျောက်ကျောက်ဆစ်က ဘိလပ်မြေရုပ်တုနဲ့စာရင် ဈေးများတာပေါ့"ဟု ဦးသိန်းဝင်းအောင်က ဆက်လက်ပြောပြသည်။

**ပညာဆက်ခံလိုသူလည်း နည်းပါး**

လက်ရှိအချိန်တွင် သဲကျောက် ကျောက်ဆစ်လုပ်ငန်းမှာ လူသိနည်းလျက်ရှိနေသလို ဘိလပ်မြေအသုံးပြုသည့် ရုပ်တုများနှင့် ကနုတ်ပန်းများကြောင့် လုပ်ငန်းများကျဆင်းလာရာ အဆိုပါ ကျောက်ဆစ်ပညာကို ဆက်ခံလိုသူလည်း နည်းပါးလာလျက်ရှိသည်ဟု သိရသည်။

"ကျွန်မတို့ ဘိုးဘွားလက်ထက်ကတည်းက ဒီသဲကျောက် ကျောက်ဆစ်လုပ်ငန်းကို လုပ်လာခဲ့ကြတာ၊ အဖေ့လက်ထက်ကနဲ့စာရင် အခုလုပ်ငန်းက မှာတဲ့သူ တစ်ဝက်လောက်ကို လျော့ကျသွားတယ်၊ ဒီလုပ်ငန်းကို ပညာသင်ချင်တဲ့သူလည်း မရှိကြတော့ဘူး၊ ရွာထဲက အရွယ်ရောက်တဲ့ကလေးတွေကလည်း တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတွေမှာ အလုပ်သွားလုပ်ကြတော့တာ၊ ကျန်တဲ့ကလေးတွေကိုလည်း ပညာလည်းသင်ပေး နေ့စားလည်းပေးတာတောင် မသင်ချင်ကြတော့ဘူး၊ သဲကျောက်ကျောက်ဆစ်ပညာကို ဆက်ခံချင်တဲ့သူ စိတ်ဝင်စားတဲ့သူ မရှိတော့ဘူး"ဟု ဒေါ်သီုန္ဒဲ့က ပြောသည်

**တောင်ဦးကျောက်ဆစ်လုပ်ငန်း**

အဆိုပါ မြေမလှကျေးရွာတွင် ယခုအခါ၌ သဲကျောက် ကျောက်ဆစ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးသာရှိပြီး ခံစပ်တောကျေးရွာတွင် ငါးဦးခန့်သာရှိတော့သည်ဟု သိရသည်။ အဆိုပါ ကျေးရွာထွက် ကျောက်ဆစ်ရုပ်တုများသည် ဈေးကွက်တွင် ကျေးရွာအလိုက် နာမည်မပေါက်ဘဲ ကျေးရွာအုပ်စုအမည်ဖြင့် တောင်ဦးကျောက်ဆစ်လုပ်ငန်းဟု လူသိများကာ အဆိုပါ ကျေးရွာများအနီးရှိ တောင်စဉ်တောင်ကြောများကိုလည်း တောင်ဦးကျေးရွာအမည်ကို အစွဲပြုပြီး တောင်ဦးတောင်ဟူ၍ ခေါ်ဝေါ်ကြသည်ဟု သိရသည်။ ။

---

## ဆေးပဒေသာပင်လျှုဒါန်းမှုတိုးလာ၍ နွမ်းပါးလူနာရှစ်ဦးအား လစဉ်ထောက်ပံ့နိုင်မည်

**ငါးသိုင်းချောင်း ဖေဖော်ဝါရီ ၁၄**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ သီတာကုန်းပြင်တိုက်နယ် (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ဒေသခံ မတည်အလှူရှင်တစ်ဦးနှင့် အများပြည်သူ အလှူရှင်များ စုပေါင်း၍ ၂၀၁၀ ပြည့်နှစ် မတ်လအတွင်းက ကုန်းပြင်ကျေးရွာအုပ်စု၌ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံတော်မှ ပြည်သူ့ကျန်းမာရေးဝန်ထမ်း ထောက်ပံ့ပေးခဲ့ကာ အလှူရှင်များ၏ ဆေးပဒေသာပင် လှူဒါန်းမှုဖြင့် နွမ်းပါးသည့် လူနာသုံးဦးအား တစ်ဦးလျှင် လစဉ် ငွေကျပ် ၄၀၀၀၀ နှုန်း ထောက်ပံ့ပေးလျက်ရှိသည်။

ယခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပဲခူးမြို့နေ ဦးမြကြီး-ဒေါ်တင်တင်နွယ် မိသားစုက အဆိုပါဆေးရုံအတွက် ဆေးပဒေသာပင် မတည်အလှူငွေ ကျပ်သိန်း ၅၀ လာရောက်လှူဒါန်းခဲ့ရာ ယခင်က ဆေးပဒေသာပင် မတည်အလှူငွေ ငွေကျပ်သိန်း ၃၇၀ ဖြင့် ဆင်းရဲနွမ်းပါးလူနာ သုံးဦးအား လစဉ် ထောက်ပံ့ပေးနိုင်ခဲ့ရာမှ ယခုအခါ တိုးလာသည့် အရင်းမပျောက်ဆေးပဒေသာပင် မတည်ငွေ ကျပ်သိန်း ၄၂၀ ၏ အတိုးအညွန့်များဖြင့် ဆင်းရဲနွမ်းပါးလူနာ ငါးဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ယခုလမှစတင်၍ ထောက်ပံ့နိုင်တော့မည်ဖြစ်ရာ လစဉ် ဆင်းရဲနွမ်းပါးလူနာ စုစုပေါင်းရှစ်ဦးအထိ တိုးတက်ထောက်ပံ့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဆေးရုံသည် ကုန်းပြင်တိုက်နယ်ရှိ ကျေးရွာအုပ်စု ၁၄ စုမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် အားကိုးအားထားပြုရသော ပြည်သူ့ဆေးရုံတစ်ရုံဖြစ်သည့်အပြင် ဂွ-ငါးသိုင်းချောင်းလမ်းနှင့် ပုသိမ်-မုံရွာ လမ်းမကြီးအနီးတွင် တည်ရှိသဖြင့် ခရီးသွားပြည်သူများ၏ အရေးပေါ်အခြေအနေများအတွက်လည်း အလွယ်တကူ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရရှိနိုင်သည့် ဆေးရုံဖြစ်ကြောင်း ကုန်းပြင်တိုက်နယ် ပြည်သူ့ဆေးရုံမှ တိုက်နယ်ဆရာဝန် ဒေါက်တာဝေယံအောင်၏ ပြောကြားချက်အရ သိရသည်။

**စိုးမင်းဦး (ပြန်/ဆက်)**

---

## ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ပျဉ်းမနားမြို့၌ လမ်းသစ်ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော်ဒက္ခိဏခရိုင် ပျဉ်းမနားမြို့၌ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့လွှတ်တော် ရန်ပုံငွေဖြင့် ဖောက်လုပ်ပြီးစီးသည့် လမ်းသစ်ဖွင့်လှစ်ခြင်းအား ဖေဖော်ဝါရီ ၁၁ ရက်က ရွာကောက်ရပ်ကွက်ပေါင်းလောင်း ၁ နယ်မြေ ၆ လမ်း၌ ကျင်းပခဲ့သည်။

ပေါင်းလောင်း ၁ နယ်မြေ၊ ၆ လမ်းသည် ရန်ကုန် - မန္တလေး မီးရထားလမ်းနှင့် ရန်ကုန်- မန္တလေးကားလမ်းကြားတွင် တည်ရှိပြီး ကျန်ရှိသောလမ်းများသည် ရန်ကုန်-မန္တလေးမီးရထားလမ်းနှင့် ရန်ကုန် - မန္တလေးကားလမ်းမကြီးအား ထုတ်ချင်းပေါက်သွားလာနိုင်သော်လည်း ယခုအသစ်ဖောက်လုပ်သည့် ပေါင်းလောင်း ၁ နယ်မြေ မဥ္ဇူလမ်းနှင့် စပယ်လမ်းကြားရှိ ၆ လမ်းတွင် အသုံးမဝင်သည့် ရေအိုင်ချိုင့်ခွက်ကြီးကို ပြည်သူ့လွှတ်တော် ရန်ပုံငွေကျပ် ၂၅ သိန်းကုန်ကျခံ၍ မြေသားဖို့ ဖောက်လုပ်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ရေအိုင်ချိုင့်ခွက်ကြီးကိုမြေဖို့၍ လမ်းသစ်ဖောက်လုပ်ပေးခြင်းအားဖြင့် ရန်ကုန်-မန္တလေးကားလမ်းနှင့် ရန်ကုန် - မန္တလေးမီးရထားလမ်းကို ၆ လမ်းအတိုင်းတစ်ဖြောင့်တည်း ထုတ်ချင်းပေါက်သွားလာနိုင်ကြောင်း သိရသည်။

ထို့နောက် လမ်းသစ်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်နှင့် ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ယခုဖွင့်လှစ်ပေးသည့် လမ်းသစ်သည် အရှည်ပေ ၁၆၀၊ လမ်းအကျယ်ပေ ၃၀၊ လမ်းအမြင့်ထု ၆ ပေရှိ မြေသားလမ်းအား ပြည်သူ့လွှတ်တော်ရန်ပုံ ငွေကျပ် ၂၅ သိန်းဖြင့်အကုန်ကျခံခင်းကျင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

---

**မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ မှုခင်းကျဆင်းရေးအတွက် မြို့နယ်တွင်းရှိ ဝက်ဝံကျေးရွာ၊ ဈေးကုန်းကျေးရွာ ၊ ပိတ်ချင်းမြှောင်ဘုရား လိုဏ်ဂူတော်နှင့် ရပ်ကွက်ကြီး - ၅ ကျောက်တောင်ရပ်တို့မှ ပြည်သူများ၏ နေအိမ်တစ်အိမ်ချင်းစီသို့ ကွင်းဆင်းသွားရောက်၍ မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးခြင်း (Home Visit)လုပ်ငန်းများကို ရဲအုပ် နေမျိုးထွန်းနှင့် ဒုရဲအုပ် မြင့်ခိုင်တို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၁ ရက်က ဆောင်ရွက်စဉ်။**

ခရိုင်(ပြန်/ဆက် )





## သက်တော်ရှည် သီလရှင်ဆရာကြီးများနှင့် ဂိလာန သီလရှင်ဆရာကြီးများအား လှူဒါန်းပူဇော်

**ရွှေဘို ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် သက်တော်ရှည် သီလရှင်ဆရာကြီးများနှင့် ဂိလာန သီလရှင် ဆရာကြီးများအား စတုတ္ထအကြိမ်မြောက် ထောက်ပံ့လှူဒါန်းပူဇော်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ရွှေဘိုမြို့မဟာအောင်မြေကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ထောက်ပံ့လှူဒါန်းပူဇော်ပွဲတွင် သံဃာတော်များနှင့် သီလရှင် ဆရာကြီး၊ ဆရာလေးများ၊ ဓမ္မအသင်းအဖွဲ့များက ရွှေဘိုမြို့မဟာအောင်မြေကျောင်းတိုက်ဆရာတော်ထံမှ သီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများအား သီလရှင် ဆရာကြီး၊ ဆရာလေးများက သင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ရွှေဘိုမြို့ ပခန်းကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ ဝိမလာဘိဝံသ ဆရာတော်ကြီးက ဩဝါဒချီးမြှင့်ပြီး အလှူရှင်ပြည်သူများက သက်တော်ရှည် သီလရှင်ဆရာကြီးများနှင့် ဂိလာန သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများဖြစ်သည့် ဆန်တစ်အိတ်၊ အလှူငွေကျပ် ရှစ်သောင်းနှင့် ဆပ်ပြာ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါ၊ အားဆေးများကို လှူဒါန်းခဲ့သည်။ **မိုးသောက်(ရွှေဘို)**

## သံဃာတော်များ ပြည့်စုံစွာ ဆေးကုသမှုခံယူနိုင်မည့် သံဃာ့ဆေးရုံသစ် ဖွင့်လှစ်

**သထုံ ဖေဖော်ဝါရီ ၁၄**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ သံဃာတော်များအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကောင်းမွန်ပြည့်စုံစွာ ရရှိနိုင်ရန်အတွက် မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် ဂိလာနသံဃာတော်များစောင့်ရှောက်ရေးအဖွဲ့က သထုံခရိုင် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း တည်ဆောက်ခဲ့သည့် သံဃာ့ဆေးရုံသစ်ကြီးဖွင့်ပွဲနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါ သံဃာ့ဆေးရုံနှင့် သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်တို့၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် သံဃာ့ဆေးရုံကို မြို့နယ်သံဃနာယကဆရာတော်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆရာတော်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဂိလာနသံဃာတော်များစောင့်ရှောက်ရေး အဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် လွှဲပြောင်းပေးအပ်ပွဲကို ရွှေစာရံစေတီဝင်းအတွင်းရှိ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ ဆက်လက်ကျင်းပပြီး ဂိလာနသံဃာတော်များစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရွှေသင်းက သံဃာ့ဆေးရုံသစ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနထံသို့ လွှဲပြောင်းပေးအပ်ရာ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းအိက လက်ခံရယူသည်။

အဆိုပါ သံဃာ့ဆေးရုံသစ်သည် အလျား ပေ ၁၀၀၊ အနံ ၃၈ ပေ၊ အမြင့် ၂၄ ပေရှိ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး တန်ဖိုး ကျပ်သိန်းပေါင်း ၂၅၀၀ နီးပါး အကုန်ကျခံ တည်ဆောက်ခဲ့ကာ သံဃာတော် အပါး ၄၀ ခန့် တက်ရောက်ကုသနိုင်မည်ဖြစ်ကြောင်း၊



ဆေးရုံသစ်တွင် အနယ်နယ်အရပ်ရပ်မှ မည်သည့် သံဃာတော်များမဆို တက်ရောက်၍ ကုသမှုခံယူနိုင်ပြီး သံဃာတော်များအား ဆွမ်းကွမ်းလှူဒါန်းခြင်းကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သို့သော် ရန်ပုံငွေအခက်အခဲများ ရှိသောကြောင့် ဆေးကုသစရိတ်များကိုမူ သထုံမြို့နယ် သံဃနာယကအဖွဲ့မှ အသိအမှတ်ပြုထားသည့် သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များကိုသာ ဦးစားပေး ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဂိလာနသံဃာတော်များ စောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**



## ၃၃ ကေဗွီ သန်လျင်-သုံးခွ ဓာတ်အားလိုင်းအသစ်သွယ်တန်း

**သုံးခွ ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် ၃၃ ကေဗွီ သန်လျင်-သုံးခွဓာတ်အားလိုင်းအသစ် သွယ်တန်းရန် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာထိပ်မှ သုံးခွမြို့နယ် အမှတ်(၉)ရပ်ကွက် ဥက္ကံ၀ ဓာတ်အားခွဲရုံ(လူထုလမ်းထိပ်)အထိ အရှည် ၁၆ ဒသမ ၂၆ မိုင်တွင် ၄၆ ပေအရှည်ရှိ ကွန်ကရစ်ဓာတ်တိုင်ပေါင်း ၈၂၀ ကို ဝန်ထမ်းများက အဖွဲ့များခွဲကာ ကရိန်းကားများဖြင့် လိုက်လံစိုက်ထူလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျော်သာကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခု ပထမအဆင့်ဖြစ်သည့် ဓာတ်တိုင်စိုက်ခြင်းလုပ်ငန်းများ ပြီးစီးပါက ကြွေသီးများတပ်ဆင်ခြင်းနှင့် ACOC 240mm2 လိုင်းကြိုးများဆွဲခြင်းတို့ကို ဆက်လက်ပြုလုပ်မည်ဟု သိရသည်။ အဆိုပါလုပ်ငန်းများအားလုံးကို ယခုနှစ် ဇွန်လအတွင်း ပြီးစီးအောင်ဆောင်ရွက်ကာ ဓာတ်အားပို့လွှတ်မည်ဖြစ်၍ လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဝန်ထမ်းများက အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

## မြန်မာနိုင်ငံတွင် အကြီးဆုံး ဇွဲကပင်ကေဘယ်လ်ကားစီမံကိန်း ၅၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီး

**ဘားအံ ဖေဖော်ဝါရီ ၁၄**

ကရင်ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ကရင်ပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဇွဲကပင်တောင် ဆရာတော်ကြီးတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံ နည်းပညာဖြင့် တည်ဆောက်လျက်ရှိသော မြန်မာနိုင်ငံတွင်အကြီးဆုံး ဇွဲကပင်ကေဘယ်လ်ကားစီမံကိန်းသည် စတင်ဆောင်ရွက်သည့် အချိန်မှ ယနေ့အချိန်အထိ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြန်မာ့ဇာတိမြေ အများပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဦးဗညားဇော်က ပြောသည်။

"ဇွဲကပင်ကေဘယ်လ်ကားစီမံကိန်းကို ၂၀၁၇ ခုနှစ် မေလက စပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်၊ ယနေ့အချိန်အထိတော့ ဇွဲကပင်တောင်ပေါ်ကို တက်နိုင်ဖို့အတွက် ကေဘယ်လ်ကြိုး သွယ်တန်းနိုင်အောင် တောင်ခြေနဲ့ တောင်ပေါ် အောက်ခြေအုတ်မြစ်ချတာဟာ လုပ်ငန်းတစ်ခုလုံး အနေနဲ့ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပါပြီ၊ ကေဘယ်လ်ကားစီမံကိန်းကိုတော့ ၂၀၁၉ ခုနှစ် မတ်လအတွင်း အပြီးတည်ဆောက်ဖို့အတွက် ခန့်မှန်းထားပါတယ်" ဟု ပြောသည်။

အဆိုပါ ကေဘယ်လ်ကား စီမံကိန်းကို အမေရိကန်ဒေါ်လာ ၁၂ သန်းခွဲ အကုန်ကျခံ၍ တည်ဆောက်သွားမည်ဖြစ်ပြီး ဇွဲကပင်ကေဘယ်လ်ကားစီမံကိန်း အပါအဝင် ကားပါကင်၊ ဆိုင်ခန်းများ၊ ဟိုတယ်များ အပန်းဖြေပန်းခြံစီမံကိန်းများကို မြန်မာငွေ ကျပ် ၂၀ ဘီလီယံ အကုန်ကျခံ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများပြီးစီးသွားပါက ကေဘယ်လ်ကားဖြင့် တောင်ပေါ် တက်ရာတွင် တစ်ဦးကို ၅၀၀၀ ကျပ် ကောက်ယူရန် လျာထားပြီး တောင်ပေါ်သို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇွဲကပင်တောင်သည် လှေကားထစ်ပေါင်း ၃၀၀၀ ကျော်ရှိရာ သက်ကြီးရွယ်အိုများ မတက်နိုင်သောကြောင့် တောင်ပေါ်ရှိ မြတ်စွာဘုရား၏ဆံတော်ရှင်ကို လူတိုင်း တက်ရောက်ဖူးမြော်နိုင်ရန် အတွက်လည်းကောင်း၊ ဇွဲကပင်တောင်မှာ ကရင်ပြည်နယ်နှင့် ကရင်လူမျိုးများ၏ သင်္ကေတသဖွယ်ဖြစ်၍ ကရင်ပြည်နယ် ငြိမ်းချမ်းရေးရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ဇွဲကပင်ကေဘယ်လ်ကားစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌက ပြောသည်။

အဆိုပါစီမံကိန်းကို ချစ်လင်းမြိုင် တိုယိုတာကုမ္ပဏီက ဒေါ်လာ ၁၂ သန်းကျော် ရင်းနှီးမြှုပ်နှံပြီး မြန်မာ့ဇာတိမြေ အများနှင့်သက်ဆိုင်သော ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကာ ချစ်လင်းမြိုင်ကုမ္ပဏီက အကျိုးအမြတ် ၇၅ ရာခိုင်နှုန်းဖြင့် နှစ် ၅၀ လုပ်ပိုင်ခွင့် ရရှိထားပြီး ကျန် ၂၅ရာခိုင်နှုန်းကို ဇွဲကပင်မြေ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် ရရှိမည်ဖြစ်ကြောင်း၊ ကေဘယ်လ်ကားစီမံကိန်းကို ကမ္ဘာ့ပထမဆုံး လူစီးဓာတ်လှေကား ထုတ်လုပ်သည့် ဆွစ်ဇာလန်နိုင်ငံ GARAVAVTA ကုမ္ပဏီမှ အင်ဂျင်နီယာများနှင့် မြန်မာ့ဇာတိမြေ အများပိုင်ကုမ္ပဏီမှ မြန်မာအင်ဂျင်နီယာများက ပူးပေါင်းဆောင်ရွက်နေကြောင်း၊ စီမံကိန်းပြီးစီးပါက အမြင့် ၇၀၀ မီတာကျော်ရှိသည့် ဇွဲကပင်တောင်ပေါ်သို့ အရှည် ၁၅၀၀ မီတာကျော် လမ်းခရီးဖြင့် ၅၁ ယောက်စီး ကေဘယ်လ်ကားဖြင့် ၄ မိနစ်အတွင်း တက်ရောက်နိုင်မည်ဖြစ်၍ တစ်ရက်လျှင် လူဦးရေ ၇၀၀၀ ကျော်ခန့်ကို ဘုရားဖူးပို့ဆောင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။



ဇွဲကပင်ဆံတော်ရှင်တောင်တက် မိုးပျံကေဘယ်လ်ကားစီမံကိန်း ဆောင်ရွက်ပြီးစီးသွားပါက ကားတစ်စီးလျှင် ၅၁ ဦး တင်ဆောင်၍ ပို့ဆောင်ပေးသွားမည်ဖြစ်ကာ အတက်အဆင်းအတွက် ကေဘယ်လ်ကားနှစ်စင်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လိုက်ပါစီးနင်းသူများ အန္တရာယ်မဖြစ်ရေးနှင့် လျှပ်စစ်မီး မပြတ်တောက်စေရေးအတွက်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း ကုမ္ပဏီဥက္ကဋ္ဌက ဆက်ပြောသည်။

ကရင်ပြည်နယ်၏ အထင်ကရဖြစ်သည့် ဇွဲကပင်ဆံတော်ရှင် ဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၂ ရက်အထိ ငါးရက်တိုင်တိုင် နှစ်စဉ်ကျင်းပလျက်ရှိရာ ယင်းပွဲတော်ကာလတွင် ဆံတော်ရှင်ဇွဲကပင်တောင်ပေါ်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ခြေကျင်တက်ရောက်၍ ဘုရားဖူးကြရာ တောင်ပေါ်နှင့် တောင်ခြေတွင် အထူးစည်ကားကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

## လယ်ယာလုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်ရန် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးမှုသရုပ်ပြ

**ရေတာရှည် ဖေဖော်ဝါရီ ၁၄**

စပါးစိုက်ပျိုးလျက်ရှိကြသည့် ကျေးလက်ဒေသနေ တောင်သူလယ်သမားများအနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားရှားပါးလာမှုကြောင့် အခက်အခဲများနှင့် ကြုံတွေ့ရလျက်ရှိရာ အဆိုပါအခက်အခဲများ ပြေလည်စေရန်အတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ လျင်မြန်စွာကူးပြောင်းနိုင်ရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးစားပေး ဆောင်ရွက်လျက်ရှိသည်ကို ကျေးရွာများတွင် မြင်တွေ့နေကြရပြီဖြစ်သည်။ ယခုအခါ လက်တွန်းထွန်စက်များ၊ ထွန်စက်ကြီးများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေခြင်းကြောင့် ယခင်က ကျွဲနှင့်နွားကိုအသုံးပြုသော မိရိုးဖလာ လယ်ယာလုပ်ငန်းခွင်များတွင် တောင်သူများအနေဖြင့် စက်ကိရိယာများကို ပိုင်ဆိုင်အသုံးပြုခွင့်များလည်း ရရှိနေပြီဖြစ်သည်။

ထို့အတူ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအဆင်ပြေစေရန်အတွက် စိုက်ပျိုးမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(ADSP) အစီအစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဦးစီး၍ ခင်းတန်းကြီးကျေးရွာအုပ်စု တောင်နီကုန်းကျေးရွာ၌ နွေစပါးစိုက်ခင်းအတွင်း ကူဘိုတာ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ပြုလုပ်ခဲ့သည်။ အဆိုပါ သရုပ်ပြပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် တာဝန်ရှိသူများ၊ ပိတောက်ခင်၊ တောင်နီကုန်းနှင့် ညောင်ပင်သာကျေးရွာတို့မှ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

"တောင်သူတွေအနေနဲ့ ခုလိုကောက်စိုက်ချိန်မှာ ကောက်စိုက်သမတွေကို ငှားရမ်းသုံးစွဲရတဲ့အတွက် အချိန်ကုန်၊ ငွေကုန်တာပေါ့၊ ခုလိုခေတ်မီ စက်ကိရိယာတွေကို အသုံးပြုခြင်းကြောင့် မျိုးစေ့ကုန်ကျမှု၊ စရိတ်စက သက်သာမှု၊ အချိန်ကုန်သက်သာမှုတွေ ရရှိတဲ့အပြင် လေဝင်လေထွက်ကောင်းပြီး စပါးထွက်နှုန်းကိုလည်း မြင့်မားစေမှာ ဖြစ်ပါတယ်"ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသန်းဦးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



SINCE 1909
YANGON GOLF CLUB

YANGON GOLF CLUB

The Captain
and
the members of the Council
request the pleasure of your company
at

Annual At Home 2018

of
Yangon Golf Club
to be held on
25 th, February, 2018, Sunday
please bring your family also

12 : 00 (Noon).............. Long Drive
One stick Tournament
Approach & Putt
Putting
Skittles
7 Holes Stableford (Hole No.1,2,3,4,5,8,9)
16 : 30 hr .............. Captain's Drive - in
E.C Members' Drive - in
17 : 00 hr .............. Prize Distribution
17: 30 hr . ............. Entertainment
18 : 30 hr .............. Various kinds of foodstalls

Programme

Annual At Home 2018
Member's Tournament

Time Type
23.02.2018 (Fri:) - 7:30 AM - Bronze
-12:30 PM - Veteran
24.02.2018 (Sat:) - 7:30 AM - Lady
-12:30 PM - Gold , Silver

အသေးစိတ်စုံစမ်းရန် နှင့် စာရင်းပေးသွင်းရန် ။ ။ 09 73254835 , 09 73230678.

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၆ယ/၆၀၅၆ Kenbo -125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောသန္တာ ၈/မကန(နိုင်)၁၇၅၁၆၂ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၆ယ/၄၂၇၅၇ Zong Shen-110ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဌေး ၈/ပဖန(နိုင်)၀၂၁၅၄၄ က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သန်းထိုက်ဦး ၈/မလန(နိုင်)၀၉၂၈၄၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၅၀၃၀၈၀၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/8883 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/8361 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/4089 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းလွင် ၉/ညဥန(နိုင်)၀၂၇၆၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၃၀၆၀၃ Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်ဝင်း ၉/မတရ(နိုင်)၀၁၈၃၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၈၃၀၅၇ yamaha TTX 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော်ထွန်း ၉/တတဉ(နိုင်)၀၉၄၁၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၂၀၆၊ မြေကွက်တည်နေရာအမှတ် ၂၀၆၊ (၆၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဦးတင်ယု ISN-052851-ဒေါ်မြင့်မြင့်ရီ ၁၂/ဗဟန(နိုင်)၀၄၈၀၃၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးခင်ပွန်း ဦးတင်ယု(ကွယ်လွန်)သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၆၁၅၀/၁၆ (၁၅-၁၁-၁၆) ဖြင့်ပိုင်ဆိုင်သူ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူဇနီး ဒေါ်မြင့်မြင့်ရီ ၁၂/ဗဟန(နိုင်)၀၄၈၀၃၆ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၃၂၆ (၁၁-၁၁-၁၆)ဖြင့်ရရှိသူ ဦးဇော်နိုင်ယု ၁၂/ဗဟန(နိုင်)၀၄၆၉၂၆ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ပုဇွန်တောင်တရားရုံးကျမ်းကိုန်လွှာ ၆၆၅/၁၆-၁-၂၀၁၇ ပိုင်ဆိုင်ကြောင်းစာချုပ်ဖြင့်ရရှိသူ ဒေါ်မြင့်မြင့်ရီမှ ဂရန်ပျောက်ဆုံးကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းမရှိကြောင်း၊ ပုဇွန်တောင်တရားရုံးကျမ်းကိုန်လွှာ (၃၅၉၆/၃-၃-၁၇) မြို့နယ်ရဲစခန်း ထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၆၃၅၀/၂၀၁၆၊ ဦးတင်ယု၏ သေစာရင်းတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၅-၇-၂၀၁၆ ဦးနိုင်လင်းအောင်၏ ဝင်စာအမှတ် ၉၇၅၄ ဖြင့် ကန့်ကွက်ထားခြင်းမှာ စရန်ပေးစာချုပ်ဖြင့် ဂရန်မူရင်း၊ တင်ပြထားခြင်းမရှိဘဲ ကန့်ကွက်ထားခြင်းဖြစ်ပါသဖြင့် ဌာနမှ ကွင်းဆင်းစစ်ဆေးရာတွင် သွပ်မိုး၊ ထရံကာ၊ အဆောက်အအုံတစ်လုံးရှိပြီး ဦးအောင်မင်းမိသားစုအား ခြံစောင့်ထားရှိခြင်းအား ဝန်ခံကတိတင်ပြထားပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မြင့်မြင့်ရီ၏ GP ဦးဇော်နိုင်ယုမှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈/၈၉၃၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/9219 Toyota Probox NCP 51 ယာဉ်လက်ဝယ်ရှိသူ Brother Land Trading Co.,Ltd မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး ပုသိမ်မြို့**

## လင်မယားကွာရှင်းပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ မမိုးမိုးသန်း ၁၁/ကတန(နိုင်)၀၀၅၆၃၂ နှင့် ဦးစံသိန်း-ဒေါ်တင်ရီတို့၏သား ကိုဇော်ဇော်(ခ)ဇော်နိုင်မိုး ၁၄/မမက(နိုင်)၁၄၁၀၉၇ တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်သဖြင့် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ကိုဇော်နိုင်မိုးနှင့်ပတ်သက်သောကိစ္စအဝဝမှာ ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မမိုးမိုးသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းခိုင် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၃၇/ဒုထပ်၊ ကျွန်းတောလမ်း၊ ကျွန်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉-၅၁၈၇၃၇၂**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/2415 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၆၅၄၂၉ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Amazing New Sky Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀/၃၃၅၉ Toyota Caldina AZT241 S/W ယာဉ်လက်ဝယ်ရှိသူ ဦးသက်ကြည်စိုး ၁၂/လမန(နိုင်)၁၃၁၅၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/4017 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁၀)၊ ဦးပိုင်အမှတ် ၁၉၊ ၆၃×၆၄ လမ်းကြား၊ ပျူစောထီး×ကျန်စစ်သားလမ်းကြားရှိ ဦးကျော်မြအမည်ပေါက်ဂရန်မြေကွက်အား (ဖခင်)ဦးဘသော်-(မိခင်)ဒေါ်အေး၊ (သား)ဦးကျော်မြ(လူပျိုကြီးဘဝ)၊ သားဖြစ်သူ ဦးစိန်ရနှင့် ချွေးမဖြစ်သူ ဒေါ်စိန်စိန်အေးတို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော (တူ/သား)ဖြစ်သူ ဦးသော်ဇင်လင်း ၅/စကန(နိုင်)၁၇၄၀၆၃ မှ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကိုန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

ရှမ်းပြည်နယ်၊ အေးသာယာမြို့၊ မြေတိုင်းအခေါ် အကွက်အမှတ် ၂၉၊ အကွက်အမည် (ကံကြီးကွင်း)၊ ဦးပိုင်အမှတ် ၅၆၊ ဧရိယာ ၀ ဒသမ ၁၃၀ ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၈၂၃/၁၉၉၂၊ နှစ် ၃၀ ဦးထွန်းမြတ်ထွေး အမည်ပေါက်ပိုင်ဆိုင်သည့် အိမ်မြေဥပစာအား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူလက်ဝယ်ထားရှိပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေက သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပြုလုပ်လိုပါသဖြင့် ဦးထွန်းမြတ်ထွေး ကိုယ်တိုင်သော်လည်းကောင်း၊ အမွေစားအမွေခံသော်လည်းကောင်း၊ ကိုယ်စားလှယ်သော်လည်းကောင်း လာရောက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးပါရန်နှင့် အိမ်မြေဥပစာနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား တရားဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းထွန်းရှိန် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၉၅)**
**အမှတ် ၄၀၈၊ အရှေ့မြို့ပတ်လမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ ကန်ကြီးရပ်နေ ဒေါ်ကွန်သွယ် ၁၀/မဒန(နိုင်)၀၆၃၉၃၉ က ၄င်း၏သမီးဖြစ်သူ မကြည်အောင်သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်၏ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်သည့်အပြင် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၄င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကွန်သွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာထွေး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၉)**
**အမှတ် ၄၅၊ ဗညားဒလ ၃ လမ်း၊ မြို့မ (၄)ရပ်ကွက်၊ မုဒုံမြို့**

# 1000 သိန်းခန့်ရှိရုံဖြင့်

ပြည်လမ်းမမှ ခြေလှမ်း (၄၀၀) ခန့်သာ ကွာပြီး
မြေ (၂) ကေ ပေါ်ဆောက်ထားသော
စမ်းချောင်းလမ်းပေါ်ရှိ အဆင့်မြင့်ကွန်ဒိုကြီး
1056 Sq-ft Car Parking ပါ
1MBR, 1BR ကို ဝယ်နေနိုင်ပြီ

## 80%
ဆောက်ပြီး
Nov 2018
Key အပ်



2020 ခုနှစ်တွင် သိန်း 2700 ဖြစ်မည့်ကွန်ဒိုကို သိန်း 2000 ခန့်ဖြင့် ရောင်းမည်

## သိန်း 2700 မဖြစ်လျှင် ငွေပြန်အမ်းမည်

1000 သိန်းကို (၁၀) လပေးပြီးလျှင် သော့အပ်မည်

ကျန် 1000 သိန်းကို (၁၅) နှစ် Home Loan ဖြင့် ငွေချေနိုင်သည်

(၂) ရက်တည်းသာ ရောင်းမည် 17, 18 Feb 2018 နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ

၁၀၄၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်တွင် ရောင်းချသွားမည်ဖြစ်ပါသည် 01-2304833 09-31939999

# တရားမဝင်တင်သွင်းလာသော အသား၊ ငါး၊ ပုစွန်များကို သက်ဆိုင်ရာဌာနများပူးပေါင်းပြီး တားဆီးအရေးယူလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**သွင်းကုန်လိုင်စင်ထုတ်ပေး**


အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ စောယှားဖောင်အွာ၏ **ကရင်ပြည်နယ် မြဝတီမြို့နယ် မြဝတီနယ်စပ် ကုန်သွယ်ရေးစခန်း၊ နယ်စပ်ဝင်ပေါက်ဂိတ်များမှတစ်ဆင့် တင်သွင်းလာသော အေးခဲအသားများ၊ ငါး၊ ပုစွန်များကို နိုင်ငံတော်မှ တရားဝင်ခွင့်ပြုချက် လိုင်စင် (ပါမစ်) ထုတ်ပေးထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အေးခဲအသားများ ပြည်ပမှ တင်သွင်းခွင့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ထောက်ခံချက်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) ထောက်ခံချက်တို့ဖြင့် လည်းကောင်း၊ ငါး၊ ပုစွန်များ ပြည်ပမှ တင်သွင်းခွင့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ထောက်ခံချက်ဖြင့် လည်းကောင်း စိစစ်၍ သွင်းကုန်လိုင်စင် ထုတ်ပေးလျက်ရှိပါကြောင်း။




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပစဉ်။ သတင်းစဉ်

အေးခဲအသားများအား လိုင်စင်ခွင့်ပြုချက် လျှောက်ထားရရှိပြီးနောက် တင်သွင်းလာမည်ဆိုပါက ကုန်သွယ်ရေးဇုန်(OSS)တွင် ရှိသော မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက နမူနာထုတ်ယူ၍ အင်းစိန်၊ စော်ဘွားကြီးကုန်း(ရန်ကုန်)ရှိ ဌာန ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးပြီး အများပြည်သူစားသုံးရန် သင့်ကြောင်း အဖြေရရှိမှသာ ဖြန့်ဖြူး ရောင်းချခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် တင်သွင်းလာသည့် ရေထွက်ပစ္စည်းများသည် မြန်မာနိုင်ငံတွင် မွေးမြူထုတ်လုပ်သည့် ငါး၊ ပုစွန် (ဥပမာ- ငါးမြစ်ချင်း၊ ငါးကြင်း၊ ပုစွန်ဖြူ)စသည်များ ဖြစ်ပါက ပြည်တွင်း ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို ထိခိုက်နိုင်သဖြင့် တင်သွင်းခွင့်ပြုပေးထားခြင်း မရှိပါကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁*



**ဂင်းနက်စ်မှတ်တမ်းဝင် မြန်မာနိုင်ငံမြေပုံ**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်က မကွေးမြို့ရှိ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ ပုံဖော်ခဲ့သည့် အရွယ်အစားအကြီးဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင် မြန်မာနိုင်ငံ မြေပုံကို တွေ့ရစဉ်။ သတင်း၊ စာ-၄

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ဥပဒေ စာမျက်နှာ ❖ ၅

## ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို တံခါးပိတ်မထားပါဘူး၊ နောက်ထပ်လက်မှတ်ရေးထိုးမယ့် အဖွဲ့တွေလည်း ရှိပါတယ်

တွေ့ဆုံမေးမြန်း စာမျက်နှာ ❖ ၈

## ကာဂျစ္စတန်-မြန်မာ အာရှဖလားခြေစစ်ပွဲ ပြန်ကန်ပွဲကို တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

၂၀၁၉ အာရှဖလားပြိုင်ပွဲ တတိယအဆင့်ခြေစစ်ပွဲမှ ကာဂျစ္စတန်အသင်းနှင့် မြန်မာအသင်း၏ ပြန်ကန်ပွဲကို တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပရန် အာရှဘောလုံးအဖွဲ့ချုပ်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

ယင်းပွဲမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း လုံခြုံရေးအကြောင်းပြချက်ဖြင့် ရွှေ့ဆိုင်းခဲ့ရသည်။ မတ် ၂၂ ရက်တွင် ပြန်လည်ကစားရန် အာရှဘောလုံးအဖွဲ့ချုပ်က ဆုံးဖြတ်ခဲ့သော်လည်း ကျင်းပမည့်နေရာကို ဖေဖော်ဝါရီ ၁၂ ရက်မှ ထပ်မံအတည်ပြုခဲ့ခြင်းဖြစ်သည်။ ကစားမည့်နေရာကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ကာဂျစ္စတန်ဘောလုံးအဖွဲ့ချုပ်တို့ ပြန်လည်ညှိနှိုင်းရန် အာရှဘောလုံး အဖွဲ့ချုပ်က ကနဦးဆုံးဖြတ်ပေးခဲ့သော်လည်း ညှိနှိုင်းမှုအဆင်မပြေသောကြောင့် ကြားနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံ အင်ချွမ်မြို့၌ ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် အောက်တိုဘာလက ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာအသင်းနှင့်

*စာမျက်နှာ ၇ ကော်လံ ၄*



မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်း အာရှဖလားခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့စဉ်။ ဓာတ်ပုံ-စိုးညွန့်